မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ခန္ဓာငါးပါးကို မပြတ်ရှုမြင်

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာ ပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ် (ဓမ္မပဒ - ၁၁၃)

၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၂၉ ရက်၊ စနေနေ့ | အတွဲ (၅၉)၊ အမှတ် (၁၅၂)

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို ဗုဒ္ဓဂါယာ မဟာဗောဓိစေတီတော်မြတ်ကြီးတွင် ထားရှိအပူဇော်ခံရန် ကြေးသွန်းဗုဒ္ဓရုပ်ဟားတော်မြတ်အား ပေးအပ်လှူဒါန်းပြီး သတ္တသတ္တာဟ (၇)ဌာနအား လှည့်လည်ဖူးမြော်ကြည်ညိုပြု

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ မဟာဗောဓိရုပ်ဟားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး သတ္တသတ္တာဟ (၇)ဌာနကို လှည့်လည်ဖူးမြော်ကြည်ညိုကြစဉ်။ သတင်းစဉ်

ဂယာ ဖေဖော်ဝါရီ ၂၈

အိန္ဒိယသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့သည် ယနေ့တွင် အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် ဂယာမြို့ရှိ ဗုဒ္ဓဂါယာ မဟာဗောဓိစေတီတော်တွင် ထားရှိအပူဇော်ခံရန် ဥာဏ်တော် ၃၆ လက်မ အမြင့်ဆောင်သည့် ကြေးသွန်းဗုဒ္ဓရုပ်ဟားတော်မြတ်အား ပေးအပ်လှူဒါန်းပြီး သတ္တသတ္တာဟ (၇)ဌာနအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန်

စာမျက်နှာ ၃ ကော်လံ ၁ ❍

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်၏ အကြီးအကဲ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ လာရောက်တွေ့ဆုံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာရှပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်မှ First Vice Chairman Mr. Hiroshi Shimada အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်၏ အကြီးအကဲ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အာရှပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်မှ First Vice Chairman Mr. Hiroshi Shimada နှင့် အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ ကင်းထောက်အကြီးအကဲ အား အာရှပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်၏ အာရှပစိဖိတ်ဒေသအတွင်း လူငယ်များအတွက် စခန်းသွင်းလေ့ကျင့်ပေးမှုများ၊ ကင်းထောက်လုပ်ငန်းစဉ်ရှင်သန်ဖွံ့ဖြိုးရေး

စာမျက်နှာ ၆ ကော်လံ ၁ ❑

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး၏ အစီရင်ခံတင်ပြချက် အပေါ် မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်းက တုံ့ပြန်ပြောကြား

စာမျက်နှာ - ၆

မင်းသားဟယ်ရီတို့ဇနီးမောင်နှံ၏ လုံခြုံရေးကုန်ကျစရိတ်ကို ထပ်မံပေးတော့မည်မဟုတ်ကြောင်း ကနေဒါပြောကြား

စာမျက်နှာ - ၁၄

စေတနာဆေး မေတ္တာဆေး သစ္စာဆေး ...

ထွန်းရှော်ဝါ တိုင်းရင်းဆေးက ဆေးစွမ်းထက်ပါသည်။

မြန်မာ့အလင်း

သတင်းများနဲ့ ကမ္ဘာ

သတင်းနှင့် အချက်အလက်ဆိုင်ရာ မဟာအဝေးပြေးလမ်းမကြီးပေါ်၌ နှစ်ဆယ်ရာစုအကုန်မှစတင်ကာ ကမ္ဘာ့နိုင်ငံအသီးသီးမှ ယာဉ်အမျိုးမျိုးသည် အားထုတ်မှုအဖုံဖုံဖြင့် အရှိန်မြှင့်မောင်းနှင်လာကြသည်မှာ အပြိုင်းအရိုင်းဖြစ်၏။ အပြိုင်အဆိုင်လည်း ဖြစ်၏။

သတင်းနှင့် အချက်အလက် မည်မျှလောက် စုံစုံလင်လင်ရရှိနိုင်သလဲဆိုသည့်အပေါ်တွင် မူတည်ကာ နိုင်ငံရေးအောင်မြင်မှုသည်လည်းကောင်း၊ စီးပွားရေးတွင် ထိပ်တန်းရောက်လာနိုင်မှုသည်လည်းကောင်း စောင့်ကြိုနေလေ့ရှိ၏။ ထို့ကြောင့်ပင် သတင်းနှင့် အချက်အလက်ဆိုင်ရာတို့၏ အခန်းကဏ္ဍမှာ မြင့်တက်လာနေသည်ဖြစ်ရာ သတင်းလွတ်လပ်ခွင့်၊ သတင်းနှင့် အချက်အလက်များကို လွယ်ကူစွာရရှိခွင့် စသည့်အခွင့်အရေးတို့ကို ယနေ့ခေတ် လူမှုအဖွဲ့အစည်းတွင် ဦးစားပေးပြောဆိုနေကြရခြင်း ဖြစ်ပေသည်။

ပို၍သိသူ၊ ပို၍ ရှေ့တန်းရောက်သည့်အားလျော်စွာ ပို၍ သိအောင်ကြိုးစားလာကြသကဲ့သို့ ပို၍ဦးစွာသိအောင်လည်း အားထုတ်လာကြသည်။ ထို့နည်းတူစွာ သတင်းဌာနတို့ကလည်း သူများထက် ပို၍ဦးအောင်၊ သူများထက်ပို၍ သတင်းနှင့်အချက်အလက် စုံလင်အောင် သတင်းထုတ်ပြန်နိုင်ရန်၊ သတင်းဖြန့်ချိနိုင်ရန် အပြိုင်အဆိုင် ကြိုးပမ်းကြလေသည်။

တစ်ပြိုင်နက်တည်းတွင် သတင်းနှင့် အချက်အလက်ဆိုင်ရာ နည်းပညာတို့ကလည်း အရှိန်အဟုန်ပြင်းစွာ၊ လျင်မြန်စွာ ထွန်းကားတိုးတက်လာနေသည်ဖြစ်ရာ သတင်းနှင့် အချက်အလက် ကမ္ဘာကြီးမှာ အလျှံတည်းညီးဖြစ်နေပေသည်။

ယင်းကဲ့သို့ သတင်းနှင့် အချက်အလက်တို့၏ အခန်းကဏ္ဍ မြင့်မားလာသည်နှင့်အမျှ သတင်းနှင့်အချက်အလက် အတုအယောင်များ၊ လုပ်ကြံသတင်းနှင့် မဟုတ်မမှန်အချက်အလက် ထုတ်ပြန်မှုများ၊ ဖြန့်ချိမှုများကလည်း တွဲလျက် ထွန်းကားလာသည်ကို သတိပြုမိပါသည်။ သတင်းနှင့်အချက်အလက်တို့က ကမ္ဘာတစ်ခုလုံးအတွက် အလွန်အရေးကြီးနိုင်သည့်အချိန်တွင် သတင်းတု၊ သတင်းယောင်နှင့် လုပ်ကြံသတင်းတို့သည် ကမ္ဘာကြီးကို မည်မျှလောက် အန္တရာယ်ပေးနိုင်သည်ဆိုခြင်းကို တွေးကြည့်ရုံမျှဖြင့် သိနိုင်လောက်ပါသည်။

သတင်းတု၊ သတင်းယောင်၊ လုပ်ကြံသတင်းဟူသည်မှာ မူလကပင် မဟုတ်မမှန်သည့် စိတ်သဘောထားဆိုးဖြင့် ဖန်တီးလာသည်ဟုဆိုနိုင်ပါသည်။ အချို့က အဖြစ်အပျက်တစ်ခုကို လူအများ စိတ်ဝင်စားသည်ဆိုလျှင် သတင်းအတု ဖန်တီးထုတ်လွှတ်လိုက်ခြင်းဖြင့် အများစုကို ဆွဲဆောင်လိုကြသည်။ လိမ်လည်လှည့်ဖြားခြင်းတစ်မျိုးပင်။ အချို့က တစ်စုံတစ်ဦးကို ထိခိုက်နစ်နာစေပြီး တစ်စုံတစ်ဦးကို အကျိုးရလဒ်ရှိစေရန် ရည်ရွယ်၍ လုပ်ကြံသတင်းဖန်တီးကြလေ၏။ မဟုတ်မမှန်မှုကို မကောင်းသောစိတ်ထားဖြင့် ရည်ရွယ်ချက်ရှိရှိ ဖန်တီး၏။ ယင်းသတင်းကို ဖတ်ရှုကြားသိရသူတို့က မှန်၏၊ မမှန်၏၊ မဆင်ခြင်နိုင်၊ မတွေးတောနိုင်ဘဲ ထပ်မံဖြန့်ဝေကြသည်လည်းရှိ၏။ တချို့ကမူ မူလရည်ရွယ်သည့် မကောင်းမှုကို မကောင်းစိတ်ဖြင့် တမင်တကာပင် ဆက်လက်ဖြန့်ဝေကြပြန်၏။

ဤသို့သော မကောင်းမှုသံသရာတွင် မပါဝင်ရေးမှာ သတင်းရေးသူ၊ သတင်းဖြန့်ချိသူ၊ သတင်းဖတ်သူအားလုံးတို့ သတိပြုကြရန် လိုပါမည်။ သတင်းသမားတစ်ဦးက သတင်းပေးပို့ပြီ သို့မဟုတ် သတင်းဖြန့်ချိတော့ မည်ဆိုသည်နှင့် သတင်းကျင့်ဝတ်စည်းကမ်းတို့ကို နားလည်ဖို့လိုပါမည်။ သတင်းမှန်ကို သိအောင်ကြိုးစားပြီးမှ သတင်းကို ပေးပို့ခြင်း၊ သတင်းတွင် အချက်အလက်မှန်များကိုသာ ထည့်သွင်းရေးသားခြင်း၊ အဂတိကင်းရှင်းခြင်းတို့ လိုအပ်ပါမည်။ အချက်အလက်မှားယွင်းသည်ကို သိသည်နှင့် ချက်ချင်းဆိုသလို အမှားပြင်ဆင်ချက်ကို ထုတ်ပြန်ရန်လည်း လိုအပ်ပါမည်။

သတင်းဖတ်ရှုသူများ သတင်းဖတ်ရှုပြီး ဆက်လက်ဖြန့်ဝေကြမည့်သူများကလည်း သတင်းတစ်ခုကို မူလသတင်းရင်းမြစ်၏ ခိုင်မာမှု မည်မျှရှိသည်ကိုလည်းကောင်း၊ သတင်းကို ခေါင်းစဉ်မျှသာမဟုတ်ဘဲ အတွင်းသတင်း အစအဆုံးဖတ်ရှုပြီးမှ ကောက်ချက်ချခြင်းကိုလည်းကောင်း၊ မည်သူကရေးသည် မည်သည့်ဘက်ကို ဧောင်းပေးရေးခြင်းဖြစ်သည်ကို စောကြော၍ ဖတ်ရှုခြင်းသည်လည်းကောင်း၊ သတင်းဖြစ်ပွားသည့် ကာလနှင့် ထုတ်ပြန်သည့် ကာလကို အသေအချာလေ့လာ၍လည်းကောင်း၊ အချို့သော ပညာရပ်ဆိုင်ရာများတွင် နားလည်ကျွမ်းကျင်သူ၏ အယူအဆကို မေးမြန်း၍လည်းကောင်း သတင်းတစ်ခု၏ တန်ဖိုးကို အကဲဖြတ်နိုင်ပါမည်။

မှန်ကန်သော သတင်းနှင့်အချက်အလက်တို့ကသာ မိမိကိုယ်တိုင် အတွက်ဖြစ်စေ၊ အများပြည်သူအတွက်ဖြစ်စေ၊ လူ့လောက အတွက်ဖြစ်စေ တန်ဖိုးရှိမည်၊ ကောင်းကျိုးပြုမည်ဆိုသည်ကို သတိပြုနိုင်ပါရန် နှိုးဆော်လိုက်ရပါကြောင်း။ ။

၂၀၂၀ ပြည်နှစ်၊ (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

(၃၄)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို နေပြည်တော်တွင် ပြောင်းလဲကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

(၃၄)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို နေပြည်တော်၊ ဥပွါတသန္တိစေတီတော် သာသနာ့မဟာဗိမာန်တော်ကြီး၌ ၂၀၂၀ ပြည့်နှစ် မတ် ၁၁ ရက် မွန်းတည့် ၁၂ နာရီတွင် ကျင်းပဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မဟာအတုလဝေယံ(အတုမရှိ) ကျောင်းတော်ကြီး၌ ဖေဖော်ဝါရီ ၇ ရက်တွင် ကျင်းပမည့် (၃၄)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ မေတ္တာရပ်ခံချက်အရ ရက်ရှေ့ဆိုင်းခဲ့ပြီး ကျင်းပမည့်ရက်ကို သာသနာရေးဦးစီးဌာနက ပြန်လည်ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

ယခုအခါ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က မဟာဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပရေးနှင့်ပတ်သက်၍ ဖေဖော်ဝါရီ ၂၂ ရက်တွင် ကျင်းပသော အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ဒုတိယအဖွဲ့ခွဲ၏ ဒုတိယအကြိမ် စတုတ္ထအထူးအစည်းအဝေးက "သာသနာရေး ဦးစီးဌာနက ကျင်းပမည့် (၃၄)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို အထူးကိစ္စတစ်ရပ်အနေဖြင့် နေပြည်တော်၌ ၂၀၂၀ ပြည့်နှစ် မတ် ၁၀ ရက်မှ ၁၂ ရက်အတွင်း သင့်လျော်သောရက် တစ်ရက်ရက်၌ ကျင်းပဆောင်ရွက်သွားရန်" ဟု ဆုံးဖြတ်ခဲ့သည်။

ယင်းကဲ့သို့ ဆုံးဖြတ်ချက်အရ (၃၄)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို နေပြည်တော်၊ ဥပွါတသန္တိစေတီတော်၊ သာသနာ့မဟာဗိမာန်တော်ကြီး၌ ၂၀၂၀ ပြည့်နှစ် မတ် ၁၁ ရက် မွန်းတည့် ၁၂ နာရီတွင် ကျင်းပဆောင်ရွက်သွားရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အတည်ပြုခဲ့သည်။

သို့ဖြစ်ပါ၍ (၃၄)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားသို့ အချိန်မီကြွရောက်ရန် သက်ဆိုင်ရာ စာအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များကို ပင့်စာများကို ဆက်သပ်ပေးပို့မည်ဖြစ်ပြီး ပင့်စာများကို အချိန်မီ မရရှိပါကလည်း ကြွရောက်တော်မူပါရန်နှင့် မတ် ၁၀ ရက် နံနက် ၈ နာရီမှ ညနေ ၆ နာရီအတွင်း နေပြည်တော် ဥပွါတသန္တိစေတီတော်ကြီး၏ ရင်ပြင်တော် အရှေ့တောင်ထောင့်ရှိ ဓမ္မာရုံသို့ ဆက်သွယ်သတင်းပေးပို့ကြရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

လေပြင်းဘေးကြိုတင်ပြင်ဆင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

လေပြင်းဘေးကြောင့် ပြည်သူလူထု အသက်၊ အိုးအိမ်စည်းစိမ်များ ထိခိုက်ဆုံးရှုံးမှုလျော့နည်းရေး အလေးထားဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

မြန်မာနိုင်ငံတွင် နှစ်စဉ် ဖေဖော်ဝါရီလ လယ်မှ မေလလယ်ခန့်အထိ လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်လေ့ရှိရာ လေပြင်းဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းသက်သာစေရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ယာပုံ)**

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာနိုင်ငံ၌ နှစ်စဉ် လေပြင်းတိုက်ခတ်မှုများကြောင့် အိုးအိမ်အဆောက်အဦများ ပျက်စီးဆုံးရှုံးမှုများရှိနေကြောင်း၊ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင် တစ်နှစ်လျှင် ပျမ်းမျှနေအိမ်ပေါင်း ၄၃၀၀၀ ကျော် အမိုးအကာများ ပျက်စီးခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ လေပြင်းဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းနှင့် အားဖြည့်ပြင်ဆင်ပေးခြင်းတို့ကို ၂၀၁၆ ခုနှစ်မှစ၍ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် လေပြင်းဘေးဖြစ်ပွားမှု များပြားသည့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့သည့်အတွက် ၂၀၁၉ ခုနှစ်တွင် နေအိမ်ပေါင်း ၃၇၀၀၀ ကျော် ပျက်စီးမှု တဖြည်းဖြည်းလျော့နည်းခဲ့ပါကြောင်း။

ယခုနှစ်တွင် ယခင်ကာလများထက် ပျက်စီးမှုလျော့နည်းစေရန် လေပြင်းဘေး ကြိုတင်ဆောင်ရွက်မှုများကို မန္တလေး၊ မကွေး၊ စစ်ကိုင်း၊ ဧရာဝတီ၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးများ၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ ဆန်းပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိ ဆောင်ရွက်နေမှုများကို ယခင်နှစ် အတွေ့အကြုံများ အပေါ် မူတည်၍ လိုအပ်ချက် များကို တင်ပြကြရန်နှင့် လေပြင်းဘေးကြောင့် ပြည်သူလူထု၏ အသက်၊ အိုးအိမ်စည်းစိမ်များ ထိခိုက်ဆုံးရှုံးမှုလျော့နည်းစေရေးကို အလေးအနက်ထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုးအောင်က လေပြင်းဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာများကို ဖြည့်စွက်ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက လုပ်ငန်းဆောင်ရွက်မှုအပေါ် အကြံပြုဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

သတင်းစဉ်

နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ နေပြည်တော်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဧလ**

❍ *ရှေ့ဖုံးမှ*

နံနက် ၈ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် နယူးဒေလီမြို့မှ ထွက်ခွာကြရာ အိန္ဒိယနိုင်ငံ အစားအသောက်ထုတ်လုပ်ရေး စက်မှုလုပ်ငန်းဆိုင်ရာ ဒုတိယဝန်ကြီး ရှရီ ရာမစ်ရ်ဝါ တီလီ၊ မြန်မာစစ်သံမှူး ဗိုလ်မှူးချုပ် သိန်းဇော်နှင့် ဇနီး၊ မြန်မာသံရုံးနှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ဂယာမြို့သို့ရောက်ရှိကြရာ မြန်မာကောင်စစ်ဝန်ချုပ်ဦးမြင့်စိုးနှင့် ဇနီး၊ ကောင်စစ်ဝန်ချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဂယာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Mahabodhi ဟိုတယ်သို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့သည် အဖွဲ့ဝင်များနှင့်အတူ မဟာဗောဓိစေတီတော်သို့သွားရောက်၍ မဟာဗောဓိရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေကြာသက်နီးတော်တို့ကို ဆက်ကပ်လှူဒါန်းပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့သည် အဖွဲ့ဝင်များနှင့်အတူ ဂယာမြို့ မဟာဗောဓိစေတီတော်အနီးရှိ ဗုဒ္ဓဂါယာ မဟာဗောဓိပင်နှင့် ရွှေပလွင်တော်၌ ထားရှိအပူဇော်ခံရန် ဥဏှတော် ၃၆ လက်မ အမြင့်ဆောင်သည့် ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်မြတ် ပေးအပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်မြတ် ပေးအပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃဝန်ဆောင်၊ ပရဒေသီ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဗုဒ္ဓဂါယာ မြန်မာကျောင်းဆရာတော် ဘဒ္ဒန္တ ဥာဏာဘိနန္ဒ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးညီပု၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမိုးကျော်အောင်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ)ကူမား၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးမြင့်စိုးနှင့် ဇနီး၊ ကောင်စစ်ဝန်ချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့က ဗုဒ္ဓဂါယာ မဟာဗောဓိစေတီတော်မြတ်ကြီးတွင် ထားရှိအပူဇော်ခံရန် ဥဏှတော် ၃၆ လက်မ အမြင့်ဆောင်သည့် ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်မြတ်ကို ပေးအပ်လှူဒါန်းရာ B.T.M.C ဆရာတော် ဦးစာရိန္ဒ(အိန္ဒိယ)က လက်ခံရယူသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဇနီး ဒေါ်ချိုချိုနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ ဂျပန်ဘုရားတွင် မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ထို့နောက် နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် ဆရာတော်၊ ပရဒေသီ သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဗုဒ္ဓဂါယာ မြန်မာကျောင်းဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော်များက ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဂျမ်းဂန်တော်လာ ထုံးတမ်းစဉ်လာများနှင့်အညီ ဗုဒ္ဓါဘိသေက အနေကဇောတင်၍ ဗုဒ္ဓါဘိသိက် သွန်းတော်မူကြသည်။

လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်း

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဗုဒ္ဓဂါယာ မြန်မာကျောင်း တိုက်အုပ် ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ တေဇိန္ဒထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် မဟာဗောဓိပင်အား ရွှေဆိုင်းများ ဆက်ကပ်လှူဒါန်းပြီး အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မဟာဗောဓိစေတီတော် အထက်ပစ္စယာရှိ ဘူမိဖသ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းနှင့် ရွှေကြာသက်နီးတို့ကို ဆက်ကပ်လှူဒါန်းပြီး သတ္တ သတ္တာဟ(၇)ဌာနကို လှည့်လည်ဖူးမြော်ကြည်ညိုကာ ဆဋ္ဌမသတ္တာဟ ဖြစ်သည့် မုဆွေလိန္ဒာ ရေကန်၌ ငါးစာကျွေးပြီး ဒါနပြုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ ဗုဒ္ဓဓာတ်ပုံပြခန်းကို သွားရောက်ကြည့်ရှုလေ့လာပြီး Meditation Park ၌ ငြိမ်းချမ်းရေး ခေါင်းလောင်းထိုးကြသည်။

ထို့နောက် ဗုဒ္ဓဂါယာရှိ ဧည့်ခန်းမဆောင်သို့ရောက်ရှိရာ ဗုဒ္ဓဂါယာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဗုဒ္ဓဂါယာနှင့် သတ္တသတ္တာဟ(၇)ဌာန၏ နောက်ခံသမိုင်း အကျဉ်းနှင့် အဆိုပါ နေရာများအား ထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် သတ္တသတ္တာဟ(၇)ဌာန ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကြပြီး အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

တက်ရောက်ကြည်ညို

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့သည် ဗုဒ္ဓဂါယာ မြန်မာဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိကြပြီး မြန်မာကျောင်းပဓာနနာယက ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဥာဏာဘိနန္ဒ အမှူးပြုသော မဟာအောင်မြေကျောင်း၊ ရခိုင်မွန်ကျောင်း၊ ကမ္ဘောဇ ရှမ်းကျောင်း၊ မဟာဗောဓိမမ္မရိပ်သာကျောင်း၊ ရခိုင်ကျောင်းနှင့် ရာမညမွန်ကျောင်းစသည့် ဗုဒ္ဓဂါယာရှိ မြန်မာဘုန်းတော်ကြီးကျောင်း ၁၃ ကျောင်းတို့မှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး ပရိကၠရာ ရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များက နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်၊ ပရဒေသီ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဗုဒ္ဓဂါယာ မြန်မာကျောင်းဆရာတော်ကြီး ဘဒ္ဒန္တ ဥာဏာဘိနန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်သော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က အခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူသော ဗုဒ္ဓဂါယာ မြန်မာကျောင်းဆရာတော်ကြီး အမှူးပြုသော ဆရာတော်များအား နဝကမ္မ အလှူငွေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သူရဦးအောင်ကို၊ ဦးသန့်စင်မောင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့က ပရိကၠရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် ဧည့်ပရိသတ်များက ဗုဒ္ဓဂါယာ မြန်မာကျောင်း တိုက်အုပ်ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ တေဇိန္ဒထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် မင်းတုန်းမင်းကျောက်စာကို သွားရောက်လေ့လာကြည့်ရှုကြပြီး ဂျပန်ဘုရား (Daijokyo Buddhist Temple)သို့ သွားရောက်ဖူးမြော်၍ ပန်း၊ ရေချမ်း၊ ဆီမီးတို့ ကပ်လှူပူဇော်ကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဗုဒ္ဓဂါယာ မြန်မာကျောင်း တိုက်အုပ်ဆရာတော်နှင့် တာဝန်ရှိသူများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဂျပန်ဘုရားမှတာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Mahabodhi ဟိုတယ်သို့ ပြန်လည်ရောက်ရှိကြပြီး ညအိပ်ရပ်နားကြသည်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ မဟာဗောဓိရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ ဗုဒ္ဓဂါယာရှိ Meditation Park ၌ ငြိမ်းချမ်းရေး ခေါင်းလောင်း ထိုးကြစဉ်။ သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီ ရမ် နက်သ် ကိုဗင့်ဒ်နှင့် တွေ့ဆုံဆွေးနွေး

အိန္ဒိယသမ္မတက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်

နယူးဒေလီ ဖေဖော်ဝါရီ ၂၈

အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် ဖေဖော်ဝါရီ ၂၇ ရက် ညပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီ ရမ် နက်သ် ကိုဗင့်ဒ်နှင့် တွေ့ဆုံဆွေးနွေးပြီး အိန္ဒိယသမ္မတက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီ ရမ် နက်သ် ကိုဗင့်ဒ်တို့ တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီ ၂၇ ရက် ညပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ အိမ်တော်သို့ ရောက်ရှိရာ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီ ရမ် နက်သ် ကိုဗင့်ဒ်က ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီ ရမ် နက်သ် ကိုဗင့်ဒ်တို့သည် သမ္မတအိမ်တော် North Drawing Room ၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေး၊ စွမ်းအင်၊ ပေါင်းစည်းဆက်နွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး နယ်ပယ်များ အပါအဝင် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များ ဆက်လက်အကောင်အထည်ဖော်ဆောင်ရေးနှင့် နိုင်ငံတကာမျက်နှာစာများတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို အလေးပေးဆွေးနွေးခဲ့ကြသည်။

အမြင်ချင်းဖလှယ်ဆွေးနွေး

ထို့ပြင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များတွင် အိန္ဒိယနိုင်ငံမှ ဆက်လက်ထောက်ခံအားပေးရေး၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ လူမှု-စီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား သဘောတူညီချက်နှင့်အညီ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား စိစစ်၍ ပြန်လည်လက်ခံသွားရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးညီပု၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမိုးကျော်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့သည် အဖွဲ့ဝင်များနှင့်အတူ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီ ရမ် နက်သ် ကိုဗင့်ဒ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီ ရမ် နက်သ် ကိုဗင့်ဒ်တို့သည် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသည့် နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အပြန်အလှန်မိတ်ဆက်ပေးကြသည်။

မိန့်ခွန်းပြောကြား

ယင်းနောက် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီ ရမ် နက်သ် ကိုဗင့်ဒ်နှင့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်တို့က မိန့်ခွန်းပြောကြားကြသည်။

အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီ ရမ် နက်သ် ကိုဗင့်ဒ်က အဆွေတော် သမ္မတကြီး၏ အိန္ဒိယနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်သည့် နိုင်ငံတော်ခရီးစဉ်ကို မိမိအနေဖြင့် ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း၊ ယခုခရီးစဉ်သည် လူကြီးမင်းတို့၏ လုပသည့် မြန်မာပြည်သို့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် လာရောက်ခဲ့သော မိမိ၏နိုင်ငံတော်ခရီးစဉ် အပြီး တစ်နှစ်ကျော်အကြာကာလနှင့် မိမိတို့၏ အိန္ဒိယ အစိုးရသစ်ပြီးခဲ့သည့် မေလက ကျမ်းသစ္စာကျိန်ဆိုပွဲသို့ လူကြီးမင်း တက်ရောက်ချီးမြှင့်ခဲ့ပြီး တစ်နှစ်မပြည့်မီတွင် ဖြစ်ပေါ်လာသည့် ခရီးစဉ်ဖြစ်ပါကြောင်း။

မိမိတို့နှစ်နိုင်ငံသည် ရေ၊ မြေ နှစ်ခုစလုံး ဆက်စပ်နေသည့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့်အပြင် နှစ်နိုင်ငံ ရှည်လျားသည့် ယဉ်ကျေးမှုချင်း ရင်းနှီးနေသည့် နိုင်ငံများ ဖြစ်သည့်အတွက် မကြာခဏတွေ့ဆုံကြခြင်းမှာ သဘာဝကျပါကြောင်း။

ဘာသာစကားမှသည် အစားအစာ၊ အဝတ်အစားမှသည် ရိုးရာဓလေ့ စသည်ဖြင့် မိမိတို့ နှစ်နိုင်ငံ၏ ညီအစ်မ ယဉ်ကျေးမှုများသည် ကိုယ်ပိုင်ဟန်အတိုင်း ဖွံ့ဖြိုးတိုးတက်ခဲ့ကြရုံသာမက ဆက်လည်းဆက်စပ်နေကြပါကြောင်း၊ မြန်မာနိုင်ငံ၏ ဧရာဝတီမြစ်နှင့် အိန္ဒိယနိုင်ငံ ဂယာကို ဖြတ်သန်းစီးဆင်းသည့် ဖဲလ်ဂူးမြစ်တို့၏ မြင့်မြတ်သည့် ရေများသည် မိမိတို့နှစ်နိုင်ငံ၏ ကိုးကွယ်ယုံကြည်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ စိတ်ကူးစိတ်သန်းများ၏ အစိတ်အပိုင်းများအဖြစ် အစဉ်တည်ရှိလာခဲ့ကြပါကြောင်း၊ လူကြီးမင်းတို့ကို မိသားစုဝင်များကဲ့သို့ ကြိုဆိုဧည့်ဝတ်ပြုရသည့် အတွက် ဝမ်းမြောက်ဝမ်းသာရှိလှပါကြောင်း။

ဆက်လက်ထောက်ခံ

လူကြီးမင်းတို့ကို ယခုလို တွေ့ဆုံခွင့်ရခိုက် လူကြီးမင်းတို့နိုင်ငံ၏ ဒီမိုကရေစီနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ပိုမိုတိုးချဲ့ဖွံ့ဖြိုးနိုင်ရေးအတွက် အိန္ဒိယနိုင်ငံအနေဖြင့် အပြည့်အဝ ဆက်လက်ထောက်ခံကြောင်း ထပ်လောင်းပြောကြားလိုပါကြောင်း၊ အောင်မြင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှတစ်ဆင့် တည်ငြိမ်ညီညွတ်ပြီး ဖွံ့ဖြိုးသော မြန်မာနိုင်ငံ ဖြစ်လာရေးအတွက် အိန္ဒိယနိုင်ငံက ရပ်တည်ပေးလျက်ရှိပါကြောင်း။

ငြိမ်းချမ်းရေးသည် ခွဲခြား၍ မရနိုင်သည့်အတွက် လူကြီးမင်းတို့ တိုင်းပြည်၏ တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများ ဖြေရှင်းနိုင်မှုသည် နှစ်နိုင်ငံ ထိစပ်နေသည့် အိန္ဒိယနယ်စပ်တစ်လျှောက် အေးချမ်းတည်ငြိမ်ရေးကို လည်း ဖြစ်ထွန်းစေနိုင်ပါကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်ပြီး လူကြီးမင်းတို့ကို မိမိတို့၏ ဒီမိုကရေစီဖက်ဒရယ်မူဝါဒနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အတွေ့အကြုံများကို မျှဝေပြီး အကူအညီပေးရန် ဆန္ဒရှိပါကြောင်း။

ငြိမ်းချမ်းရေး ဖြစ်ထွန်းစေရမည်

ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးပိုမိုခိုင်မာစေရန်အတွက် ချမ်းသာကြွယ်ဝမှုကို ခွဲဝေမှုမှတစ်ဆင့် ငြိမ်းချမ်းရေးကို ဖြစ်ထွန်းစေရမည်ဖြစ်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံ အကြား လမ်းပန်းဆက်သွယ်ရေးသည် လမ်းများ တည်ဆောက်ခြင်း၊ ရေလမ်းများအသုံးပြုခြင်း၊ ဆိပ်ကမ်းများ အဆင့်မြှင့်တင်ခြင်း၊ နှစ်နိုင်ငံလေကြောင်းဝန်ဆောင်မှုများ တိုးချဲ့ခြင်းမှတစ်ဆင့် ပိုမိုကျယ်ပြန့်လာနေပြီဖြစ်ပါကြောင်း။

ရင်းနှီးမြှုပ်နှံဆောင်ရွက်

ငြိမ်းချမ်းရေးအတွက် နောက်ထပ်အရေးကြီးသည့် အချက်မှာ အရည်အသွေးပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က ပြည်သူများ အနေဖြင့် အခြေအနေများကို ၎င်းတို့ကိုယ်တိုင် ပြောင်းလဲနိုင်သည့် အင်အားရှိကြောင်းကို ပြည်သူများကိုယ်တိုင် သိနားလည်ခြင်းအတွက် အလေးထားသည်ဟု ပြောခဲ့ဖူးပါကြောင်း၊ ယင်းယုံကြည်ချက်အရ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံရှိ ပြည်သူများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရန် ရင်းနှီးမြှုပ်နှံဆောင်ရွက်နေပါကြောင်း။

မြန်မာများ၏ ကိုင်းကျွန်းမှ၊ ကျွန်းကိုင်းမှ ဆိုသည့် စကားပုံကို ကိုးကားပြီး ပြောလိုပါကြောင်း၊ ယင်းစကားပုံ အရ မိမိတို့၏ အကျိုးစီးပွားများသည် တစ်ခုကိုတစ်ခု အမှီသဟဲပြုနေကြပါကြောင်း၊ အဆိုပါပညာရှိ စကားပုံသည် နှစ်နိုင်ငံအနေဖြင့် အပြန်အလှန် အကျိုးစီးပွားဖက်များ အဖြစ် တည်ရှိနေကြသည်ကို ထင်ဟပ်စေပါကြောင်း။

လူကြီးမင်းတို့၏ ဗုဒ္ဓဂယာနှင့်မဟာဗောဓိညောင်ပင် ဘုရားဖူးခရီးစဉ်သည် မိမိတို့နှစ်နိုင်ငံ၏ ရာစုနှစ်ပေါင်းများစွာ ကြာမြင့်သည့် ဆက်ဆံရေးကို ကောင်းချီးပေးပါစေ၊ သမ္မတကြီး ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချိုနှင့်အဖွဲ့ဝင်များ အားလုံး သက်ရှည်ကျန်းမာကြပါစေ၊ မြန်မာပြည်သူများ အားလုံး ဖွံ့ဖြိုးတိုးတက်ပြီး ကြွယ်ဝချမ်းသာကြပါစေ၊ အိန္ဒိယနှင့် မြန်မာနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ထာဝရအခွန့်ရှည်တည်တံ့ပါစေဟု ပြောကြားသည်။

စာမျက်နှာ ၅ သို့

> **“မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များတွင် အိန္ဒိယနိုင်ငံမှ ဆက်လက်ထောက်ခံအားပေးရေး၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ လူမှု-စီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား သဘောတူညီချက်နှင့်အညီ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား စိစစ်၍ ပြန်လည်လက်ခံသွားရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့”**

စာမျက်နှာ ၄ မှ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မိမိနှင့်တကွ မြန်မာကိုယ်စားလှယ်အဖွဲ့အား အိန္ဒိယနိုင်ငံ၏ မြို့တော်ဖြစ်သည့် သာယာလှပသော သမိုင်းဝင်နယူးဒေလီမြို့သို့ စတင်ရောက်ရှိချိန်မှစ၍ နွေးထွေးယျေးဂှာစွာ ကြိုဆို ဧည့်ခံသည့်အတွက် အဆွေတော်၊ အိန္ဒိယအစိုးရနှင့် ပြည်သူများကို လှိုက်လှဲဝမ်းမြောက်စွာ ကျေးဇူးတင်ရှိပါကြောင်း မြန်မာကိုယ်စားလှယ်အဖွဲ့၏ကိုယ်စား ပြောကြားလိုပါကြောင်း။

သမိုင်းကြောင်းနောက်ခံတူညီ

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ နှစ်နိုင်ငံအကြားတွင် ရာစုနှစ်ပေါင်းများစွာ တည်ရှိခဲ့သည့် တူညီသော ယဉ်ကျေးမှုတန်ဖိုးများနှင့် ပြည်သူများအချင်းချင်းအကြား ခိုင်မြဲသည့် ဆက်ဆံရေးအပေါ် အခြေခံပြီး အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုနှင့် နီးကပ်သည့် ဆက်ဆံရေးရှိထားပါကြောင်း၊ ထို့ပြင် အိန္ဒိယနိုင်ငံ၏ မြင့်မြတ်သည့်အရပ်တွင် စတင်အခြေတည်ခဲ့သည့် ဗုဒ္ဓသာသနာတော်သည် မိမိတို့နှစ်နိုင်ငံကို စိတ်ပိုင်းဆိုင်ရာအရရော ယဉ်ကျေးမှုအရပါ တစ်သားတည်းရှိစေခဲ့ပြီး နှစ်နိုင်ငံပြည်သူများအကြား ထူးခြားသည့် ဆက်ဆံရေးအခြေခံကို ဖန်တီးပေးခဲ့ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် လွတ်လပ်ရေးပြန်လည်ရရှိရန်အတွက် ကာလကြာရှည်စွာ ကြိုးပမ်းခဲ့ကြသည့် သမိုင်းကြောင်းနောက်ခံမှာလည်း တူညီကြပါကြောင်း။

မိမိတို့ နှစ်နိုင်ငံအကြား အထူးကောင်းမွန်သည့် ဆက်ဆံရေးနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်မြင့်မားသည့်အခြေအနေသို့ ရောက်ရှိနေသည့် ယခုကဲ့သို့ အရေးကြီးသည့် အချိန်ကာလတွင် အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် လာရောက်ခွင့်ရရှိသည့်အတွက် အထူးပင် ဝမ်းမြောက်ကျေနပ်မိပါကြောင်း။

နှစ်နိုင်ငံဆက်ဆံရေး ပိုမိုနက်ရှိုင်းစေခဲ့

မကြာသေးမီနှစ်များအတွင်း နှစ်နိုင်ငံ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့များ မကြာခဏ အပြန်အလှန် သွားလာလည်ပတ်မှုများ ရှိခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ်တွင် အဆွေတော် အိန္ဒိယသမ္မတကြီး ရှရီ ရမ် နက်သ် ကိုဗင့်ဒ်နှင့် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာ မိုဒီတို့ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်များသည် နှစ်နိုင်ငံ ပြည်သူများ အကျိုးစီးပွားအတွက် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုနယ်ပယ်ကို ပိုမိုကျယ်ပြန့်လာစေပြီး နှစ်နိုင်ငံ ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းစေခဲ့ပါကြောင်း။

ယနေ့တွင် မိမိအနေဖြင့် အဆွေတော် အိန္ဒိယသမ္မတကြီး ရှရီ ရမ် နက်သ် ကိုဗင့်ဒ်၊ အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့နှင့် သီးခြားစီတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံပြည်သူများ အပြန်အလှန်လည်ပတ်သွားလာမှု၊ ပေါင်းစည်းဆက်နွယ်မှု၊ ယဉ်ကျေးမှုနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များ အပါအဝင် ကျယ်ပြန့်လှသည့် နှစ်နိုင်ငံဆက်ဆံရေးနှင့်ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာဖြင့် အနှစ်သာရရှိရှိ ဆွေးနွေးနိုင်ခဲ့သည့်အတွက် မိမိအနေဖြင့် အထူးပင်ဝမ်းမြောက်မိပါကြောင်း။

အကူအညီများကို အထူးတန်ဖိုးထား

ထို့ပြင် ယနေ့ နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာများနှင့် သဘောတူစာချုပ်များ လက်မှတ်ရေးထိုးလဲလှယ်ပွဲကို တက်ရောက်နိုင်ခဲ့သည့်အတွက်လည်း ဝမ်းမြောက်မိပါကြောင်း၊ ယနေ့ လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာများနှင့် သဘောတူညီမှုများသည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးတက်ကျယ်ပြန့်စေမည်ဖြစ်သည့်အပြင် မိမိတို့ နှစ်နိုင်ငံနှင့် ပြည်သူများ၏ ဘုံအကျိုးစီးပွားကို ဖြစ်ထွန်းစေမည်ဟု ယုံကြည်ပါကြောင်း၊ ပေါင်းစည်းဆက်နွယ်မှု၊ အခြေခံအဆောက်အဦ၊ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အပါအဝင် နှစ်နိုင်ငံအကျိုးတူ နယ်ပယ်များစွာ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံအတွက် ပံ့ပိုးပေးလျက်ရှိသည့် ဖွံ့ဖြိုးတိုးတက်ရေး အကူအညီများကို မိမိတို့ အထူးပင်တန်ဖိုးထားပါကြောင်း။

မိမိတို့၏ အတူတကွ အားထုတ်ကြိုးပမ်းဆောင်ရွက်မှုများ၊ နှစ်နိုင်ငံ ရှိရင်းစွဲချစ်ခင်ရင်းနှီးသည့် ဆက်ဆံရေးနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေသော ပူးပေါင်းဆောင်ရွက်မှုများသည် လာမည့်နှစ်များတွင် ဆက်လက်ရှင်သန်ထွန်းကားလာစေမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း။

အိန္ဒိယနိုင်ငံ၏ "အရှေ့နှင့်ထိတွေ့ဆက်ဆံရေးမူဝါဒ" နှင့် "အိမ်နီးချင်းဦးစားပေးမူဝါဒ" များနှင့် မြန်မာနိုင်ငံ၏ "လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ" များသည် မိမိတို့၏အတူတကွ ကြိုးပမ်းအားထုတ်မှုများကို ပိုမိုအားဖြည့်ပေးလျက်ရှိပါကြောင်း၊ အိန္ဒိယနိုင်ငံနှင့် အာဆီယံအဖွဲ့အကြား ပေါင်းစည်းဆက်နွယ်မှု ပိုမိုကောင်းမွန်လာအောင် ကြိုးပမ်းရာတွင် မိမိတို့နိုင်ငံ၏ မဟာဗျူဟာမြောက်သည့် ပထဝီဝင်အနေအထားအရ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံအတွက် အရှေ့တောင်အာရှကို ဝင်-ထွက် သွားလာနိုင်မည့် ဝင်ပေါက်အဖြစ် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း။



အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီ ရမ် နက်သ် ကိုဗင့်ဒ် ဂုဏ်ပြုညစာစားပွဲတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဂုဏ်ပြုညစာစားပွဲတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီ ရမ် နက်သ် ကိုဗင့်ဒ်က နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ဓာတ်ပုံမှတ်တမ်းအယ်လ်ဘမ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။ သတင်းစဉ်

မိမိတို့ အကောင်အထည်ဖော်လျက်ရှိသည့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးစီမံကိန်းနှင့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးပို့ဆောင်ရေးစီမံကိန်းကဲ့သို့သော အခြေခံအဆောက်အဦစီမံကိန်းများ ပြီးစီးခဲ့ပါက ဖွံ့ဖြိုးမှုနောက်ကျလျက်ရှိသည့် မြန်မာနိုင်ငံ၏ အနောက်မြောက်ပိုင်းဒေသနှင့် အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ပိုင်းဒေသတို့မှ ပြည်သူများအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်ပါကြောင်း၊ ယခုကဲ့သို့ အရေးကြီးသည့် အခြေခံအဆောက်အဦဆိုင်ရာ စီမံကိန်းများ ဆောလျင်စွာ ပြီးစီးအောင် အတူတကွ ဆောင်ရွက်ရန်အတွက် မိမိတို့ နှစ်နိုင်ငံ၏ ကတိကဝတ်များကို ထပ်လောင်းပြီး အတည်ပြုကြရမည် ဖြစ်ပါကြောင်း။

အလားအလာကောင်းများစွာရှိ

မိမိတို့နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို နှစ်နိုင်ငံဆက်ဆံရေးကဏ္ဍတွင် သာမက အာဆီယံ-အိန္ဒိယ မဟာဗျူဟာမြောက်သည့် မိတ်ဖက်ဆက်ဆံရေးမူဘောင် အောက်မှလည်း ပိုမိုမြှင့်တင်နိုင်မည့် အနေအထားနှင့် အပြုသဘောဆောင်သည့် ပံ့ပိုးကူညီမှုများ ပေးခြင်းသည် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာလာစေရန်အတွက် အရေးကြီးသည့် အချက်တစ်ရပ်ဖြစ်ပါကြောင်း၊ အခွင့်ကြုံခိုက် ဒေသဆိုင်ရာနှင့် နိုင်ငံတကာမျက်နှာစာတွင် အိန္ဒိယအစိုးရအနေဖြင့် မြန်မာနိုင်ငံအပေါ် တစိုက်မတ်မတ် ဆက်လက်ထောက်ခံပေးလျက်ရှိသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အာဆီယံ-အိန္ဒိယ မဟာဗျူဟာကျသည့် မိတ်ဖက်ဆက်ဆံရေး၊ ဘင်းမ်စတက်၊ ဂင်္ဂါ-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးနှင့် ကုလသမဂ္ဂ စသည့် ဒေသဆိုင်ရာနှင့် နိုင်ငံတကာမျက်နှာစာများတွင် အိန္ဒိယနိုင်ငံနှင့် ပိုမိုနီးကပ်စွာ ဆက်လက်ဆောင်ရွက်သွားရန် လိုလားပါကြောင်း ထပ်လောင်းအတည်ပြု ပြောကြားလိုပါကြောင်း။

မိမိအနေဖြင့် မြန်မာနိုင်ငံ၏ ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်း အိန္ဒိယနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုး တိုးတက်မှုများကို တွေ့မြင်နေရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း၊ အိန္ဒိယအစိုးရနှင့် ပြည်သူများ၏ မနားမနေ ကြိုးပမ်းအားထုတ်မှုများကြောင့် အိန္ဒိယနိုင်ငံ၏ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များသည် အိန္ဒိယနိုင်ငံကို တိုးတက်မှုများ ရရှိနေပြီး ကမ္ဘာ့အဆင့်မီ စီးပွားရေးအင်အားတစ်ရပ်အဖြစ် အသွင်ပြောင်းလဲစေနိုင်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အချိန်တိုအတွင်း အိန္ဒိယနိုင်ငံ၏ လူမှု-စီးပွားရေး အလျင်အမြန် တိုးတက်လာပြီး အိန္ဒိယ ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြှင့်တင်နိုင်သည့်အတွက် အားရမိပါကြောင်း၊ အနာဂတ်ကာလတွင်လည်း အိန္ဒိယ ခေါင်းဆောင်များ၏ ပြောင်မြောက်သည့် ဦးဆောင်မှုများနှင့် အိန္ဒိယပြည်သူများအနေဖြင့် ပိုမို တိုးတက်သာယာဝပြောမှုများကို ဆက်လက်ရရှိခံစားနိုင်မည်ဟု မိမိအနေဖြင့် စစ်မှန်စွာ ယုံကြည်ပါကြောင်း။

လေးနက်ခိုင်မာစွာ ကတိပြု

မြန်မာနိုင်ငံအနေဖြင့် မိမိတို့၏ အရေးကြီးသည့် အိမ်နီးချင်းအိန္ဒိယနိုင်ငံနှင့် ဆက်ဆံရေးကို အစဉ်အမြဲ အလေးထားပါကြောင်း၊ ဒီမိုကရေစီရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေးအပေါ် မိမိတို့၏ ယုံကြည်ကတိပြုမှုကို အခြေတည်လျက် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ခိုင်မာသည့် ချစ်ခင်ရင်းနှီးသော ဆက်ဆံရေးအစဉ်အလာ ပိုမိုတိုးတက်ခိုင်မြဲလာစေရေးကို လေးနက်ခိုင်မာစွာ ကတိပြုပါကြောင်း ထပ်လောင်းအတည်ပြု ပြောကြားလိုပါကြောင်း၊ အိန္ဒိယနိုင်ငံနှင့် အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်ဖြစ်သည့် "ဆဘ်ကာ ဆဒ်သ်၊ ဆဘ်ကာ ဗိကပ်စ်၊ ဆပ်ကာ ဗီရွက်စ် (Sabka Sath, Sabka Vikas, Sabka Vishwass)" "(အားလုံးအတူတကွ၊ အလုံးစုံ ဖွံ့ဖြိုးတိုးတက်မှုနဲ့ အလုံးစုံ ယုံကြည်မှုနဲ့ အတူ)" နှင့်အညီ နှစ်နိုင်ငံနှင့် ပြည်သူများ၏ အပြန်အလှန် အကျိုးကျေးဇူး ဖြစ်ထွန်းရေးအတွက် ဘုံအကျိုးတူကိစ္စရပ်များတွင် မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း။

ကျေးဇူးတင်ပါတယ်ဟု ပြောကြားသည်

ယင်းနောက် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီ ရမ် နက်သ် ကိုဗင့်ဒ်က နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ဓာတ်ပုံမှတ်တမ်းအယ်လ်ဘမ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ ခေတ္တ တည်းခိုမည့် Taj Palace ဟိုတယ်သို့ ရောက်ရှိကာ ညအိပ်ရပ်နားကြသည်။ **သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ၎င်းတို့အဖွဲ့ချုပ်အနေဖြင့် မြန်မာနိုင်ငံတွင် ကင်းထောက်လုပ်ငန်းရပ်များ ပိုမိုတိုးတက်အောင်မြင်စေရန် ပါဝင်ကူညီဆောင်ရွက်ပေးနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားကြသည်။

သတင်းစဉ်

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်၏ အကြီးအကဲ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာရှပစိဖိတ်ဒေသ ဆိုင်ရာ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်မှ First Vice Chairman Mr. Hiroshi Shimada နှင့် အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

သတင်းစဉ်

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး၏ အစီရင်ခံတင်ပြချက်အပေါ် မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်းက တုံ့ပြန်ပြောကြား

“ရခိုင်ပြည်နယ် ပဋိပက္ခနှင့် စပ်လျဉ်း၍ နိုင်ငံတကာအသိုက်အဝန်း၏ စိုးရိမ်ပူပန်မှုများကို နားလည်ကြောင်းနှင့် ပြဿနာ၏ အရင်းအမြစ်များကို ဓမ္မဓိဋ္ဌာန်ကျကျ အလုံးစုံ ခြုံငုံကြည့်ရှုရန်နှင့် အသိုက်အဝန်းများအကြား သမိုင်းကြောင်းအရ တင်းမာမှု၊ မယုံကြည်မှုနှင့် ကြောက်ရွံ့မှုတို့ကြောင့် ဖြစ်ပေါ်လာသည့် လူသားတို့၏ စိတ်ခံစားချက်များကိုလည်း မျက်ကွယ်မပြုဘဲ ကိုလိုနီခေတ်ကတည်းက နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်းသွားလာမှု၊ ဆင်းရဲနွမ်းပါးမှု၊ တရားဥပဒေစိုးမိုးမှုနှင့် လုံခြုံရေးအားနည်းမှု တို့အပါအဝင် နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များအားလုံးကိုပါ ထည့်သွင်းစဉ်းစားရန် တိုက်တွန်းပြောကြား”

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပလျက်ရှိသည့် (၄၃)ကြိမ်မြောက် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ အစည်းအဝေးကာလအတွင်း “ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာနှင့် အခြား လူနည်းစုတို့နှင့်စပ်လျဉ်း၍ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ” အပေါ် အပြန်အလှန် ဆွေးနွေးပွဲကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၇ ရက်တွင် ပြုလုပ်ခဲ့သည်။

လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက် ၃၉/၂ အရ မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးက တင်သွင်းချက်အပေါ် မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်းက မိန့်ခွန်းတစ်ရပ် တုံ့ပြန်ပြောကြားခဲ့သည်။

စနစ်တစ်ခုမှတစ်ခုသို့ ကူးပြောင်းရာတွင် အချိန်ကာလ လိုအပ်

အမြဲတမ်းကိုယ်စားလှယ်က ပြောကြားရာတွင် “၂၀၁၆ ခုနှစ်တွင် ဒီမိုကရေစီနည်းကျကျ ရွေးကောက်တင်မြှောက်ထားသည့် လက်ရှိ မြန်မာအစိုးရသည် ဆယ်စုနှစ်ပေါင်းများစွာ လက်နက်ကိုင်ပဋိပက္ခဒဏ်၊ နှစ်နှင့်ချီ၍ စီးပွားရေးမဖွံ့ဖြိုးမှုနှင့် ရပ်တန့်နေသော လူမှုရေးနှင့် နိုင်ငံရေးအခြေအနေတို့ကြောင့် စိန်ခေါ်မှုများစွာရှိသည့်ကြားမှ နိုင်ငံတော်အား အာဏာရှင်စနစ်မှ ဒီမိုကရက်တစ်ဖက်ဒရယ် ပြည်ထောင်စုဆီသို့ ပြောင်းလဲမှုများ ပြုလုပ်လျက်ရှိသည်”ကို ထောက်ပြပြောဆိုကာ စနစ်တစ်ခုမှတစ်ခုသို့ ကူးပြောင်းရာတွင် အချိန်ကာလ လိုအပ်ကြောင်းကို အလေးအနက်ထား ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ၏ ဒီမိုကရက်တစ်ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရာတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး၊ စဉ်ဆက်မပြတ်ရေးနှင့် အလုံးစုံဖွံ့ဖြိုးတိုးတက်ရေးတို့သည် ဆက်နွယ်လျက်ရှိသဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရေးသည် မြန်မာနိုင်ငံ၏ အရေးအကြီးဆုံး ဦးစားပေးကိစ္စဖြစ်ကြောင်းကို မီးမောင်းထိုးပြခဲ့သည်။ ထို့အပြင် လွန်ခဲ့သည့် သုံးနှစ်တာကာလအတွင်း အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တို့အကြား ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဆိုင်ရာ အရှိန်အဟုန်ရရှိနေမှုများကို အသိပေးပြောကြားခဲ့ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၏ လာမည့်အစည်းအဝေးကို ယခုနှစ် ပထမလေးလတာ ကာလအတွင်း ကျင်းပသွားရန် လျာထားကြောင်း ပြောကြားခဲ့သည်။

အမြဲတမ်းကိုယ်စားလှယ်က ရခိုင်ပြည်နယ်အရေး၏ ရှုပ်ထွေးနက်နဲပြီး သိမ်မွေ့မှုများကို ပြောကြားရာတွင် ရခိုင်ပြည်နယ် ပဋိပက္ခနှင့်စပ်လျဉ်း၍ နိုင်ငံတကာ အသိုက်အဝန်း၏ စိုးရိမ်ပူပန်မှုများကို နားလည်ကြောင်းနှင့် ပြဿနာ၏ အရင်းအမြစ်များကို ဓမ္မဓိဋ္ဌာန်ကျကျ အလုံးစုံ ခြုံငုံကြည့်ရှုရန်နှင့် အသိုက်အဝန်းများအကြား သမိုင်းကြောင်းအရ တင်းမာမှု၊ မယုံကြည်မှုနှင့် ကြောက်ရွံ့မှုတို့ကြောင့် ဖြစ်ပေါ်လာသည့် လူသားတို့၏ စိတ်ခံစားချက်များကိုလည်း မျက်ကွယ်မပြုဘဲ ကိုလိုနီခေတ်ကတည်းက နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်းသွားလာမှု၊ ဆင်းရဲနွမ်းပါးမှု၊ တရားဥပဒေစိုးမိုးမှုနှင့် လုံခြုံရေးအားနည်းမှု တို့အပါအဝင် နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ၊ ကိုယ်ပိုင်ဆောင်ရွက်ပေးနိုင်ရေးကိစ္စရပ်များ ပြဿနာ၏ အရင်းအမြစ်ကို ဖြေရှင်းနိုင်ရန် ပြန်လည်ကောင်းမွန်ရေးကို မြန်ဆန်စွာ စတင်နိုင်ရန်ဖြစ်ကြောင်း” ထပ်လောင်းပြောဆိုခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဧနီဝါရီလတွင် နိုင်ငံတော်သမ္မတထံသို့ တင်ပြခဲ့သည့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) ၏ အပြီးသတ်အစီရင်ခံစာအကြောင်းကို အသိပေးပြောကြားခဲ့သည်။ ထို့ပြင် မြန်မာအမြဲတမ်းကိုယ်စားလှယ်က ကော်မရှင်၏ အချက်အလက်စုဆောင်းရေးနှင့် စိစစ်ရေးအဖွဲ့ (ECVT) ၏ ရှာဖွေတွေ့ရှိမှုများသည် “လူမျိုးသုဉ်းသတ်ဖြတ်မှု ရည်ရွယ်ချက်” ဖြင့် ကျူးလွန်သည့် လုပ်ရပ်များဟု ချင့်ချိန်ကောက်ချက်ချနိုင်သော အရိပ်လက္ခဏာ မရှိကြောင်း မီးမောင်းထိုးပြခဲ့ကာ ICOE ၏ အစီရင်ခံစာပါ အကြံပြုချက်များနှင့်အညီ နိုင်ငံတော်သမ္မတသည် နောက်ထပ် စုံစမ်းစစ်ဆေးမှုများနှင့် အရေးယူမှုများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုရှေ့နေချုပ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ထံသို့ နောက်ဆက်တွဲများနှင့်အတူ အစီရင်ခံစာအပြည့်အစုံအား ပေးပို့ထားကြောင်း ဆက်လက်ပြောကြားခဲ့သည်။

ထို့နောက် ဗီယင်နာကြေညာချက်နှင့် လုပ်ဆောင်ချက် အစီအစဉ်တို့ကို အတည်ပြုခဲ့မှုအား ပြန်ပြောင်းအမှတ်ရလျက် အမြဲတမ်းကိုယ်စားလှယ်က ပြည်တွင်း၌ ဖြေရှင်းနိုင်စွမ်းလည်းရှိကြောင်း ထပ်လောင်းပြောဆိုခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဧနီဝါရီလတွင် နိုင်ငံတော်သမ္မတထံသို့ တင်ပြခဲ့သည့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) ၏ အပြီးသတ်အစီရင်ခံစာအကြောင်းကို အသိပေးပြောကြားခဲ့သည်။ ထို့ပြင် မြန်မာအမြဲတမ်းကိုယ်စားလှယ်က ကော်မရှင်၏ အချက်အလက်စုဆောင်းရေးနှင့် စိစစ်ရေးအဖွဲ့ (ECVT) ၏ ရှာဖွေတွေ့ရှိမှုများသည် “လူမျိုးသုဉ်းသတ်ဖြတ်မှု ရည်ရွယ်ချက်” ဖြင့် ကျူးလွန်သည့် လုပ်ရပ်များဟု ချင့်ချိန်ကောက်ချက်ချနိုင်သော အရိပ်လက္ခဏာ မရှိကြောင်း မီးမောင်းထိုးပြခဲ့ကာ ICOE ၏ အစီရင်ခံစာပါ အကြံပြုချက်များနှင့်အညီ နိုင်ငံတော်သမ္မတသည် နောက်ထပ် စုံစမ်းစစ်ဆေးမှုများနှင့် အရေးယူမှုများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုရှေ့နေချုပ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ထံသို့ နောက်ဆက်တွဲများနှင့်အတူ အစီရင်ခံစာအပြည့်အစုံအား ပေးပို့ထားကြောင်း ဆက်လက်ပြောကြားခဲ့သည်။

ထို့နောက် ဗီယင်နာကြေညာချက်နှင့် လုပ်ဆောင်ချက် အစီအစဉ်တို့ကို အတည်ပြုခဲ့မှုအား ပြန်ပြောင်း အမှတ်ရလျက် အမြဲတမ်းကိုယ်စားလှယ်က ပြည်တွင်း၌ ဆောင်ရွက်နိုင်သည့် နည်းလမ်းများရှိနေသေးသည့် အလျောက် မည်သည့် နိုင်ငံတကာတရားရေး (သို့မဟုတ်) ဥပဒေအဖွဲ့တို့၏ ကြိုးပမ်းမှုမဆို လက်မခံကြောင်း အလေးအနက် ပြောကြားခဲ့သည်။

ဆက်လက်၍ အမြဲတမ်းကိုယ်စားလှယ်က ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် နားလည်မှုရှိစွာဖြင့် အသိုက်အဝန်းအားလုံး ပါဝင်လာရေးအတွက် အစိုးရ၏ အစွမ်းကုန်ကြိုးပမ်းနေမှုများကို အသိပေးခဲ့ပြီး “OHCHR ၏ အစီရင်ခံစာများနှင့် ထုတ်ပြန်ချက်များ၊ ကောင်စီ၏ ချဉ်းကပ်မှုနည်းလမ်းများသည် မိမိတို့၏ စည်းစည်းလုံးလုံးဖြင့် သဟဇာတရှိစွာ နေထိုင်နိုင်ရန် ပြန်လည်သင့်မြတ်ရေး ကြိုးပမ်းနေမှုများ အပေါ် အထောက်အကူဖြစ်စေသင့်ကြောင်းနှင့် နိုင်ငံတော် စည်းလုံးညီညွတ်မှုပျက်ပြားပြီး အသိုက်အဝန်းများ အကြား အမုန်းတရားဖြစ်စေသည့် နည်းလမ်းမျိုး မဖြစ်သင့်ကြောင်း” ပြောကြား၍ နိုင်ငံတကာအသိုက်အဝန်းအား အပြည်ပြည်ဆိုင်ရာ နည်းလမ်းဖြင့် မြန်မာနိုင်ငံနှင့် လက်တွဲပါဝင်ကြရန် တိုက်တွန်းခဲ့သည်။

အမြဲတမ်းကိုယ်စားလှယ်က ကုလသမဂ္ဂ၏ များစွာသော ယန္တရားများဖြင့် အထူးစစ်ဆေးမှုအောက်တွင် မျှတမှုမရှိ ပစ်မှတ်ထားခြင်းသည် ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး မိမိတို့၏ ကြိုးပမ်းမှုများအပေါ် အပြုသဘော အထောက်အကူ မဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပြီး နံဂုံးချုပ်ပြောကြားရာတွင် “ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုဟူသည့် မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရေးအတွက် မည်သည့်စိန်ခေါ်မှုမျိုးမဆို ရင်ဆိုင်ကျော်လွှားသွားရန် အခိုင်အမာဆုံးဖြတ်ထားကြောင်း” ပြောကြားခဲ့သည်။

သတင်းစဉ်

မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်း မိန့်ခွန်းတစ်ရပ် တုံ့ပြန်ပြောကြားစဉ်။

အာဆာ၏ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှုသည် ရခိုင်ပြည်နယ် အရေးတွင် အစိုးရ၏ ကြိုးပမ်းမှုများကို အားလျော့စေ

လက်ရှိအစိုးရ စတင် တာဝန်ထမ်းဆောင်စဉ်ကတည်းက ရေရှည်တည်တံ့သည့် အဖြေရရှိရေးအတွက် လက်တွေ့ဆောင်ရွက်နေမှုများကို ပြောကြားခဲ့ပြီး ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် အာဆာ၏ ရည်ရွယ်ချက်ရှိရှိဖြင့် တိုက်ခိုက်ခဲ့မှုသည် ရခိုင်ပြည်နယ်အရေး ရေရှည်တည်တံ့သည့်အဖြေရရှိရေး ဆောင်ရွက်မှုတွင် အစိုးရ၏ ကြိုးပမ်းမှုများကို အားလျော့စေသည်သာမက လူအစုလိုက်အပြုံလိုက် နေရပ်စွန့်ခွာမှုနှင့် လက်ရှိ လူသားချင်းစာနာမှု အခြေအနေများကို ဖြစ်ပေါ်စေခဲ့ကြောင်း ထောက်ပြခဲ့သည်။ ထို့အပြင် တပ်မတော်နှင့် အေအေ အကြား လက်နက်ကိုင်ပဋိပက္ခသည် ပြဿနာအား ပိုမိုရှုပ်ထွေးစေပြီး စိန်ခေါ်မှုများ တိုးပွားလာစေကြောင်း။

စိန်ခေါ်မှုများရှိသော်ငြားလည်း “မိမိတို့သည် ရေရှည်ဖြေရှင်းမှု နည်းလမ်းရှာဖွေမှုကို မည်သည့်အခါကမျှ လျစ်လျူမရှုခဲ့ကြောင်းနှင့် ယခုအချိန်တွင် အရေးအကြီးဆုံးမှာ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားသည့် သဘောတူစာချုပ်များနှင့် ပြဿနာ၏ အရင်းအမြစ်များကို ဓမ္မဓိဋ္ဌာန်ကျကျ အလုံးစုံ ခြုံငုံကြည့်ရှုရန်နှင့် အသိုက်အဝန်းများအကြား သမိုင်းကြောင်းအရ တင်းမာမှု၊ မယုံကြည်မှုနှင့် ကြောက်ရွံ့မှုတို့ကြောင့် ဖြစ်ပေါ်လာသည့် လူသားတို့၏ စိတ်ခံစားချက်များကိုလည်း မျက်ကွယ်မပြုဘဲ ကိုလိုနီခေတ်ကတည်းက နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်းသွားလာမှု၊ ဆင်းရဲနွမ်းပါးမှု၊ တရားဥပဒေစိုးမိုးမှုနှင့် လုံခြုံရေးအားနည်းမှု တို့အပါအဝင် နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ၊ ကိုယ်ပိုင်ဆောင်ရွက်ပေးနိုင်ရေးကိစ္စရပ်များ ပြဿနာ၏ အရင်းအမြစ်ကို ဖြေရှင်းနိုင်ရန် ပြန်လည်ကောင်းမွန်ရေးကို မြန်ဆန်စွာ စတင်နိုင်ရန်ဖြစ်ကြောင်း” ထပ်လောင်းပြောဆိုခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဧနီဝါရီလတွင် နိုင်ငံတော်သမ္မတထံသို့ တင်ပြခဲ့သည့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) ၏ အပြီးသတ်အစီရင်ခံစာအကြောင်းကို အသိပေးပြောကြားခဲ့သည်။ ထို့ပြင် မြန်မာအမြဲတမ်းကိုယ်စားလှယ်က ကော်မရှင်၏ အချက်အလက်စုဆောင်းရေးနှင့် စိစစ်ရေးအဖွဲ့ (ECVT) ၏ ရှာဖွေတွေ့ရှိမှုများသည် “လူမျိုးသုဉ်းသတ်ဖြတ်မှု ရည်ရွယ်ချက်” ဖြင့် ကျူးလွန်သည့် လုပ်ရပ်များဟု ချင့်ချိန်ကောက်ချက်ချနိုင်သော အရိပ်လက္ခဏာ မရှိကြောင်း မီးမောင်းထိုးပြခဲ့ကာ ICOE ၏ အစီရင်ခံစာပါ အကြံပြုချက်များနှင့်အညီ နိုင်ငံတော်သမ္မတသည် နောက်ထပ် စုံစမ်းစစ်ဆေးမှုများနှင့် အရေးယူမှုများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုရှေ့နေချုပ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ထံသို့ နောက်ဆက်တွဲများနှင့်အတူ အစီရင်ခံစာအပြည့်အစုံအား ပေးပို့ထားကြောင်း ဆက်လက်ပြောကြားခဲ့သည်။

ထို့နောက် ဗီယင်နာကြေညာချက်နှင့် လုပ်ဆောင်ချက် အစီအစဉ်တို့ကို အတည်ပြုခဲ့မှုအား ပြန်ပြောင်း အမှတ်ရလျက် အမြဲတမ်းကိုယ်စားလှယ်က ပြည်တွင်း၌

ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်ဇင်ဝင်းက ကမ္ဘာ့နိုင်ငံအသီးသီးတွင် ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုအပ်ပါက ပြင်ဆင်ပြဋ္ဌာန်းကျင့်သုံးကြသကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (၁၉၄၇ ခုနှစ်)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉�># ခုနှစ်) နှင့် လက်ရှိတည်ဆဲဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တို့ကို လိုအပ်သလို ပြင်ဆင်ပြဋ္ဌာန်းခဲ့ကြသည်ကို ထင်ရှားစွာတွေ့ရှိနိုင်မည် ဖြစ်ပါကြောင်း၊ ထိုသို့ ပြင်ဆင်သည့်နေရာတွင် ပြင်ဆင်သင့် ပြင်ဆင်ထိုက်သည့် ပုဒ်မများကို ပြင်ဆင်သင့်သည့်အချိန်တွင် ပြင်ဆင်နိုင်ရေး အချိန်ကိုက် ဆောင်ရွက်နိုင်ရန် လိုအပ်မည်ဖြစ်သကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရကို မထိခိုက်စေရန်လည်း သတိပြု ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ပြည် မဲဆန္ဒနယ်မှ ဒေါက်တာ ခင်စိုးစိုးကြည် က ပုဒ်မ၂၆၂ ပုဒ်မခွဲ(က) အပိုဒ်ခွဲငယ် (၁) ပြင်ဆင်လိုခြင်းကို ထောက်ခံပါကြောင်း၊ ယခုပုဒ်မသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများ ရွေးချယ်ခန့်ထားခြင်းအတွက် ပြဋ္ဌာန်းထားသည့်ပုဒ်မဖြစ်ပါကြောင်း၊ မူလပြဋ္ဌာန်းချက်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲကဖြစ်စေ ပုဒ်မ ၂၆၁ ပုဒ်မခွဲ(က) ပြဋ္ဌာန်းချက်ပါ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသည့် သင့်လျော်သော ပုဂ္ဂိုလ်များ ရွေးချယ်ရမည်ဟု ပြဋ္ဌာန်းထားခြင်းဖြစ်ပြီး ပြင်ဆင်လိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များထဲက ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေဆိုသည့် စကားရပ်ကို ပယ်ဖျက်ထားခြင်းသာဖြစ်ပါကြောင်း၊ ယခုစာပိုဒ်ကို ပယ်ဖျက်လိုက်ခြင်းသည် မူရင်းအဓိပ္ပာယ်မပျက်သည့်အပြင် ဥပဒေရေးထုံးအရ ပိုမိုကျစ်လျစ်နိုင်မာသည့်အတွက် ထောက်ခံအပ်ပါကြောင်း ဆွေးနွေးသည်။

စေတုတ္တရာ မဲဆန္ဒနယ်မှဦးကျော်အောင်လွင် က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၄ မူလပြဋ္ဌာန်းချက်၌ နိုင်ငံတော်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တစ်ရပ်ထားရှိပြီး စစ်ဖက်ဆိုင်ရာ တရားရုံးများနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ စီရင်ပိုင်ခွင့်အာဏာများကို မထိခိုက်စေဘဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ အဆိုပါ ပြဋ္ဌာန်းချက်အရ နိုင်ငံတော်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်အပြိုင် စစ်ဖက်ဆိုင်ရာ တရားရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဟူ၍ တရားစီရင်ရေးဆိုင်ရာအမြင့်ဆုံး ရုံး (၃) ရုံးပေါ်ပေါက်နေသည့်အတွက် တရားစီရင်ရေးနှင့် တရားဥပဒေ စိုးမိုးရေးကို ထိခိုက်စေနိုင်ပါကြောင်း၊ ထို့ကြောင့် ဦးထွန်းထွန်းဟိန်၏ ပြင်ဆင်ချက်အဆိုဖြစ်သည့် နိုင်ငံတော်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တစ်ရပ်ထားရှိပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံး ဖြစ်သည်ဆိုသည့် ပြဋ္ဌာန်းချက်ကို လေးနက်စွာ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

ယင်းဥပဒေမူကြမ်းများပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဧဖြိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးစောယှားဖောင်အွာ၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၈) မှ ဦးကျော်သန်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သိမ်းထွဋ်၊ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ၊ တပ်မတော်သားပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး မောင်ဆန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃) မှ ဦးဝင်းအောင်၊ လဲချား မဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာ၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲထွန်း၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၊ ဘော်လခဲမဲဆန္ဒနယ်မှ ဦးအေးမောင်နှင့် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဂျေယောဝူ တို့က ဆက်လက်ဆွေးနွေးကြသည်။

ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ဒုတိယ ၆ လပတ် အခွန်ရငွေများနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၂/၂၀၂၀) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်ဇင်ဝင်း

ပြည်မဲဆန္ဒနယ်မှ ဒေါက်တာ ခင်စိုးစိုးကြည်

ဒုတိယဝန်ကြီး ဦးတင်မြင့်

ဒုတိယဝန်ကြီး ဦးလှကျော်

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့် က ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမ ၆ လပတ်အတွင်း ယစ်မျိုးခွန် ငွေကျပ် ၄၉၀ ဒသမ ၂၇၅သန်း ကောက်ခံရန် လျာထားခဲ့ရာ ငွေကျပ် ၇၀၇ ဒသမ ၄၅၃ သန်း ကောက်ခံရရှိခဲ့ပြီး ငွေကျပ် ၁၄၄ ဒသမ ၃ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ ၆ လပတ်တွင် ယစ်မျိုးခွန် ငွေကျပ် ၆၅၁ ဒသမ ၈၅၈ သန်းကောက်ခံရန် လျာထားခဲ့ရာ ငွေကျပ် ၆၁၄ ဒသမ ၀ သန်း ကောက်ခံရရှိခဲ့၍ ငွေကျပ် ၉၄ ဒသမ ၁၉ ရာခိုင်နှုန်းသာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

တရားမဝင်ယစ်မျိုးဆိုင်များ ဖမ်းဆီးရန်အတွက် ပူးပေါင်း အဖွဲ့များ ဖွဲ့စည်းပြီး ကွင်းဆင်းဟောပြောခြင်း၊ ဖမ်းဆီးခြင်းများကို ဆောင်ရွက်လျက်ရှိ

ထို့ပြင် မြို့နယ်များတွင် တရားမဝင်ယစ်မျိုးဆိုင်များ ဖမ်းဆီးရန်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ အဖွဲ့များ ဖွဲ့စည်းပြီး ကွင်းဆင်းဟောပြောခြင်း၊ ဖမ်းဆီးခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယစ်မျိုးလိုင်စင် ခွင့်ပြုချထားမှုအခြေအနေနှင့် စပ်လျဉ်း၍ ယစ်မျိုးလိုင်စင်များ ခွင့်ပြုချထားရာတွင် ယစ်မျိုးမူဝါဒနှင့် ယစ်မျိုးအခြေခံမူတို့အရ ယစ်မျိုးလိုင်စင်အရေအတွက်ကို ကန့်သတ်ထားခြင်း၊ ပြည်သူများ၏ ကျန်းမာရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန်စေရေး၊ ရာဇဝတ်မှုများ လျော့နည်းစေရေးတို့အတွက် ယစ်မျိုးလိုင်စင်များ လျှော့ချခွင့်ပြုလျက်ရှိပါကြောင်း။

၂၀၁၈ - ၂၀၁၉ဘဏ္ဍာနှစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် မြေခွန် လျာထားချက် ကောက်ခံရရှိမှုအခြေအနေနှင့် စပ်လျဉ်း၍ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ် ပထမ ၆ လပတ်အတွင်း မြေခွန် ငွေကျပ် ၂ ဒသမ ၃၉၂ သန်း ကောက်ခံရန် လျာထားခဲ့ရာ ငွေကျပ် ၃ ဒသမ ၁၀၄ သန်းကောက်ခံရရှိခဲ့၍ ၁၂၉ ဒသမ ၇၇ ရာခိုင်နှုန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒုတိယ ၆ လပတ်အတွင်း မြေခွန် ငွေကျပ် ၁၆ ဒသမ ၁၈၉ သန်း ကောက်ခံရန်လျာထားခဲ့ရာ ငွေကျပ် ၁၇ ဒသမ ၅၆၉ သန်း ကောက်ခံရရှိခဲ့ပြီး ၁၀၈ ဒသမ ၅၂ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထို့ပြင် ရွာမြေများသည် အခွန်ပေးဆောင်ရန်မလိုအပ်ဘဲ ကျေးရွာသူ၊ ကျေးရွာသားများ နေထိုင်နိုင်ပါကြောင်း၊ သို့သော် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်သူများအနေဖြင့် မိမိတို့၏ မြေယာပိုင်ဆိုင်မှုကို တိကျခိုင်မာစွာရရှိလိုခြင်း၊ ကျေး ရွာမြေအတွင်းပိုင်ဆိုင်မှု အထောက်အထားကင်းမဲ့စွာ နေထိုင်ခြင်းအစား မြေဌားဂရန် ရရှိခြင်းဖြင့် ခိုင်မာသည့် တရားဝင်အထောက်အထားရရှိပြီး စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုများ ရရှိစေနိုင်ခြင်း၊ မြေဌားဂရန် ရရှိထားမှသာ မိမိတို့နေထိုင် ပိုင်ဆိုင်သည့် မြေကွက်များကို မြန်မာ့စီးပွားရေးဘဏ်နှင့် အခြားပုဂ္ဂလိကဘဏ်များတွင် ပေါင်နှံ၍ ချေးငွေရယူ၍ စီးပွားရေးလုပ်ကိုင်ရာတွင် အရင်းအနှီးများ ရယူနိုင်ခြင်း စသည်တို့အတွက် နိုင်ငံတော်အကြီးအကဲများ ခရီးစဉ်တွင် ဒေသခံကျေးရွာသူကျေးရွာသားများ တင်ပြချက်အရ ကျေးရွာမြေဌားဂရန်များကို ထုတ်ပေးခြင်းဖြစ်ပါကြောင်း၊

ကျေးရွာမြေဌားဂရန်ကို မဖြစ်မနေလုပ်ရန် ဆောင်ရွက်ပေးခြင်းမဟုတ်ဘဲ ဒေသခံများအနေဖြင့် တင်ပြတောင်းခံလာသည့်အခါ (၁) ဧကနှင့် အောက်ဆိုပါက သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးအနေဖြင့် ဥပဒေနှင့်အညီ ထုတ်ပေးနိုင်ပြီး (၁) ဧကမှ (၅) ဧက အကြားကို တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပေးလျက်ရှိပါကြောင်း၊ (၅) ဧက ကျော်သည့် မြေဌားဂရန်များကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးနှင့် ပြည်ထောင်စုဝန်ကြီး၏ အတည်ပြုချက်အရ ထုတ်ပေးလျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ငါးသယံဇာတထိန်းသိမ်းရေး၊ တရားမဝင် ငါးဖမ်းဆီးမှု ပယျောက်စေရေးနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဥပဒေနှင့်အညီ ထိန်းကျောင်းဆောင်ရွက်လျက်ရှိ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော် က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများထံမှ မြေခွန်ကောက်ခံရရှိမှုအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧနီနဝါရီလ ၃၁ ရက်အထိ စာရင်းအရ ငွေကျပ် ၁ ဒသမ ၆ ဘီလီယံ ကောက်ခံရရှိပြီး ဖြစ်ပါကြောင်း၊ ခွင့်ပြုခဲ့သည့် မြေလွတ်၊ မြေရိုင်းများ အမှန်စိုက်ပျိုးမှုကို စိစစ်နိုင်ရန်အတွက်လည်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေ ၄၀ ပါ ပြဋ္ဌာန်းချက်နှင့်အညီ "အထူးအဖွဲ့" များ ဖွဲ့စည်းပြီး တိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်ပါကြောင်း၊ ထို့ပြင် ယခင်အစိုးရ အဆက်ဆက်က နိုင်ငံတော်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများအပေါ် ခွင့်ပြုပေးခဲ့သည့် ဒေသဆိုင်ရာ ကြိုတင်ခွင့်ပြုမိန့်၊ ဝန်ကြီးဌာန ကြိုတင်ခွင့်ပြုမိန့် စသည့် ခွင့်ပြုမိန့်များ အသီးသီးပေးခဲ့မှု ရှိခဲ့ပါကြောင်း၊ ယင်းတို့နှင့်စပ်လျဉ်း၍ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး အမှန်ရငွေ လျာထားငွေသည် ငွေကျပ် ၂ ဒသမ ၇၄၁ ဘီလီယံဖြစ်ပါကြောင်း၊ ယင်းအပေါ် ကောက်ခံရရှိငွေသည်ငွေကျပ် ၆ ဒသမ ၂၉၆ ဘီလီယံ ဖြစ်ပါကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးသယံဇာတထိန်းသိမ်းရေး၊ တရားမဝင် ငါးဖမ်းဆီးမှုပယျောက်စေရေးနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဥပဒေနှင့်အညီ ထိန်းကျောင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ၂၀၁၉-၂၀၂၀ ငါးဖမ်းရာသီမှစတင်၍ VMS တပ်ဆင်ခြင်းနှင့် Check Point များတွင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများပေါင်းစပ်ပြီး နိုင်ငံတော်အတွက် ရာသင့်ရထိုက်သည့် အခွန်ငွေများရရှိစေရန် ကြပ်မတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာအခွန်အခများကို အပြည့်အဝစည်းကြပ်ကောက်ခံရရှိရေးအတွက် အထူးအလေးအနက်ထား စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းကိစ္စရပ်များအပေါ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲမြင့်ဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ဆက်လက်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစောသန်းထွဋ် က အဆိုပါ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ် က ယင်းအဆိုကိုအတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူ မရှိသည့်အတွက် အစီရင်ခံစာ (၂/၂၀၂၀) ကို လွှတ်တော်က သဘောတူ အတည်ပြုကြောင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ကပေးပို့သည့် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ဒုတိယ ၆ လပတ် အခွန်ရငွေများ အစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို မတ် ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

အောင်ရဲသွင်၊ အေးအေးသန့်၊ ဓာတ်ပုံ - ထန်းဖုန်

ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့သို့ ဦးသန်းရွှေ ဦးဆောင်သော မြဝတီမြို့မှ ဧည့်သည်များ၊ MYPOL မှ ဧည့်သည်များနှင့် လွှတ်တော်ကိုယ်စားလှယ်များမှ တစ်ဆင့် လာရောက်လေ့လာကြသည့် ပြည်သူများ စုစုပေါင်း ၂၄၉ ဦး တက်ရောက်လေ့လာခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့လာရောက်လေ့လာသူပေါင်း ၆၄၈၉၀ ရှိပြီး လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ သုံးရက်ကြိုတင်ပေးပို့နိုင်ပါကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရှင်းလင်းပြောကြားစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဆွေးနွေးစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဆွေးနွေးစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဆွေးနွေးစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဆွေးနွေးစဉ်။

** ကျောဖုံးမှ*

အထူးစီးပွားရေးဇုန်များ၏ အခန်းကဏ္ဍသည် များစွာအရေးပါသည်ကို အားလုံးသိရှိကြမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အထူးစီးပွားရေး ဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော် နိုင်ရေးအတွက် မိမိတို့အားလုံး ပိုင်းဝန်းဆောင် ရွက်ကြရန် ဖြစ်ပါကြောင်း။

အကောင်အထည် ဖော်လျက်ရှိသည့် အထူးစီးပွားရေးဇုန် (သီလဝါ၊ ထားဝယ်၊ ကျောက်ဖြူ) ဇုန်သုံးခုရှိသည့်အနက် သီလဝါ အထူးစီးပွားရေးဇုန်သည် ရှေ့သို့ရောက်ရှိ နေပြီး ချောမွေ့စွာ လည်ပတ်လျက်ရှိပါကြောင်း၊ ယခုဆိုလျှင် ဇုန် (A) ကို အကောင်အထည် ဖော်ပြီး ဇုန်(B)ကိုလည်း အပိုင်းလိုက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက် နေပြီဖြစ်ပါကြောင်း။

သီလဝါအထူးစီးပွားရေးဇုန် တိုးတက်နေ

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလကုန်အထိ ကုမ္ပဏီပေါင်း ၁၁၄ ခုရှိပြီး ရင်းနှီးမြှုပ်နှံမှု တန်ဖိုးစုစုပေါင်းသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၂ ဘီလီယံအထိ တိုးတက်လာ သည်ကို တွေ့ရှိရပါကြောင်း၊ လက်ရှိ စီးပွားဖြစ် လည်ပတ်နေသည့် စက်ရုံပေါင်း ၈၁ ခုထိ ရှိနေ ပြီဖြစ်ပါကြောင်း၊ ယင်းရလဒ်များကိုကြည့်ပါ က သီလဝါအထူးစီးပွားရေးဇုန်သည် အရှိန် အဟုန်ဖြင့် တိုးတက်နေသည်ဟု ပြောရမည် ဖြစ်ပါကြောင်း။

ကျောက်ဖြူ အထူးစီးပွားရေးဇုန်ကို ကြည့်လျှင် ရေနက်ဆိပ်ကမ်းစီမံကိန်းအတွက် တင်ဒါအောင်မြင်ထားသော CITIC Group ကုမ္ပဏီနှင့် Framework Agreement ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် နှစ်ဖက် လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် Concession Agreement နှင့် Shareholder Agreement များကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလထဲတွင် လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါကြောင်း၊ ရှေ့ဆက်၍ ဆက်လက်အကောင်အထည် ဖော်ရန် EIA ၊ SIA ၊ ဘူမိဗေဒနှင့် မြေမျက်နှာ သွင်ပြင် စစ်တမ်းကောက်ယူမှု- G.T survey ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွား ကြရမည်ဖြစ်ပါကြောင်း။

ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံ ခန့်ခွဲမှုကော်မတီအနေဖြင့်လည်း ရှေ့က သွားနေသည့် သီလဝါဇုန်လုပ်ငန်းစဉ်များ နှင့် အတွေ့ကြုံများကိုလေ့လာ၍ စီမံကိန်း ရည်မှန်းချက်နှင့်အညီ အကောင်အထည် ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် တိုက်တွန်းလို သည်မှာ တစ်ဖက်က မြန်မာ-တရုတ် စီးပွား ရေးစကြီး ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း လက်မှတ်ရေးထိုးထားပြီး ဖြစ်သည့်အတွက် စီမံကိန်း၏ လုပ်ငန်းစဉ်တွင် တစ်ခုအပါအဝင် ဖြစ်သော ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဆိုပါက နှစ်နိုင်ငံအကြား ပေါင်းစည်းဆက်သွယ်မှုကို များစွာတိုးမြှင့် လာစေမည်ဖြစ်သကဲ့သို့ ဒေသတွင်းနှင့် မြန်မာ နိုင်ငံ၏ ကုန်သွယ်ရေးကိုလည်း တိုးတက်လာ စေမည်ဖြစ်၍ လုပ်ငန်းများ အရှိန်အဟုန် ရပ်တန့်မသွားစေဘဲ အချိန်နှင့်တစ်ပြေးညီ တိုးတက်မှုရရှိအောင် စီမံဆောင်ရွက်ပေးစေ လိုပါကြောင်း။

ထားဝယ်အထူးစီးပွားရေးဇုန် အကောင် အထည်ဖော်ခဲ့မှုကိုကြည့်လျှင် တိုးတက်မှု အပိုင်းတွင် ထားဝယ်ဇုန်မှ ထီးခီးထိ ဆက်သွယ် ထားသော နှစ်လမ်းသွားကားလမ်း အဆင့် မြှင့်တင်ဖောက်လုပ်ရေး စီမံကိန်းဖြစ်ပါ ကြောင်း၊ ယင်းလမ်းစီမံကိန်းကို ဆောက်လုပ် ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေ ခြင်းဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံ NEDA ထံမှ ချေးငွေ ထိုင်းဘတ် ၄ ဒသမ ၅ ဘီလီယံ ချေးယူ ၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံက NEDA နှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနတို့ Terms of Reference (TOR) မူကြမ်းအပေါ် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး လမ်းအတွက် ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ပြီးဖြစ်သည်ဟု သိရပါကြောင်း၊ ဆက်လက်၍ Detailed Project Report (DPR) ကို ဆက်လက်ညှိနှိုင်းနေသည်ကို သိရှိ ရပါကြောင်း။

ကနဦးနှင့် ပင်မစီမံကိန်းများ တစ်ပြိုင် နက်တည်း အကောင်အထည်ဖော်နိုင်ရေး ဆက်လက်ကြိုးစားဆောင်ရွက်ရန် တိုက်တွန်း လိုပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ စီမံ ခန့်ခွဲမှုကော်မတီအနေဖြင့် ဥပဒေကြောင်း အရ ကြိုတင်လေ့လာသုံးသပ်ထားမှုများကို ဆက်လက်ဆောင်ရွက်သင့်သည့် အစီအမံများ ကိုလည်း ယခုအစည်းအဝေးတွင် တင်ပြပေး စေလိုပါကြောင်း။

ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်း များအတွက် ဖွဲ့စည်းထားသော SPV အခန်း ကဏ္ဍ ပိုမိုတက်ကြွစွာ ဆောင်ရွက်နိုင်ရေးကို လည်း အလေးထားဆောင်ရွက်စေလိုပါ ကြောင်း၊ ပင်မစီမံကိန်းစတင်နိုင်ရန် မည်ကဲ့သို့ နည်းလမ်းဖြင့် ဆောင်ရွက်နေသည်ကိုလည်း လေ့လာတင်ပြပေးစေလိုပါကြောင်း။

ဥပဒေနှင့်အညီ ဝန်ဆောင်မှုပေး

အထူးစီးပွားရေးဇုန်များသည် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါ သကဲ့သို့ ဒေသခံပြည်သူများ အလုပ်အကိုင် ရရှိရေးအတွက် အခွင့်အလမ်းတစ်ခုလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် လက်ရှိအကောင်အထည်ဖော်နေသည့် အထူး စီးပွားရေးဇုန်များ အောင်မြင်စွာ အကောင် အထည်ဖော်နိုင်ရေးကို ဦးတည်ချက်ထား၍ ပိုင်းဝန်းကြိုးစားကြရမည် ဖြစ်ပါကြောင်း၊ တစ်ဖက်တွင် အထူးစီးပွားရေးဇုန်များ တည်ထောင်ပြီး ဆောင်ရွက်နေသကဲ့သို့ နိုင်ငံ ခြားသား ရင်းနှီးမြှုပ်နှံသူများ ယုံကြည် စိတ်ချစွာ လာရောက်ရင်းနှီးမြှုပ်နှံရန်လည်း လိုအပ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများအတွက် ဥပဒေနှင့်အညီ ဝန်ဆောင်မှုပေးရမည့်ကိစ္စများ၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် လုပ်ထုံးလုပ်နည်းများကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးစေလိုပါကြောင်း၊ မိမိတို့က အာမခံချက်ပေးနိုင်မှသာ ရင်းနှီးမြှုပ်နှံသူများ လာရောက်မည်ဖြစ်ပါကြောင်း၊ ထိုသို့မလုပ် ဆောင်နိုင်ပါက ထိရောက်သည့်အောင်မြင်မှု ရရှိမည်မဟုတ်ပါကြောင်း၊ထို့ကြောင့် အထူး စီးပွားရေးဇုန်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ကြိုးစားပေးရန် ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးကို တက်ရောက်လာသူ များအနေဖြင့် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေး ကြပါဟု ပြောကြားသည်။

ထို့နောက် ဗဟိုအဖွဲ့ အတွင်းရေးမှူးနှင့် ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အထူးစီးပွားရေးဇုန် များ လက်ရှိဆောင်ရွက်မှုအခြေအနေနှင့် ဗဟို လုပ်ငန်းအဖွဲ့၏ ဆောင်ရွက်မှုအခြေအနေများ ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဗဟိုလုပ်ငန်းအဖွဲ့ အတွင်း ရေးမှူး အမြတမ်းအတွင်းဝန် ဦးအောင်စိုးက (၁/၂၀၁၉) အစည်းအဝေး ဆုံးဖြတ်ချက်များ နှင့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီး မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သီလဝါနှင့် ကျောက်ဖြူ အထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် ထားဝယ် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် တို့က အထူးစီးပွားရေးဇုန်အလိုက် ဖြစ်ပေါ် တိုးတက်မှုအခြေအနေများ၊ စီမံကိန်းအကောင် အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများ နှင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသ ကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန် အထူးစီးပွားရေးဇုန်စီမံကိန်း ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း၊ ထားဝယ် အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်ဒေသ စီမံကိန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး မြန်မာ-ထိုင်း ပူးတွဲညှိနှိုင်းရေးကော်မတီ တွဲဖက်အတွင်းရေးမှူး အမြတမ်းအတွင်းဝန် ဦးအောင်စိုးက မြန်မာ-ထိုင်း ပူးတွဲလုပ်ငန်း အဖွဲ့အစည်းအဝေးနှင့် မြန်မာ-ထိုင်း-ဂျပန် (၃) နိုင်ငံ တွဲဖက်အတွင်းအရေးမှူးအဆင့် အလွတ်သဘော လုပ်ငန်းအစည်းအဝေးတို့မှ ဆွေးနွေးခဲ့သည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗဟိုအဖွဲ့ဝင်များဖြစ်ကြ သည့် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ ဦးသိန်းဆွေ၊ ဦးဟန်ဇော်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီး ချုပ် ဦးမြင့်မောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်၊ ရခိုင်ပြည်နယ် ဘဏ္ဍာ ရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းနှင့် တာဝန်ရှိသူများက စီးပွားရေးဇုန်များအလိုက် အခွန်ကောက်ခံ ရရှိမှု၊ အသုံးစရိတ်လျာထားမှု၊ အထူးစီးပွား ရေးဇုန်များအတွက် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် စီစဉ် ဆောင်ရွက်နေမှု၊ ကျောက်ဖြူအထူးစီးပွားရေး ဇုန်အတွက် EIA/ SIA များ ရေးဆွဲနေမှုအခြေ အနေ၊ ဒေသခံများ အလုပ်အကိုင်ရရှိရေးနှင့် အလုပ်သမားများ အငြင်းပွားမှုများ ဖြေရှင်း ဆောင်ရွက်နေမှုအခြေအနေ၊ စီးပွားရေးဇုန် များနှင့် ချိတ်ဆက်သည့်လမ်းများ ကောင်းမွန် ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေ၊ အထူးစီမံကိန်းများ အောင်မြင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ အနေဖြင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေ အနေတို့ကို ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယသမ္မတက အထူး စီးပွားရေးဇုန်များကို အကောင်အထည်ဖော် သည့်နေရာတွင် လာရောက်ရင်းနှီးမြှုပ်နှံသူ များအတွက် မျှတမှုရှိအောင် ချင့်ချိန်ပြီး အသိ သတိနှင့် ညှိနှိုင်းဆောင်ရွက်ကြရမည် ဖြစ်ပါ ကြောင်း၊ ဆောင်ရွက်ဆဲ အထူးစီးပွားရေးဇုန် များနှင့် ပတ်သက်၍ ရှေ့ဆက်ပြီး စေ့စပ်ညှိနှိုင်း မှုများကို ဆောင်ရွက်သည့်နေရာတွင် မိမိနိုင်ငံ အတွက် အကျိုးရလဒ်နည်းခြင်းကို ရှောင်ရှား ပြီး နှစ်ဦးနှစ်ဖက် မျှတသည့် အကျိုးရလဒ်ရရှိ အောင် သတိထား၍ ညှိနှိုင်းဆောင်ရွက်ပေး ကြရန် လိုကြောင်း။

နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ

အထူးစီးပွားရေးဇုန်များ တည်ထောင် ဆောင်ရွက်ခြင်းသည် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို ဦးတည်ဆောင်ရွက်ခြင်းဖြစ် သည့်အတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ သည် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီဖြစ် ရန် လိုပါကြောင်း၊ ပြုပြင်ပြောင်းလဲရန် လိုပါက ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ ယုံကြည် စိတ်ချစွာ လာရောက်ရင်းနှီးမြှုပ်နှံရေးသည် အရေးကြီးပါကြောင်း၊ ထိုသို့ ယုံကြည်မှုရရှိမှ သာ နိုင်ငံတကာအလယ်တွင် မိမိနိုင်ငံ၏ ဂုဏ်သိက္ခာ တင့်တယ်မည်ဖြစ်ပါကြောင်း။

လက်ရှိ စေ့စပ်ဆွေးနွေးမှုများ ဆောင်ရွက်သည့်နေရာတွင် မူဝါဒရေးရာအရ အဆုံးအဖြတ်ရယူရမည့်ကိစ္စများရှိပါက ဗဟို အဖွဲ့အစည်းအဝေးကို စောင့်နေရန်မလိုဘဲ ဗဟိုအဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြလာ ပါက အဆုံးအဖြတ်များရရှိအောင် တင်ပြပြီး ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မိမိတို့ အကောင် အထည်ဖော်နေသည့် အထူးစီးပွားရေးဇုန်များ အတိုင်းအတာတစ်ခုအထိ တိုးတက်လာစေ ပြီး ပြည်သူများ လက်တွေ့အကျိုးခံစားမှု ရရှိ စေရေးနှင့် မျှော်လင့်ချက်များ ရှင်သန်လာစေ ရေးအတွက် အားလုံးက ပိုင်းဝန်းကြိုးစား ဆောင်ရွက်ပေးကြရန်ပြောကြား၍ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

❍ *ကျောဖုံးမှ*

(ဂ) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာ ရေးသားဖော်ပြခြင်းဖြစ်ကြောင်း ဝန်ခံချက် လက်မှတ်ရေးထိုးရန်၊

(ဃ) တိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲပေးပို့ရန်။

မှတ်ချက်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည်တိုင်တန်းချက်များ ကို စိစစ်ရာတွင် လိုအပ်ပါက တိုင်တန်းသူအား ခေါ်ယူတွေ့ဆုံမေးမြန်းပါမည်။

ရုံးခွဲများ ဖွင့်လှစ်ထားရှိခြင်း

၄။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးခွဲများကို အောက်ပါ မြို့ များတွင် ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသဖြင့် အဆိုပါရုံးခွဲများသို့လည်း ပေးပို့တိုင်ကြားနိုင် ပါသည် -

(က) **နေပြည်တော်ရုံးခွဲ။** သဇင်လမ်းနှင့် ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင် ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။

(ခ) **မန္တလေးရုံးခွဲ။** ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေဝန်း အနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး တိုင်းဒေသကြီး။

(ဂ) **စစ်တွေရုံးခွဲ။** ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်း၊ စစ်တွေမြို့။

၅။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် တိုင်တန်းချက်များအား စုံစမ်းစစ်ဆေးပြီးသည့်အခါ တွေ့ရှိချက်များနှင့် အကြံပြုချက်များကို သက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများသို့ လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် ပေးပို့သွား မည်ဖြစ်ပြီး၊ အရေးယူဆောင်ရွက်မှုကိုလည်း ကော်မရှင်က ကော်မရှင်ဥပဒေနှင့်အညီ စောင့်ကြည့်သွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့် အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေ မှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်သတင်းစာတိုက်များမှ ဝန်ထမ်းများနှင့်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့တွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် နေပြည်တော် ဧရာဝတီရိုမြို့နယ်ရှိ ကြေးမုံ၊ မြန်မာ့အလင်းနှင့် နေပြည်တော် သတင်းစာတိုက်တို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ နံနက် ၁၀ နာရီတွင် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

အစီအစဉ်ကောင်းများ ထွက်ပေါ်ရန်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက တာဝန်နှင့် အခွင့်အလမ်းသည် အမြဲဒွန်တွဲနေမှု၊ Content များ ကောင်းမွန်အောင် စိတ်ကူးစိတ်သန်းများထုတ်ပြီး ဆောင်ရွက်စေလိုမှု၊ ရာပြည့် အခမ်းအနားများအတွက် အစီအစဉ်များ ကောင်းမွန်အောင် ဆောင်ရွက်ရန်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ စိန်ရတုနှစ်ပတ်လည်အတွက် ဂုဏ်ယူဖွယ်အစီအစဉ်ကောင်းများ ထွက်ပေါ်အောင် ဆောင်ရွက်သွားရန်တို့နှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် ရုပ်မြင်ဌာနခွဲ၊ အသံလွှင့်ဌာနခွဲ၊ စက်မှုဌာနခွဲ၊ တေးဂီတဌာနခွဲ၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း၊ တောင်သူလယ်သမား ရုပ်သံလိုင်း၊ ဘဏ္ဍာရေးဌာနခွဲနှင့် စီမံခန့်ခွဲရေးဌာနခွဲတို့မှ ဝန်ထမ်းများက ဆွေးနွေးတင်ပြကြသည်။

ယင်းနောက်အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ရိုက်ကူးထုတ်လွှင့်နေမှုများကို တင်ပြ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အစီအစဉ်ထုတ်လုပ်သူများတွေ့ဆုံပွဲကို ကျင်းပရာ တာဝန်ရှိသူများနှင့် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ် ထုတ်လုပ်ရေးမှူးများက ရုပ်ရှင်ရာပြည့်နှင့် ရန်ကုန်တက္ကသိုလ်ရာပြည့် အခမ်းအနားအတွက် ရိုက်ကူးထုတ်လွှင့်နေမှုနှင့် ရိုက်ကူးထုတ်လွှင့်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ အစီအစဉ်များ ရိုက်ကူးထုတ်လွှင့်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဧရာဝတီရိုမြို့နယ် ခရေပင်လမ်းခွဲရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်း၊ ကြေးမုံနှင့် နေပြည်တော်သတင်းစာတိုက်တို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

သတင်းစာအရည်အသွေး ကောင်းမွန်ရန်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သတင်းစာ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကြေးမုံ၊ မြန်မာ့အလင်းနှင့် နေပြည်တော် သတင်းစာတိုက်တို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ ဓာတ်ပုံ - ဇင်ဦး (မြန်မာ့အလင်း)

အရည်အသွေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြရန်နှင့် အမှားအယွင်းကင်းစင်အောင် ဆောင်ရွက်ကြရန် စသည်ဖြင့် မှာကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

၂၀၂၀ ပြည့်နှစ် နွေရာသီ ရေရှားပါးကျေးရွာများ သောက်သုံးရေရရှိရေး လုပ်ငန်းညှိနှိုင်း စည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၂၈

၂၀၂၀ ပြည့်နှစ် နွေရာသီရေရှားပါး ကျေးရွာများ သောက်သုံးရေရရှိရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ရှိကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကြိုတင်စီမံခန့်ခွဲနိုင်ရန် ညှိနှိုင်း

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ကျေးလက်နေပြည်သူများ စားနပ်ရိက္ခာဖူလုံရေးနှင့် ဘေးကင်းလုံခြုံရေး၊ အာဟာရပြည့်ဝစေရေးတို့အတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေးသည် များစွာ အရေးကြီးသည့်အတွက် ဦးစားပေး လုပ်ငန်းစဉ် တစ်ရပ်အဖြစ် သတ်မှတ်၍အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်မှု၊ ရာသီဥတုပြောင်းလဲလာမှုများကြောင့် နွေရာသီကာလတွင် ကျေးရွာအချို့၌ ရေရှားပါးမှု၊ သောက်သုံးရေမလုံလောက်မှုစသည့် ပြဿနာများကို နှစ်စဉ်ကြုံတွေ့နေရပါကြောင်း၊ ယခုနှစ် နွေရာသီကာလတွင်လည်း အလားတူ ပြဿနာများ ကြုံတွေ့ရမည် ဖြစ်သည့်အတွက် ကြိုတင်စီမံခန့်ခွဲနိုင်ရန် ယခုလိုညှိနှိုင်း အစည်းအဝေးကို ကျင်းပခြင်းဖြစ်ပါကြောင်း။

ယမန်နှစ်တွင် ကျေးရွာပေါင်း ၂၀၆ ရွာတွင် နွေရာသီကာလ ရေရှားပါးမှု အခက်အခဲနှင့် ကြုံတွေ့နိုင်မည်ဟု မျှော်မှန်းစီစဉ်ခဲ့ပြီး လက်တွေ့တွင် ကျေးရွာပေါင်း ၃၈၉ ရွာ၌ ရေဖြန့်ဝေခြင်းလုပ်ငန်းများကို အချိန်မီ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ယင်းကျေးရွာများတွင် သောက်သုံးရေ ဖူလုံစေရေးအတွက် နိုင်ငံတော်သမ္မတအပါအဝင် အလှူရှင်များ၏ လှူဒါန်းငွေများ၊ နိုင်ငံတော်ရန်ပုံငွေများဖြင့် ကျေးရွာပေါင်း ၉၃ ရွာတွင် ရေပေးရေးလုပ်ငန်းများ ချက်ချင်း ဆောင်ရွက်ပေးနိုင်ခဲ့၍ ကျေးရွာ ၂၇၃ ရွာကို ယခုဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ဖြစ်ကာ ကျန် ၅၉ ရွာကို လာမည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရန်လျာထားသည်ကို တွေ့ရှိရပါကြောင်း။

အစီအမံများရေးဆွဲ ဆောင်ရွက်

နွေရာသီရေရှားပါးမှုပြဿနာကို ဖြေရှင်းရာတွင် သောက်သုံးရေဖြန့်ဝေခြင်းကဲ့သို့ လတ်တလောဆောင်ရွက်မည့်အစီအစဉ်များသာမက ကျေးရွာများ၏ ရေရှားပါးရခြင်း အဓိကအကြောင်းအရင်းများကို ဖော်ထုတ်ပြီး ဖြေရှင်းနိုင်မည့် ကာလတို၊ ကာလလတ် အစီအမံများကို ရေးဆွဲ၍ စနစ်တကျ ဆောင်ရွက်ရန် မှာကြားလိုပါကြောင်း၊ ထို့သို့ ဆောင်ရွက်ရာတွင် အစိုးရ၏ အားတစ်ခုတည်းသာမက ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပအလှူရှင်များ၊ ဒေသန္တရအုပ်ချုပ်ရေး အဖွဲ့များနှင့် ပူးပေါင်း၍ ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ကျေးလက် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျှော်မှန်း Target ပြည့်မီစေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ဒေသနှင့်ကိုက်ညီသော ခေတ်မီနည်းပညာများကို အသုံးပြုရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ ယင်းနည်းပညာများ အသုံးပြုနိုင်ရေးအတွက် ရေပေးရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း၊ အမှန်တကယ်ရေရှားပါးသော ကျေးရွာများကို ဖော်ထုတ်ပြီး ထိရောက်သော အစီအမံများ ရေးဆွဲနိုင်ရေးအတွက် ကျေးရွာများ၏ လက်ရှိ အခြေအနေအမှန်ကို သိရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ကျေးလက်ရေရရှိရေး

ထို့ကြောင့် တစ်မြို့နယ်ချင်း အလိုက်ကျေးလက်ရေပေးရေးဆိုင်ရာ စစ်တမ်းများ၊ အချက်အလက်များ ကောက်ယူထားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ကျေးလက်ရေရရှိရေး အချက်အလက် စီမံခန့်ခွဲမှုစနစ် အသုံးပြု၍ ကျေးရွာများ၏ လက်ရှိရေသုံးစွဲမှုနှင့် လုပ်ငန်းလည်ပတ်မှု အခြေအနေများကို ကောက်ယူ ဆောင်ရွက်လျက်ရှိသည်ကို သိရှိရပြီး ထိုစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေး စီမံဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်း။

ထို့ပြင် ၂၀၃၀ ပြည့်နှစ်တွင် Sustainable Development Goals နှင့် Myanmar Sustainable Development Plan ပါ ရည်မှန်းချက်များ ပြည့်မီစေရေးအတွက် ရေရရှိရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ တည်ဆောက်ပြီး လုပ်ငန်းများ စနစ်တကျရေရှည်လည်ပတ်စေရေးကိုလည်း စီမံဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် Monitoring နှင့် Evaluation ကို စနစ်တကျ ဆောင်ရွက်ရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ရေရှားပါး ကျေးရွာများတွင် လတ်တလော ဖြေရှင်းဆောင်ရွက်မှုနှင့် ရေရှည် ဆောင်ရွက်မည့် အစီအမံများ၊ နွေရာသီ ရေရှားပါးမှုအတွက် နှစ်အလိုက် ဆောင်ရွက်ပေးနိုင်မှု၊ ၂၀၂၀ ပြည့်နှစ် နွေရာသီတွင် ရေရှားပါးနိုင်သည့် ခန့်မှန်းကျေးရွာများနှင့် Water Donation Application ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

သောက်သုံးရေရရှိရေး ရှင်းလင်း

ယင်းနောက် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများက သက်ဆိုင်ရာ ဒေသအလိုက် နွေရာသီရေရှားပါး ကျေးရွာများ သောက်သုံးရေရရှိရေးနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက် လာကြသူများက နွေရာသီ ရေရှားပါး ကျေးရွာများတွင် သောက်သုံးရေရရှိရေးဆိုင်ရာ ကိစ္စရပ်များကို အကြံပြုဆွေးနွေးကြသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရေပေးရေး၊ ကျန်းမာသန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် ကျေးရွာ ၈၀၆၄ ရွာရှိ ကျေးလက်လူဦးရေ ၅ ဒသမ ၂၆ သန်း အတွက် ကျေးလက်ရေရရှိရေးလုပ်ငန်း ၉၅၇၁ ခုကို ဆောင်ရွက်ပေးခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၆၉၁ ရွာရှိ လူဦးရေ ၁ ဒသမ ၃ သန်းအတွက် ကျေးလက်ရေရှိရေးလုပ်ငန်းပေါင်း ၁၇၂၀ ကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ၂၀၂၀ ပြည့်နှစ် နွေရာသီရေရှားပါးကျေးရွာများ သောက်သုံးရေရရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

မြန်မာပြည်တံခွန်စိုက် တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၂၀ ပြည့်နှစ် မြန်မာပြည် တံခွန်စိုက်တင်းနစ်ပြိုင်ပွဲကို မတ် ၂၁ ရက်မှ ၂၅ ရက်မှအထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်ရာ ပြည်တွင်း၊ ပြည်ပ တင်းနစ်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း၊ နှစ်ယောက်တွဲ အလွတ်တန်း၊ အမျိုးသား + အမျိုးသမီး နှစ်ယောက်အလွတ်တန်း၊ အမျိုးသား၊ အမျိုးသမီးအသက် ၁၄ နှစ်နှင့် အောက်၊ ၁၆ နှစ်နှင့်အောက်၊ ၁၈ နှစ်နှင့်အောက် တစ်ဦးချင်း၊ အမျိုးသား အသက် ၄၅ နှစ်နှင့်အထက် နှစ်ယောက်တွဲ၊ နှစ်ယောက်ပေါင်း အသက် ၁၃၀ အထက် နှစ်ယောက်တွဲ ပြိုင်ပွဲများကျင်းပမည်ဖြစ်ကာ ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်လိုသူများသည် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း ၀၉ - ၂၅၀၁၃၈၀၄၀ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

အေကေလင်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၁/၂၀၂၀) အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၁/၂၀၂၀) အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ဘွဲ့နှင်းသိမ်ဓမ္မာရုံ၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးတွင် သဘာပတိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိုင်းသောက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလာဘိဝံသ က အဖွင့်သမ္မောဒနီယ ဩဝါဒကထာ မြွက်ကြားပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက သာသနာရေးဆိုင်ရာ များကို လျှောက်ထားသည်။

ထို့နောက် ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၅ ရက်က ကျင်းပခဲ့သည့် တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/၂၀၁၉) အစည်းအဝေးမှတ်တမ်း (၁/၂၀၂၀) အစည်းအဝေးမှ တင်ပြချက်များ၊ တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ (ရန်ကုန်/မန္တလေး)တို့မှ တင်ပြချက်များနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ကြသည်။

ယင်းနောက် သဘာပတိ ဆရာတော်က နိဂုံးချုပ်ဩဝါဒကထာ မြွက်ကြားပြီး ဒုတိယဝန်ကြီးက အစည်းအဝေးသို့ ကြွရောက်လာကြသည့် ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/ မန္တလေး)တို့မှ ပါမောက္ခချုပ် ဆရာတော်၊ ဒုတိယပါမောက္ခချုပ် ဆရာတော်များနှင့် မော်ကွန်းထိန်း ဆရာတော်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ(မူကြမ်း) ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ (မူကြမ်း) ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Inya Lake Hotel ၌ ကျင်းပသည်။

အဆိုပါ နည်းဥပဒေ(မူကြမ်း)ကို ၂၀၁၉ ခုနှစ် သြဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၇ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း)နှင့် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် ရန်ကုန်မြို့ Sedona Hotel တို့၌ရှင်းလင်းဆွေးနွေးခဲ့ပြီး အဖွဲ့အစည်းများမှ ပေးပို့လာသည့် အကြံပြုချက်များနှင့်စပ်လျဉ်း၍ ယခု နောက်ဆုံးအကြိမ် ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ကြောင်း သိရသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အလုပ်သမားရေးရာဆိုင်ရာ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ဤနည်းဥပဒေထွက်ရှိမှသာ လက်တွေ့မြေပြင်တွင် အကောင်အထည်ဖော်ရာ၌ လွယ်ကူနိုင်မည်ဖြစ်ပြီး သက်ဆိုင်ရာ ဦးစီးဌာနများအနေဖြင့် အလုပ်သမားဥပဒေပါ အခွင့်အရေးဆိုင်ရာအငြင်းပွားမှုများနှင့်စပ်လျဉ်း၍ တိတိကျကျ ဖြေရှင်း ဆောင်ရွက်နိုင်မည့်အပြင် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီတို့မှ ညှိနှိုင်းဖြေရှင်းရမည့် အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုများကို ရှင်းလင်းစွာ သတ်မှတ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အိုင်အယ်လ်အို (ရန်ကုန်ရုံး)မှ Ms. Anne Boyd၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံတောင်သူ လယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်တို့မှ ကိုယ်စားလှယ်များ၊ ခုံသမာဓိကောင်စီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ အတွင်းရေးမှူးများနှင့် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက နည်းဥပဒေထုတ်ပြန်နိုင်ရန်အတွက် အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။ **သန့်ဇော်**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်) ဒီပလိုမာ အောင်လက်မှတ်အပ်နှင်း

နေပြည်တော် ဖေဖော်ဝါရီ ၂၈

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်) အမှတ်စဉ် (၂၀) သွားတုလုပ်ငန်းကျွမ်းကျင်မှု ဒီပလိုမာသင်တန်းနှင့် အမှတ်စဉ် (၂) သွားကျန်းမာရေးသူနာပြု ဒီပလိုမာသင်တန်း အောင်လက်မှတ်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အဆိုပါတက္ကသိုလ် ရွှေရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာရွှေတိုးက သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၂ ဦးတို့အား အောင်လက်မှတ်များ အပ်နှင်းခဲ့ကြောင်း သိရသည်။ **မောင်မောင်မျိုး**

မှတ်သားဖွယ်ရာ မိုးရေချိန်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

မှတ်သားဖွယ်ရာ မိုးရေချိန်မှာ မချမ်းဘောမြို့တွင် ၀ ဒသမ ၀၄ လက်မဖြစ်သည်။

မိုး/ဇလ

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက် သတင်းထုတ်ပြန်ချက်အမှတ် (၁ / ၂၀၂၀)

၁။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးဇ၏ အမိန့်အမှတ် (၃/ ၂၀၂၀) ဖြင့် အဖွဲ့ဝင် (၁၁) ဦးပါဝင်သော မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။

၂။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ပြန်လည်ဖွဲ့စည်းသည့်အချိန်မှစ၍ ကော်မရှင်သည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ ဥပဒေအမှတ် (၂၁/ ၂၀၁၄) တွင် ပြဋ္ဌာန်းပေးအပ်ထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်အညီ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် စတင်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်၏ ဆောင်ရွက်ချက်များအနက် လူ့အခွင့်အရေးသင်ခန်းစာများပို့ချခြင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တို့တွင် သစ်တောဦးစီးဌာန ဝန်ထမ်းများအတွက် လူ့အခွင့်အရေးအသိပညာပြန့်ပွားရေးအလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပခြင်း၊ မန္တလေးဗဟိုအကျဉ်းထောင်၊ မိတ္ထီလာအကျဉ်းထောင်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းဦးစီးဌာန ကုန်ထုတ်အလုပ်စခန်း (၅) ခု၊ ဆေးရုံအချုပ်ခန်း၊ ရဲစခန်းအချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးခြင်း၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်အကျဉ်းထောင်၊ ပေါင်းတည်အကျဉ်းထောင်၊ ဆေးရုံအချုပ်ခန်း၊ ရဲစခန်းအချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းများသို့ ကြည့်ရှုစစ်ဆေးခြင်း၊ ကော်မရှင် ပြန်လည်ဖွဲ့စည်းခဲ့သည့်အချိန်မှစ၍ လူ့အခွင့်အရေးချိုးဖောက်ခံရမှုနှင့် စပ်လျဉ်းသည့် တိုင်တန်းစာ (၁၄၇) စောင်ကို စိစစ်ဆောင်ရွက်ခဲ့ပြီး စစ်ဆေးတွေ့ရှိချက်များကို အကြံပြုချက်များနှင့်အတူ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများသို့ ပေးပို့ခြင်းနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေ ကြမ်းနှင့်စပ်လျဉ်း၍ ကော်မရှင်၏ သဘောထားမှတ်ချက်များကို ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ပေးပို့ခြင်းတို့ ဖြစ်ပါသည်။

၃။ ကော်မရှင်သည် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်၏ ဌာနေကိုယ်စားလှယ် Mr. Gordon Johnson ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ Democracy Reporting International (DRI) အဖွဲ့အစည်းမှ ကိုယ်စားလှယ်အဖွဲ့၊ ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) မှ ကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီးတို့နှင့် လူ့အခွင့်အရေးနယ်ပယ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအတွက် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

၄။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေပါ ရည်ရွယ်ချက်များ အောင်မြင်စွာအကောင်အထည်ဖော်နိုင်စေရန်နှင့် လက်ရှိ လူ့အခွင့်အရေးအခြေအနေများ ဖြစ်နိုင်သမျှ တိုးတက်ကောင်းမွန်စေရန်အလို့ငှာ ကော်မရှင်သည် လူ့အခွင့်အရေးနယ်ပယ်တွင် ဆောင်ရွက်လျက်ရှိသော တရားဝင်ဖွဲ့စည်းထားသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ အပါအဝင် သက်ဆိုင်ရာ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် ပိုမိုထိတွေ့ညှိနှိုင်း ပူးပေါင်းဆောင်ရွက်သွားရန် စီစဉ်ထားရှိပါသည်။

၅။ ယင်းကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက် လူ့အခွင့်အရေးနယ်ပယ်တွင် ဆောင်ရွက်လျက်ရှိသော တရားဝင်ဖွဲ့စည်းထားသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများအနေဖြင့် အောက်ပါအချက်များကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် ၂၇၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ email: dydirectormnhrc @gmail.com နှင့် Fax: ၀၁-၆၅၄ ၆၇၀ သို့ ပံ့ပိုးပေးပါရန် ကော်မရှင်အနေဖြင့် မေတ္တာရပ်ခံအပ်ပါသည်–

(က) ဆက်သွယ်ရမည့် အချက်အလက်များအပါအဝင် အဖွဲ့အစည်းအမည်နှင့် ဆောင်ရွက်သည့် လုပ်ငန်းများဆိုင်ရာဖော်ပြချက်၊

(ခ) အဖွဲ့အစည်း၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မြှင့်တင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်မှုအစီအစဉ်များနှင့် တာဝန်နှင့် လုပ်ငန်းအစီအစဉ်များ ဖော်ပြပါရှိသော အချက်အလက် စာရွက်စာတမ်းများ၊

(ဂ) အဖွဲ့အစည်း၏ စီမံဆုံးဖြတ်မှုလုပ်ငန်းစဉ်ဆိုင်ရာ သတင်းအချက်အလက်များ၊

(ဃ) အဖွဲ့အစည်း၏ ပဋ္ဌိဌာဉ်စာချုပ်စာတမ်း သို့မဟုတ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် အဖွဲ့အစည်း မှတ်ပုံတင်စာရွက်စာတမ်းမိတ္တူများ၊

(င) အဖွဲ့အစည်း၏ စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာ အဖွဲ့ဝင်စာရင်း၊

(စ) အဖွဲ့အစည်းအနေဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် မည်သည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်လိုကြောင်း အဆိုပြုချက်များ ဖော်ပြထားသည့် အချက်အလက်စာတမ်း၊

(ဆ) အဖွဲ့အစည်း၏ အဓိကကျွမ်းကျင်မှု သို့မဟုတ် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ မြှင့်တင်ကာကွယ်ရာတွင် ဆောင်ရွက်ခဲ့ဖူးသည့် အတွေ့အကြုံနှင့် စွမ်းဆောင်ရည် သတင်းအချက်အလက်များ (ရှိမည်ဆိုပါက)။

၆။ ကော်မရှင်သည် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ၊ မြှင့်တင်ကာကွယ်ရေးဆောင်ရွက်ချက်များ အကောင်အထည်ဖော် လုပ်ဆောင်ရန် စီစဉ်ဆောင်ရွက်သည့်အခါများတွင် ကော်မရှင်မှရရှိသည့် အထက်ဖော်ပြပါ အချက်အလက်များကိုအခြေခံ၍ အသင့်တော်ဆုံး အဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ပါသည်။ ဤနည်းလမ်းအားဖြင့် အဆိုပါအဖွဲ့အစည်းများအနေဖြင့် ကော်မရှင်၏ ဖော်ပြပါ ဆောင်ရွက်ချက်များတွင် လိုအပ်ပါက အပြည့်အဝ ပါဝင်ဆောင်ရွက်ရန်အတွက် အခွင့်အလမ်း ရရှိနိုင်မည်ဖြစ်ပါသည်။

၇။ ဤကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များတွင် လူမှုအဖွဲ့အစည်းများ၏ အများစုကိုယ်စားပြုပါဝင်မှုကို အတိုင်းအတာတစ်ရပ်အထိ ရရှိနိုင်စေမည်ဖြစ်ပြီး မိမိတို့နိုင်ငံ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ မြှင့်တင်ကာကွယ်ရာတွင် သက်ဆိုင်ရာ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းအားလုံးအနေဖြင့် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်သော စွမ်းဆောင်ရည်ပြည့်ဝသည့် ပတ်ဝန်းကျင်ကောင်းတစ်ရပ်ကို ဖန်တီးနိုင်မည်ဟု ကော်မရှင်က ယုံကြည်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်

Coronavirus Disease 2019 (COVID-19) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၂၆/၂၀၂၀) ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

Coronavirus Disease 2019 (COVID-19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၂၆/၂၀၂၀) ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။ (အောက်ပုံ)

အစည်းအဝေး၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက COVID-19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွား/ သေဆုံးမှုများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်း၌ ယခင်ကထက်ကျဆင်းနေပြီဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ တွေ့ရှိရသော်လည်း စင်ကာပူ ၊ ဂျပန်၊ ကိုရီးယား ၊ အီရန်နှင့် အီတလီ နိုင်ငံကဲ့သို့သော နိုင်ငံများတွင် ဖြစ်ပွားမှုများများပြားနေသည်ကို တွေ့ရှိရပါကြောင်း။

ထို့အပြင် ယမန်နေ့တစ်နေ့တည်း၌ ရောဂါဖြစ်ပွားရာနိုင်ငံ ကိုးနိုင်ငံ ထပ်မံတိုးလာခဲ့သဖြင့် မိမိတို့ နိုင်ငံအတွင်းသို့လည်း ရောဂါဖြစ်ပွားမှု အချိန်မရွေးရောက်လာနိုင်သည် ဆိုသည့်အချက်ကို နောက်ခံထား၍ ဤရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို စနစ်တကျအားဖြည့်ကာ ဆက်လက်လုပ်ဆောင်ရမည်မှာ အရေးကြီးပါကြောင်း။

ကြိုတင်ပြင်ဆင်ထားရမည်

အထူးသဖြင့် ကိုရီးယားသမ္မတနိုင်ငံ၌ ရက်တိုကာလအတွင်း ဤရောဂါဖြစ်ပွားသူ များပြားလာသည်ကို တွေ့ရသဖြင့် ထိုဖြစ်စဉ်၏ အကြောင်းအချက်များကို ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ကပ်ရောဂါဗေဒဆိုင်ရာ ကျွမ်းကျင်မှုရှုထောင့်မှ ဆန်းစစ်သုံးသပ်ရမည်ဖြစ်ပြီး မိမိတို့လေ့လာသုံးသပ်၍ တွေ့ရှိချက်များပေါ်မူတည်၍ မိမိတို့သည် ပြည်သူ့ကျန်းမာရေးကဏ္ဍနှင့် ကုသရေးကဏ္ဍပိုင်းဆိုင်ရာများကို ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ပါကြောင်း။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများလုပ်ကိုင်နေသည်မှာ ရှစ်ပတ်ခန့်ရှိပြီဖြစ်သည့်အတွက် မိမိတို့၏ ဆောင်ရွက်ချက်များကို ပြန်လည်ဆန်းစစ်မှုများပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ လိုအပ်ချက်၊ အားနည်းချက်များကို ပြည်သူ့ကျန်းမာရေး၊ ကပ်ရောဂါဗေဒနှင့် ကုသရေးဘက်တို့မှ အားဖြည့်ဆောင်ရွက်စေလိုပါကြောင်း။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင့်လိုက် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ လူတစ်ဦးချင်း၊ အိမ်ထောင်စုတစ်စုချင်း ၊ ရပ်ရွာလူထုတစ်စုချင်းနှင့် လူများစုဝေးတက်ရောက်ကြသည့် ပွဲလမ်းသဘင်၊ အဆင့်များအလိုက် မည်သို့ကြီးကြပ်ဆောင်ရွက်ရမည်ကို စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း။

ပွဲလမ်းသဘင်များအား တတ်နိုင်သမျှ အနည်းဆုံးဖြစ်နိုင်ရေး

ယခုအချိန်အခါတွင် မိမိတို့မြန်မာနိုင်ငံအတွင်း၌ လူစုလူဝေးများဖြင့် ပြုလုပ်မည့် ပွဲလမ်းသဘင်များအား တတ်နိုင်သမျှ အနည်းဆုံးဖြစ်နိုင်ရေးအတွက် ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့်လည်း – ယခုကာလအတွင်း လူစုလူဝေးများပြားရာနေရာများနှင့် ပွဲလမ်းသဘင်များရှိရာနေရာများကို အတတ်နိုင်ဆုံးရှောင်ကြဉ်ကြပါရန်၊ အခြေအနေအကြောင်းကြောင်းကြောင့် မဖြစ်မနေ ကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကိုသာ ပြုလုပ်ကြပါရန်နှင့် အကယ်၍ ထိုသို့မလွဲမရှောင်သာကျင်းပရပါက တက်ရောက်သည့် လူအရေအတွက် နည်းနိုင်သမျှနည်းပါးစေရန်နှင့် ဖျားနာသူများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါရှိသူများ မလာရောက်စေရေး အစီအမံများ တင်းကျပ်စွာ ပြုလုပ်ရမည့်အပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေးနှိုးဆော်ချက်များကိုလည်း တိကျစွာစနစ်တကျ လိုက်နာဆောင်ရွက်ကြရန်မှာ အရေးကြီးပါကြောင်း။

အသေးစိတ်ပြန်လည်သုံးသပ်မှုများ ပြုလုပ်စေလို

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဗဟိုနှင့် တိုင်းဒေသကြီး/ ပြည်နယ်ရှိ ကျန်းမာရေးဌာနများအကြား ဤ COVID-19 ရောဂါနှင့် ပတ်သက်သည့် သတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ခြင်း၊ သုံးသပ်ခြင်း၊ ပြန်လည်အကြံပြုဆောင်ရွက်ရန် လမ်းညွှန်မှုပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များမှ နေ့စဉ်သတင်းပေးပို့မှုများအား ကူးစက်ရောဂါဗေဒရှုထောင့်မှ အသေးစိတ်ပြန်လည်သုံးသပ်မှုများ ပြုလုပ်စေလိုပါကြောင်း၊ လက်ရှိ၌ COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာမရှိသေးသော်လည်း အချိန်မရွေး ပေါ်ပေါက်လာနိုင်သည်ဆိုသည့်အချက်ကို ပြည်သူလူထုများအားလုံး သိရှိနိုင်ရန် နည်းလမ်းမျိုးစုံအသုံးပြု၍ ဆက်သွယ်အသိပေးပြောကြားရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧန်နဝါရီ ၂၄ ရက်မှ ယခုအချိန်အထိ ကျင်းပခဲ့သော အစည်းအဝေးများမှ ညွှန်ကြားချက်များအား တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးမှူးများအပါအဝင် ဗဟိုအဆင့် ဆေးရုံကြီးများသို့ ဖြန့်ဖြူး၍ ဆောင်ရွက်ရမည့်လုပ်ငန်းများအား ပြန်လည်သုံးသပ်အားဖြည့် ဆောင်ရွက်စေလိုပါကြောင်း။

မျှတစွာ ချိတ်ဆက်ဖြည့်ဆည်း

COVID-19 ရောဂါနှင့်ပတ်သက်၍ ကာကွယ်ရေးလုပ်ငန်းစဉ်များ လုပ်ဆောင်ရာတွင်ကာကွယ်ရေး၊ကုသရေးနှင့်ကျန်းမာရေးအသိပညာပေးရေး အခန်းကဏ္ဍများမှဆောင်ရွက်ချက်များကို ဆန်းစစ်သုံးသပ်၍ လိုအပ်ချက်များကို မျှတစွာ ချိတ်ဆက်ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယခုအချိန်အခါတွင် Mobile Tablet များကို အသုံးပြု၍ အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များမှတစ်ဆင့် ပြည်သူများအား သတင်းဖြန့်ဝေခြင်းလုပ်ငန်းကို ပိုမိုအားဖြည့်၍ ရာနှုန်းပြည့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ eHealth Unit မှ ကျန်းမာရေးဝန်ထမ်းများက အဆိုပါ Mobile Tablet အားမည်မျှအထိ အသုံးပြုသည်၊ မပြုသည်ကို လေ့လာဆန်းစစ်မှုများ ချက်ချင်းဆောင်ရွက်စေလိုကြောင်း၊ COVID-19 ရောဂါနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများ၊ သက်ဆိုင်ရာ ဆေးရုံကြီးများနှင့် ပြုလုပ်ဆွေးနွေးကြမည့် Tele/ Video Conferencing များအား တစ်ပတ်လျှင် နှစ်ကြိမ် မပျက်မကွက် ဆက်လက်ပြုလုပ်စေလိုကြောင်း၊ အပြည်ပြည်ဆိုင်ရာလေဆိပ်/ရေဆိပ်များ၊ နယ်စပ်ဝင်ပေါက်/ထွက်ပေါက်များတွင် တာဝန်ကျသူများနှင့် ဗဟိုမှတာဝန်ရှိသူများက တယ်လီဖုန်းဖြင့် နေ့စဉ်ဆက်သွယ်မေးမြန်းမှုများအား ဆက်လက်လုပ်ဆောင်စေလိုကြောင်း၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲအနေဖြင့် အခြားသော နိုင်ငံများ၏ COVID-19 ရောဂါ ဖြစ်ပွား/သေဆုံးမှုများနှင့် ပတ်သက်သည့် အချက်အလက်များအား တိကျသေချာသည့် သက်ဆိုင်ရာ နိုင်ငံများမှ မီဒီယာများက အချိန်နှင့်တစ်ပြေးညီ စောင့်ကြပ်ကြည့်ရှုပြီး သုံးသပ်စေလိုကြောင်း။

ယခု COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်သည့် အကြောင်းအရာများအား သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် နိုင်ငံတကာ/ ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းမှုများ၊ အကြောင်းကြားမှုများ ပြုလုပ်ရာတွင် တရားဝင်စာများဖြင့် ဆက်သွယ်ဆောင်ရွက်စေလိုပါကြောင်း။

ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများ ဆောင်ရွက်

ယခုအချိန်တွင် COVID-19 ရောဂါလျင်မြန်စွာဖြစ်ပွားလျက်ရှိသည့် အီတလီ၊ အီရန်နှင့် ကိုရီးယားနိုင်ငံများမှ လေကြောင်းလိုင်းများ မြန်မာနိုင်ငံအတွင်းသို့ တိုက်ရိုက်(သို့မဟုတ်)တစ်ဆင့်ခံ ဆိုက်ရောက်နေမှုများနှင့် ပတ်သက်၍ တတ်နိုင်သမျှ ပိုမိုအားထည့်ကာ လိုအပ်သည့် ရောဂါကာကွယ်ထိန်းချုပ်သည့်လုပ်ငန်းများကို ဆောင်ရွက်စေလိုပါကြောင်း၊ ကိုရီးယားနိုင်ငံမှ တိုက်ရိုက်ဝင်ရောက်လာသော လေကြောင်းလိုင်းများအား အထူးဦးစားပေး၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ခရီးသည်များ တည်းခိုနေထိုင်ရာ နေရာအတိအကျ၊ ပြည်တွင်း၌ သွားလာမည့်ခရီးစဉ် အတိအကျများအား စုံစမ်းမှတ်သား၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများနှင့်ညှိနှိုင်းပြီး ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရောဂါဖြစ်ပွားမှုများပြားသော နေရာဒေသများမှ ခရီးသည်များ ပြည်တွင်းသို့ဝင်ရောက်မှု တတ်နိုင်သမျှ နည်းပါးစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ကူးစက်ရောဂါဖြစ်ပွားမှုများသောဒေသမှ ပြန်လည်ရောက်ရှိလာသူ နိုင်ငံသားများအား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အထူးအလေးပေး ဆောင်ရွက်ရန်နှင့် လိုအပ်ပါက နေအိမ်များ၊ တည်းခိုခန်းနှင့် ဟိုတယ်များ၊ ညွှန်းပို့ဆေးရုံများတွင် အသွားအလာတားမြစ် ကန့်သတ်ခြင်း(Quarantine)ကို ၁၄ ရက်ကြာ ပြုလုပ်ရမည်ဖြစ်ပါကြောင်း။

အရှိန်လုံးဝမလျှော့ဘဲ ဆက်လက်ဆောင်ရွက်

လေကြောင်းလိုင်းများအနေဖြင့် ဖြစ်နိုင်ပါက လေယာဉ်ခရီးစဉ်တစ်ခုချင်းပြီးဆုံးပါက အဆိုပါလေယာဉ်များအား စနစ်တကျ ပိုးသတ်သန့်ရှင်းမှုများ ပြုလုပ်ဆောင်ရွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်လုံးဝမလျှော့ဘဲ ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVID-19 အဆုတ်ရောင်ရောဂါနှင့်ပတ်သက်သည့် နောက်ဆုံးအချက်အလက်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်ပြည်နယ်၊ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသော ယူနန်ပြည်နယ်နှင့် ပြည်နယ်အလိုက် ရောဂါဖြစ်ပွား/ သေဆုံးမှုအခြေအနေများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြင်ပနိုင်ငံများအနက် COVID-19 လတ်တလော အသက်ရှူ လမ်းကြောင်းဆိုင်ရာရောဂါဖြစ်ပွား/ သေဆုံးမှုမြင့်တက်လာသည့် ကိုရီးယားသမ္မတနိုင်ငံနှင့် အီရန်နိုင်ငံကဲ့သို့သော နိုင်ငံများမှ ထူးခြားဖြစ်စဉ်များ၊ ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြည်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသူ/ သားများအနက် ဒယ်ဂူးမြို့တွင် ပညာသင်ကြားနေသည့် မြန်မာနိုင်ငံသား ခုနစ်ဦးအား ရန်ကုန်မြို့ ဝေဘာဂီဆေးရုံကြီးတွင် Hospital Quarantine ၁၄ ရက်ထားရန် စီစဉ်ထားရှိမှုများ၊ အခြားသောသူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရေး အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ထားရှိမှု၊ တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ ဆေးရုံ/ ဆေးခန်းများမှ ထူးခြားဖြစ်စဉ်များ၏ အခြေအနေများ၊ ကမ္ဘာတစ်ဝန်းရှိ အချို့သောနိုင်ငံများ၏ ခရီးသွားလာမှုများနှင့် ပတ်သက်၍ ထိန်းချုပ်ထားရှိမှု အခြေအနေများ စသည်တို့ကို ဆွေးနွေးတင်ပြခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး)၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန)၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝယ်/ဖြန့်)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ)၊ နေပြည်တော် ခုတင် (၁,၀၀၀) ဆံ့ပြည်သူ့ဆေးရုံအုပ်ကြီး၊ ညွှန်ကြားရေးမှူး (ဗဟိုကူးစက်)၊ ညွှန်ကြားရေးမှူး (ကုသရေး)၊ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများနှင့် ပြည်သူ့ကျန်းမာရေး၊ ကုသရေး၊ ဓာတ်ခွဲ၊ e-health၊ ပြည်တွင်းပြည်ပ ဆက်ဆံရေးနှင့် သတင်းပြန်ကြားရေး ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) စသည့်ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်၍ ဆန်းစစ်သုံးသပ်ခြင်း၊ ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အများအားဖြင့် သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

ရွှေတိဂုံစေတီတော် ၂၆၀၈ နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရွှေတိဂုံစေတီတော် ၂၆၀၈ နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်ချမ်းသာကြီး တန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဂေါပကအဖွဲ့များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များက ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွားတော်များအား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

ကိုးပါးသီလ ခံယူဆောက်တည်

ထို့နောက် နိုင်ငံတော်သြဝါဒါ စရိယ ရွှေတိဂုံစေတီတော် သြဝါဒါ စရိယ ရန်ကင်းမြို့နယ် မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက် ကျိုက်ပိ ကျောင်းဆရာတော် ဘဒ္ဒန္တဂုဏောသန ထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဇည့် ပရိသတ်များက ကိုးပါးသီလ ခံယူ ဆောက်တည်ကြသည်။ **(ယာဝုံ)**

ယင်းနောက် ၂၆၀၈ နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရေးနှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် စပ်လျဉ်း၍ အလှည့်ကျ သဘာပတိ ဦးအေးထွန်းက ဗုဒ္ဓပူဇနီယ မဂ်လာ အဖွင့်စကား ဖတ်ကြားလျှောက်

ထားသည်။

ထို့နောက် မြတ်ဗုဒ္ဓ၏ သဗ္ဗညုတ ဉာဏ်ရောင် မြတ်တန်ဆောင်ကို လေးမြတ်ကော်ရော် ပူဇော်သော အားဖြင့် ရွှေတိဂုံစေတီတော် သြဝါဒါ စရိယ ကျိုက်ပိကျောင်းဆရာတော် ဘဒ္ဒန္တဂုဏောသနနှင့် ဂေါပကအဖွဲ့ဝင်များက ဆီမီးတန်ဆောင်ထွန်း ညှိပူဇော်ပြီး ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော်အား ဖွင့်လှစ်ပေးကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဂေါပကအဖွဲ့ဝင်များက ရွှေတိဂုံစေတီတော် သြဝါဒါ စရိယ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် မဟာပဋ္ဌာန်းဒေသနာ တော် ရွတ်ဖတ်ပူဇော်ရန် တိုက်တွန်း လွှာအား ရွတ်ဖတ်ခြင်း၊ မဟာပဋ္ဌာန်း ပစ္စယနိဒ္ဒေ ဒေသနာတော်များကို ရွှေတိဂုံစေတီတော် သြဝါဒါစရိယ ဆရာတော်ကြီးများ၊ ဗဟိုမဏ္ဍပ် အတွင်းရှိ ဇည့်ပရိသတ်များ၊ အာရုံခံ မုခ်ဦးလေးခုတွင် နေရာယူထားကြ သော ပရိသတ်အမျိုး လေးပါးတို့က ရွတ်ဖတ်ပူဇော်ခြင်းနှင့် ဗဟိုမဏ္ဍပ် အတွင်းရှိ ရတာဃရစံအိမ်တော် အတွင်း အသင့်နေရာယူထားသော သံဃာတော်မှ အသံမစဲမဟာပဋ္ဌာန်း ဒေသနာတော်များ ဆက်လက် ရွတ်ဖတ်ပူဇော်ခြင်းတို့ ဆောင်ရွက် ကြသည်။

ရွှေတိဂုံစေတီတော်၏ အသံမစဲ မဟာပဋ္ဌာန်းဒေသနာတော်များကို သံဃာတော်များက ယနေ့မှ မတ် ၈ ရက်အထိ ပူဇော်ရွတ်ဖတ်သွား မည်ဖြစ်ကြောင်း သိရှိရသည်။

သတင်း၊ ဓာတ်ပုံ – ဇော်မင်းလတ်

Coronavirus Disease 2019 (COVID-19) ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

(၂၈-၂-၂၀၂၀) ရက်နေ့၊ ည (၈:၁၅) နာရီ

၁။ ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၈-၂-၂၀၂၀) ရက်နေ့ မြန်မာစံတော်ချိန် နံနက်(၀၁:၃၀)နာရီအချိန်ထုတ်ပြန်ချက်)

ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံစုစုပေါင်း - ၄၇ နိုင်ငံ
ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း - ၈၂,၂၉၄ ဦး
ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - ၂,၈၀၄ ဦး

၂။ မြန်မာနိုင်ငံ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ

(၂၈-၂-၂၀၂၀ ရက်နေ့၊ ညနေ (၆:၁၅) နာရီ အချိန်ထိ)

	လူနာဦးရေ	ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ		
		ပိုးတွေ့	ပိုးမတွေ့	စစ်ဆေးဆဲ
စောင့်ကြည့်လူနာ	၄၃	-	၄၂	၁
သံသယလူနာ	၂	-	၂	-
စုစုပေါင်း	၄၅	-	၄၄	၁

၃။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် သံသယလူနာနှင့် စောင့်ကြည့်လူနာတွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၁၄) ဦး၊ ရှမ်းပြည်နယ်တွင် (၁၂) ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၈)ဦးနှင့် အခြား တိုင်းဒေသကြီး/ ပြည်နယ်များတွင် (၁၁) ဦး စုစုပေါင်း (၄၅) ဦးတို့ဖြစ်ပါသည်။

၄။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာ၌ အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ ဆိပ်ကမ်းများ၊ နယ်စပ် ဝင်ပေါက်၊ ထွက်ပေါက်များတွင် လည်း ကောင်း၊ ပြည်သူလူထုအခြေပြု၍လည်းကောင်း၊ ပြည်သူ့ဆေးရုံများနှင့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများအခြေပြု၍ လည်းကောင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၅။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါကြိုတင်ပြင်ဆင်မှုအနေဖြင့် ဗဟိုအဆင့် ဆေးရုံကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများတွင် အထူးကြပ်မတ်ကုသဆောင်များ (Intensive Care Unit–ICU)၊ သီးခြားထားရှိကုသဆောင် (Isolation Ward)များ ပြင်ဆင်ထားရှိခြင်း၊ လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းတို့ကို ဝယ်ယူဖြန့်ဖြူးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများ၊ အလှူရှင် များနှင့်လည်း ချိတ်ဆက် ဆောင်ရွက်လျက်ရှိပါသည်။

၆။ မြန်မာနိုင်ငံအနေဖြင့် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပြည်တွင်း ပြည်ပအဖွဲ့အစည်း အသီးသီးနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိရာ အလှူရှင်များနှင့် အဖွဲ့အစည်းများထံမှ ဆေးနှင့်ဆေးပစ္စည်းများ လက်ခံ ရရှိမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	အဖွဲ့အစည်း အမည်	Personal Protective Equipment (အစုံရေ)	N95 Mask (ခု)	Surgical Mask (ခု)	Hand Gel (ဗူး)	Non- Contact Thermometer (ခု)	Ventilator (ခု)	Glove (ခု)
၁	ကမ္ဘာ့ကျန်းမာ ရေးအဖွဲ့	၁၀၀	၅၀၀	-	-	-		
၂	မြန်မာနိုင်ငံ ကြက်ခြေနီအသင်း	၂,၀၀၀	-	၅,၀၀၀	၁,၈၅၇	-		၆,၀၀၀
၃	Sea Lion Company	၂,၀၀၀	-	-	-	-		
၄	ဥက္ကာသိရိကုမ္ဍဏီ	၁,၀၀၀	-	-	၂၂၅	-		
၅	ဇီဇဝါကုမ္ဍဏီ	-	-	-	-	၄၅		
၆	Gold Lite Co.,Ltd		၂,၀၀၀					
၇	Eclion Global Group နှင့် အခြား အလှူရှင်များ	၃,၃၀၀						
၈	ရီရှင်းကုမ္ဍဏီ မိသားစု						၅	
၉	Valves Co.,Ltd			၂,၀၀၀				
	စုစုပေါင်း	၈,၄၀၀	၂,၅၀၀	၇,၀၀၀	၂,၀၇၂	၄၅	၅	၆,၀၀၀

၇။ COVID-19 ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအနေ ဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပိုစတာ၊ လက်ကမ်းစာစောင်၊ စတစ်ကာ၊ ဗီနိုင်း စသည့် ကျန်းမာရေး ပညာပေးအထောက်အကူပစ္စည်းများကို ပြုစုထုတ်ဝေခဲ့ပြီး ဗဟိုနှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးသို့ ဖြန့်ဝေခဲ့ပြီး ဖြစ်ပါသည်။ COVID-19 ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးပညာပေးသတင်းအချက်အလက်များကို ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov.mm) နှင့် လူမှုကွန်ရက်စာမျက်နှာများ (https://www.facebook.com/MinistryOfHealthAndSportsMyanmar နှင့် https://www. facebook.com/MyanmarCDC) တို့တွင် QR Code ကို Scan ဖတ်၍ ရယူနိုင်မည်ဖြစ်ပါသည်။ ယခု အချိန်အထိ ၎င်း QR Code အား Scan ဖတ်၍ ကြည့်ရှုသူပေါင်း (၃၇၀,၀၀၀) ခန့်ရှိပြီဖြစ်ပါသည်။ ထို့အပြင် နိုင်ငံပိုင်သတင်းမီဒီယာများ၊ ရေဒီယိုများနှင့် တိုင်းရင်းသားဘာသာစကားကဏ္ဍတို့တွင်လည်း ကျန်းမာရေးပညာပေးသတင်းအချက်အလက်များကို စဉ်ဆက်မပြတ် ထုတ်လွှင့် ဖော်ပြလျက်ရှိပါသည်။

၈။ မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ COVID-19 ရောဂါဖြစ်ပွားသူလူနာ မတွေ့ရှိသေးသော်လည်း -

- ရောဂါစတင်ဖြစ်ပွားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံအပြင် အီတလီ၊ အီရန်နှင့် အထူးသဖြင့် ကိုရီးယားသမ္မတ နိုင်ငံတို့၌ အရှိန်အဟုန်ဖြင့် ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသည်ကို တွေ့မြင်နေရပါသည်။
- အဆိုပါနိုင်ငံများ၌ ခရီးသည်များသည် လေကြောင်းခရီးဖြင့် တိုက်ရိုက်သော် လည်းကောင်း၊ အခြားနိုင်ငံများတွင် ရပ်နားဖြတ်သန်းပြီးသော် လည်းကောင်း၊ မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်သည့် အခြေအနေများစွာရှိနေပါသည်။
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်းကာ အထူးအားဖြည့်၍ ဆောင်ရွက်လျက်ရှိပါသည်။
- အပြည်ပြည်ဆိုင်ရာဝင်ပေါက်များမှ သံသယလက္ခဏာရှိသူများမဝင်ရောက်နိုင်စေရန် ထိန်းချုပ်ဆောင်ရွက်နေ သကဲ့သို့ နိုင်ငံတကာခရီးသည်များ တည်းခိုနေထိုင်မည့် ဟိုတယ်၊ တည်းခိုခန်းနှင့်အိမ်များ၌ ရောဂါစောင့်ကြပ် ကြည့်ရှုရေးလုပ်ငန်းများ ဆောင်ရွက်မှုမှာ အရေးကြီးသည့် အချက်တစ်ချက်ဖြစ်ပါသည်။
- COVID-19 ရောဂါ လူနာများနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်းမရှိသူ (သို့မဟုတ်) ရောဂါဖြစ်ပွားရာဒေသ၊ နိုင်ငံများသို့ လတ်တလောသွားရောက်ခဲ့သော ခရီးသွားရာဇဝင်မရှိသူများတွင်လည်း ရောဂါကူးစက်ဖြစ်ပွားမှု ဖြစ်စဉ်များအား နိုင်ငံအချို့တွင် တွေ့ရှိနေရပါသည်။
- လူစုလူဝေးများသောနေရာများတွင် COVID-19 ရောဂါဖြစ်ပွားသူ (သို့မဟုတ်) ရောဂါလက္ခဏာမပြသေးသော် လည်း ရောဂါရှိသူ (Asymptomatic carrier) တစ်ဦးထံမှ အခြားသူများထံသို့ ရောဂါကူးစက်ပြန့်ပွားနိုင်ပါသည်။

၉။ မြန်မာနိုင်ငံတွင်လည်း ရောဂါဖြစ်ပွားသူအများအပြား ရုတ်တရက်တစ်ပြိုင်နက်တွေ့ရှိလာနိုင်ပြီး ပြည်သူများ အတွင်း၌ ကူးစက်ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် -

(က) ယခုကာလအတွင်း လူစုလူဝေးများပြားရာနေရာများ၌ ပွဲလမ်းသဘင်ရှိရာနေရာများကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ကြပါရန်၊

(ခ) အခြေအနေ အကြောင်းကြောင်းကြောင့် မဖြစ်မနေကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကိုသာ ပြုလုပ်ကြပါရန်နှင့်

(ဂ) အကယ်၍ ထိုသို့ မလွှဲမရှောင်သာကျင်းပရပါက တက်ရောက်သည့်လူအရေအတွက် နည်းနိုင်သမျှ နည်းပါးစေရန်နှင့် ဖျားနာသူများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများ မလာရောက်စေရေး အစီအမံများ တင်းကျပ်စွာပြုလုပ်ရမည့်အပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန် ထားသော ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေးနှိုးဆော်ချက်များကိုလည်း တိကျစွာ စနစ်တကျလိုက်နာ ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်ပန်ကြားအပ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့ ဘူးသီးတောင်မြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများသို့ သွားရောက်သတင်းရယူ

ဘူးသီးတောင် ဖေဖော်ဝါရီ ၂၈

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ရောက်ရှိနေသော ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများသို့ သွားရောက်သတင်းရယူကြသည်။

သတင်းမီဒီယာအဖွဲ့သည် ဘူးသီးတောင်မြို့နယ် သီရိမင်္ဂလာရွာမဘုန်းကြီးကျောင်းရှိ တိုက်ပွဲရှောင်စခန်း၌ အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများကို ပြုစုစောင့်ရှောက်ထားမှု၊ စခန်းသို့ ရောက်ရှိလာမှုများနှင့် စပ်လျဉ်း၍ သတင်းရယူကြပြီး ရွာမကျေးရွာမူလတန်းလွန်ကျောင်း၌ ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုကို သတင်းရယူကြသည်။

ထို့နောက် ဘူးသီးတောင်မြို့နယ် လမ်းမဘုန်းကြီးကျောင်းရှိ တိုက်ပွဲရှောင်စခန်း၌ တိုက်ပွဲရှောင်မိသားစုများနှင့် တွေ့ဆုံမေးမြန်းသတင်းရယူကြသည်။

မွန်းလွဲပိုင်းတွင် ရန်အောင်မြေဘုန်းကြီးကျောင်းရှိ တိုက်ပွဲရှောင်စခန်း၌ ဘူးသီးတောင်မြို့နယ် လူငယ်များက တိုက်ပွဲရှောင်မိသားစုများအား စိတ်ဓာတ်မြှင့်တင်ရေးဖျော်ဖြေတင်ဆက်နေမှုနှင့် တိုက်ပွဲရှောင်မိသားစုဝင်များအား တွေ့ဆုံမေးမြန်း သတင်းရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါ သတင်းမီဒီယာအဖွဲ့တွင် Myanmar Now၊ Eleven Media Group၊ VOA၊ CAN၊ European Press-photo Agency(epa)၊ BBC Media Action နှင့် Aljazeera သတင်းဌာနတို့မှ သတင်းမီဒီယာသမားများပါရှိပြီး သတင်းမီဒီယာအဖွဲ့များ မောင်တောဒေသသို့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ သွားရောက်သတင်းရယူမှုအနေဖြင့် ၃၆ ကြိမ် ရှိပြီဖြစ်ကြောင်း သိရသည်။ **မြင့်မောင်နှင့်ဂျေတီ**

ဓာတ်ပုံ-သက်လွင်စိုး (မောင်တောပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၂၉-၂-၂၀၂၀ (စနေနေ့)

နံနက်ပိုင်း

- ၆:၀၀ – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ – Breakfast News
- ၁၀:၃၅ – လုံမမှတ်စု(၁၂၈)
- ၁၁:၀၀ – "၂၀၂၀ ပြည်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ" (ရူပဗေဒဘာသာရပ်)
- ၁၂:၃၅ – နိုင်ငံခြားဇာတ်လမ်းတွဲ "နှလုံးသားခေါ်ဆောင်ရာ" (အပိုင်း-၁၂)

ညပိုင်း

- ၁၆:၂၅ – "၂၀၂၀ ပြည်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ" (ဇီဝဗေဒဘာသာရပ်)
- ၁၇:၄၀- သူတို့ဒေသ သူတို့ဘဝ "စဉ်အနုပညာ ထွန်းကားရာ နွယ်ငြိမ်း"
- ၁၈:၂၅ – MRTV Travelogue (သဘာဝရဲ့ အလှတရားများဆီသို့) (အပိုင်း- ၁၁)
- ၁၉:၁၅ – နိုင်ငံခြားဇာတ်လမ်းတွဲ "သူရဲကောင်းတို့ရဲ့ ဒဏ္ဍာရီ" (အပိုင်း-၁၂)
- ၂၀:၀၀ – ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀:၃၅ – "ကင်းထောက်ဆိုသည်မှာ" (စကားပိုင်း) (အပိုင်း-၁)
  - မြန်မာဗီဒီယိုဇာတ်လမ်း "ရင်ထဲမှာ ဘာညာဘာညာ" (ဒွေး၊ နေအောင်၊ ထက်ထက်မိုးဦး၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-နောင်ထွန်းလွင်၊ ညီညီထွန်းလွင်)

မူဆယ်မြို့ မြန်မာ-တရုတ်နှစ်နိုင်ငံ အဝင် အထွက်ဂိတ်၌ သေနတ်နှစ်လက်သိမ်းဆည်းရမိ

မူဆယ် ဖေဖော်ဝါရီ ၂၈

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ မြန်မာ-တရုတ်နှစ်နိုင်ငံ အဝင်အထွက်ဂိတ် မြန်မာနိုင်ငံဘက်ခြမ်းရှိ လှေကားခြေရင်း၌ လက်နက်ငယ်နှစ်ခုကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၇ နာရီခွဲက တွေ့ရှိပြီး မူဆယ်မြို့မရဲစခန်းက သိမ်းဆည်းထားကြောင်း သိရသည်။

မူဆယ်မြို့နယ်စပ်ဂိတ် မြန်မာနိုင်ငံဘက်ခြမ်းတွင် သန့်ရှင်းရေးဝန်ထမ်း မခင်မာဌေး (၄၄နှစ်)က သန့်ရှင်းရေးပြုလုပ်နေစဉ် မသက်ဘဖွယ် အထုပ်တစ်ထုပ်ကို တွေ့ရှိသဖြင့် အမှတ် (၇) လဝကမှူး ဦးတေဇာလင်းထံသို့ အကြောင်းကြားပြီး အထုပ်အား ကြည့်ရှုစစ်ဆေးရာ သေနတ်နှစ်လက်ကိုတွေ့ရှိသဖြင့် မူဆယ်မြို့ မြို့မရဲစခန်းသို့ ဆက်လက်အကြောင်းကြားသည်။

အဆိုပါနေရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်၊ မြို့နယ်ရဲမှူး အောင်ကျော်ဦးနှင့်အဖွဲ့ သွားရောက်ကြည့်ရှုစစ်ဆေးရာ 9MM P.A.K ပစ္စတိုတစ်လက်၊ ကျည်အိမ်နှစ်ခု၊ ကျည် ၂၂ တောင့်နှင့် အမျိုးအစား စစ်ဆေးဆဲ သေနတ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ ကျည်ခြောက်တောင့်တို့ကို တွေ့ရှိသိမ်းဆည်းခဲ့ကြောင်း သိရသည်။ **ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

အထောက်အထားမဲ့ ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၅၅၃ စီး၊ သွင်းကုန် ၁၃၉၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၂၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၇ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၉၈ သန်းတန်ဖိုးရှိ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဆေးဝါးများအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်ဘူတာကြီး စကြီ်အမှတ်(၇) ရှေ့ရှိ ဆိုင်ခန်းတစ်ခန်း မီးလောင်မှုဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွှန့်မြို့နယ် ရန်ကုန်ဘူတာကြီး စကြီ်အမှတ် (၇) ရှေ့၌ ဖေဖော်ဝါရီ ၂၇ ရက်ည ၁၁ နာရီ မိနစ် ၅၀ က မီးလောင်မှုဖြစ်ရာ မင်္ဂလာတောင်ညွှန့်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက မီးသတ်ယာဉ်ငါးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ၁၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်ဘူတာကြီး စကြီ်အမှတ်(၇)ရှေ့တွင် ကမာရွတ်မြို့နယ် အမှတ်(၇)ရပ်ကွက်နေ ဒေါ်မြတ်ကြည်ပြာအောင် (၄၆)နှစ် ဖွင့်လှစ်ထားသော လက်ဖက်ရည်ဆိုင်ခန်း၌ အသုံးပြုသည့် မီးထိန်းညှိစက် အပူလွန်ကဲရာမှ မီးစတင်လောင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါဆိုင်ခန်းမှာ မီးလောင်ဆုံးရှုံးခဲ့သဖြင့် ဒေါ်မြတ်ကြည်ပြာအောင်အား ရန်ကုန်ဘူတာကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

မော်လမြိုင်မြို့နှင့် ပေါင်မြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲ ၂ နာရီက မွန်ပြည်နယ် မော်လမြိုင်မြို့ သီရိမြိုင်ရပ်ကွက် စာရေးကြီးကုန်း (၆)လမ်းတွင် အုပ်စိုးခန့်၊ မောင်းနှင်ပြီး စိုးပိုင်ဦး လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၇ ပြား သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်အရ ညနေ ၅ နာရီတွင် ပေါင်မြို့ ကဒါရပ်ကွက် မြို့သစ်(၄)လမ်းရှိ စိုးတင့်၏နေအိမ်ကိုရှာဖွေရာ နေအိမ်ခြံဝင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၊ ရေစိုပျက်စီးနေသော စိတ်ကြွရူးသွပ်ဆေးပြားအလေးချိန် သုည ဒသမ ၁၁ ကီလို၊ နေအိမ်အောက်ထပ်မှ ငွေကျပ် ၅၀၀၀၀၊ ဆိုင်ကယ်တစ်စီးတို့ကိုသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

တာချီလိတ်မြို့၌ ဗုံးသီးဟောင်းအား တူဖြင့်ထုမိ၍ ပေါက်ကွဲကာ တစ်ဦးဒဏ်ရာရ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ရှမ်းပြည်နယ် တာချီလိတ်မြို့ မယ်ခေါင်(၁)ရပ်ကွက်နေ ဦးအိုက်မိန်း (၅၃နှစ်)၏ သံတို၊ သံစ၊ သတ္တုဟောင်းရောင်းဝယ်ရေးဆိုင်၌ ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၁ နာရီခွဲက အဆိုပါရပ်ကွက်နေ ဆိုင်အလုပ်သမား ဒေါ်မိုးအောင် (၃)ထွေးညို(၅၁နှစ်)က ပစ္စည်းဟောင်းများ ရှင်းလင်းစဉ် တွေ့ရှိသည့် ဗုံးသီးဟောင်းတစ်လုံးကို တူဖြင့်ထုမိ၍ ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

အဆိုပါနေရာသို့ တာချီလိတ်မြို့နယ် ရဲတပ်ဖွဲ့မှျူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်မတော်တို့ ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ပေါက်ကွဲမှုကြောင့် ဒေါ်မိုးအောင်(၃)ထွေးညိုတွင် ဒဏ်ရာများရရှိခဲ့ပြီး တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

အင်းစိန်၌ မှုခင်းအသိပညာပေးဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၂၈

အင်းစိန်မြို့နယ် တည်ငြိမ်ရေးနှင့်ရပ်ကွက် ဦးရွှေဘင်လမ်း ဆူးမက်ဝင်းဝင်း အထည်ချုပ်စက်ရုံဝင်းအတွင်း၌ ဖေဖော်ဝါရီလစတုတ္ထပတ်က အင်းစိန်မြို့မရဲစခန်းမှ ရဲအုပ် ဇာမဲဖုန်ရမ် ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှု တပ်ဖွဲ့စု (၆)မှ ဒုရဲအုပ်ဇော်ဦးနှင့် မူးယစ်တပ်ဖွဲ့စု (၄၀)မှ ဒုရဲအုပ်ဝေဖြိုးဦးတို့က စက်ရုံမန်နေဂျာ ဦးအောင်မြတ်ကိုနှင့် စက်ရုံဝန်ထမ်းများအား မှုခင်းအသိပညာပေးပြခန်းယာဉ်ပြသပြီး သက်ငယ်မုဒိမ်းမှုနှင့် အမှုကြီးများဖြစ်ပွားမှုမရှိစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ လူကုန်ကူးမခံရစေရေးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးတို့ကို ဟောပြောရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဉာဏ်လင်း**

လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ ပန်ကြားချက်

- ဖေဖော်ဝါရီလလယ်မှ မေလလယ်ထိ အချိန်ကာလသည် မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်နိုင်သည့် ကာလ ဖြစ်ပါသည်။ မန္တလေး၊ မကွေး၊ စစ်ကိုင်း၊ ဧရာဝတီ၊ ပဲခူးတိုင်း ဒေသကြီးများနှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံးဖြစ်ပွားလေ့ရှိပါသည်။
- ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရေးအတွက် လေပြင်းဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်း၊ အိမ်များ အားဖြည့်ပြင်ဆင်ပေးခြင်းတို့ကို ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်ရန် လိုအပ်ပါသည်။
- ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ပေးကြပါရန်နှင့် အောက်ပါကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်နိုင်ပါရန် အကြံပြုအပ်ပါသည်-
  - နေအိမ်အဆောက်အဦများ၏ ခိုင်ခံ့မှုကို စစ်ဆေးပါ။
  - လေဒဏ်ခံနိုင်စေရေးအတွက် အမိုး၊ အခင်း၊ အကာများတွင် ထောက်တန်းများ၊ ဒေါက်တိုင်များကို လိုအပ်သလို ဖြည့်စွက်ဆောင်ရွက်ပါ။ အဆက်နေရာများတွင် ချောင်ထွက်မနေအောင် ဆောင်ရွက်ပါ။ ယိုင်နဲ့၊ ယိုယွင်းမှုများကို ပြုပြင်အစားထိုးပါ။
  - မြေဝင်အိမ်တိုင်များ သိပ်သည်းကျစ်လျစ်စေရန် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့ပါ။
  - သွပ်မိုးအစွန်နေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ငယ်မိုးများတွင် ဝါးရာဇမတ်ကွက်(ကြက်နင်း)ဖြင့် အုပ်မိုးပါ။ သွပ်နန်းကြိုး/နီး စသည်တို့ဖြင့် ခိုင်မြစ်စွာချည်နှောင်ပါ။
  - သက်ဆိုင်ရာဌာနများအလိုက် ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများ၊ အကြံပြုချက်များ၊ သတိပေးချက်များကို လိုက်နာဆောင်ရွက်ပါ။ အခြားသူများကိုလည်း မျှဝေပေးပါ။
- သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

❖ *ကျောဖုံးမှ*

ပါလာဝါရှာနှင့် တွေ့ဆုံခဲ့ပြီး နှစ်ပွဲပြတ် အနိုင်ရခဲ့သည်။ သက်ထားသူဇာသည် လက်ရည်အသာဖြင့် ယှဉ်ပြိုင်ကစားကာ ၂၁-၁၂ မှတ်၊ ၂၁-၆ မှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ သက်ထားသူဇာသည် ဒုတိယအဆင့်တွင် အိမ်ရှင် ကင်ညာ ကစားသမားနှင့် တွေ့ဆုံနေပြီး ဖေဖော်ဝါရီ ၂၉ ရက် **(ယနေ့)** ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကာ ယနေ့တွင် ဒုတိယအဆင့်နှင့် ကွာတားဖိုင်နယ်ကို တစ်ရက်တည်း ကစားရမည်ဖြစ်သည်။ သက်ထားသူဇာသည် ယခုပြိုင်ပွဲ၏ လက်ရှိချန်ပီယံဖြစ်ပြီး ချန်ပီယံဆုကာကွယ်ရခြင်းဖြစ်သည်။ သက်ထားသူဇာသည် လက်ရှိချန်ပီယံဖြစ်သောကြောင့် ဆီဒင်-၁ သတ်မှတ်ခံထားရပြီး ပထမအဆင့်မှ စတင်ကစားရခြင်းဖြစ်သည်။ သက်ထားသူဇာသည် Uganda International ပြိုင်ပွဲတွင် ချန်ပီယံဆုကာကွယ်ပြီးနောက် ယခုပြိုင်ပွဲတွင် ချန်ပီယံဆု ထပ်မံကာကွယ်ရခြင်းဖြစ်သည်။ **ညီမြတ်သော်တာ**

မင်းသားဟယ်ရီတို့ဇနီးမောင်နှံ၏ လုံခြုံရေးကုန်ကျစရိတ်ကို ထပ်မံပေးတော့မည်မဟုတ်ကြောင်း ကနေဒါပြောကြား

အော့တာဝါ ဖေဖော်ဝါရီ ၂၈
ကနေဒါနိုင်ငံသည် မင်းသားဟယ်ရီနှင့် ကြင်ရာတော် မီဂန်တို့၏ လုံခြုံရေးကုန်ကျစရိတ်များကို မတ်လမှစတင်ကာ ထပ်မံပေးနိုင်တော့မည် မဟုတ်ကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဘီလ်ဘလဲက ယမန်နေ့ကထုတ်ပြန်ချက်တွင် ပြောကြားလိုက်သည်။

ဆူးဆက်မြို့စားနှင့် မြို့စားကတော်တို့သည် အနောက်ဘက်အကျဆုံး ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် နိုဝင်ဘာလကတည်းက အချိန်ပိုင်း နေထိုင်လျက်ရှိကြောင်း သိရသည်။

လွန်ခဲ့သောလက မင်းသားဟယ်ရီနှင့် ကြင်ရာတော် မီဂန်တို့သည် တော်ဝင်တာဝန်များမှ ရုတ်တရက် နုတ်ထွက်လိုက်ကြသည်။

ကနေဒါနိုင်ငံတွင် မင်းသားဟယ်ရီနှင့် ကြင်ရာတော် မီဂန်တို့၏ လုံခြုံရေးကို ကနေဒါရဲတပ်ဖွဲ့က အပြည်ပြည်ဆိုင်ရာ လူပုဂ္ဂိုလ်ကာကွယ်ရေးသဘောတူညီချက်အရ ဖြည့်ဆည်းပေးလျက်ရှိသည်။

ယခုလို လုံခြုံရေးပေးနေမှုသည် လာမည့် ရက်သတ္တပတ်အတွင်း ပြီးဆုံးတော့မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြခဲ့သည်။

ကနေဒါပြည်သူများက မင်းသားဟယ်ရီနှင့် ကြင်ရာတော် မီဂန်တို့၏ တော်ဝင်နန်းတော်မှ ထွက်ခွာလာမှုကို ကြိုဆိုခဲ့ကြသည်။

ဒေသတွင်း ဘုရင်စနစ်ကို ထောက်ခံသူများအား ကောက်ယူခဲ့သော အေအက်ဖ်ပီ၏ စစ်တမ်းများအရ ခရီးသွားလာရေးအုပ်စုများက အဆိုပါ မင်းသားစုံတွဲအပေါ် ပို၍ပင် စိတ်ဝင်စားရှုးသွပ်ကြောင်း သိရသည်။

သို့သော်လည်း မကြာသေးမီက ကောက်ယူခဲ့သော စစ်တမ်းများအရ ၇၇ ရာခိုင်နှုန်းသော ကနေဒါနိုင်ငံရှိ အခွန်ထမ်းပြည်သူများက မင်းသားစုံတွဲအတွက် လုံခြုံရေးကုန်ကျစရိတ်ကို စိတ်လိုလက်ရ မပေးချင်ကြောင်း တွေ့ရှိခဲ့သည်။

အေအက်ဖ်ပီ

မင်းသားဟယ်ရီနှင့် မင်းသမီး မီဂန်တို့ကို တွေ့ရစဉ်။

ကမ္ဘာအနှံ့ ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှု ပိုမိုဖြစ်ပွားလာ

ပေကျင်း ဖေဖော်ဝါရီ ၂၈
တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုနှုန်း ကျဆင်းလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားခဲ့သည်။

သို့သော် အဆိုပါဗိုင်းရပ်စ်သည် တစ်ကမ္ဘာလုံးအနှံ့ကူးစက်ရန်အလားအလာရှိနေသဖြင့် တိုင်းပြည်များအနေဖြင့် ရောဂါထိန်းချုပ်ရေးပိုမိုလုပ်ဆောင်ကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲက တောင်းဆိုခဲ့သည်။

ကူးစက်ခံရမှုမြင့်

လွန်ခဲ့သည့် နှစ်ရက်တာကာလအတွင်း တရုတ်နိုင်ငံပြင်ပ အခြားနိုင်ငံများတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုနှုန်းမှာ တရုတ်နိုင်ငံတွင် နောက်ထပ် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုနှုန်းထက် မြင့်နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

အီရန်၊ အီတလီနှင့် တောင်ကိုရီးယားနိုင်ငံတို့တွင် ကူးစက်မှုနှုန်းမှာ မြင့်တက်နေသည်။ အီတလီနိုင်ငံတွင် လူပေါင်း ၆၅၀ ကူးစက်ခံရပြီး ၁၇ ဦး သေဆုံးသွားခဲ့ပြီဖြစ်သည်။

နော်ဝေနှင့် ဒိန်းမတ်နိုင်ငံတို့တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှုများ တွေ့ရှိလာရသည်။

ပြင်သစ်နိုင်ငံတွင် ကူးစက်ခံရသူ ၁၈ ဦးမှ ၃၈ ဦးအထိ မြင့်တက်လာပြီး ပြင်သစ်သမ္မတ ကိုယ်တိုင် ဖေဖော်ဝါရီ ၂၇ ရက်က ပါရီမြို့ဆေးရုံပေါ်သို့ သွားရောက်ကြည့်ရှုခဲ့သည်။

ကူဝိတ်စီးတီးတွင် နာခေါင်းစည်းတပ်ဆင်ထားသည့် အမျိုးသမီးနှစ်ဦးကို တွေ့ရစဉ်။

နယ်စပ်ပိတ်ထား

ဆော်ဒီအာရေဗျတွင် နိုင်ငံပေါင်း ၂၅ နိုင်ငံမှလာသည့် ဘုရားဖူးများနှင့် ခရီးသွားများအတွက် နယ်စပ်ကို ပိတ်ထားဆဲဖြစ်သည်။

ယူအေအီး လေကြောင်းလိုင်းဖြစ်သည့် အင်းမရိတ်နှင့် ဖလိုင်း ဒုဘိုင်း လေကြောင်းလိုင်းတို့သည် တရုတ်၊ ဂျပန် ၊ အီရန်နိုင်ငံတို့မှလာသည့် ခရီးသွားများကို သယ်ယူပို့ဆောင်ခြင်း မပြုတော့ပေ။

ပိုမိုများပြားနိုင်

အီရန်နိုင်ငံတွင်လည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၂၆ ဦး အထိ မြင့်တက်လာခဲ့သည်။

အီရန်နိုင်ငံသို့ ရောဂါမည်သို့ ဝင်ရောက်လာသည်ကို ထောက်လှမ်း၍ မရနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ အရာရှိတစ်ဦးက ပြောသည်။ ထို့ကြောင့် ဗိုင်းရပ်စ်ကူးစက်မှုသည် ယခုတွေ့ရှိသည့် လူထက် ပိုမိုများပြားနိုင်ကြောင်း သတိပေးထားသည်။ **အင်နန်အိတ်ချ်ကေ**

ဆော်ဒီလေသူရဲများကို လေ့ကျင့်မှုများ ပြန်လည်လုပ်ဆောင်ပေးနေပြီဖြစ်ကြောင်း ပင်တဂွန်ပြောကြား

ဝါရင်တန် ဖေဖော်ဝါရီ ၂၈
အကြမ်းဖက်လုပ်ရပ်တစ်ခုဟု ခေါ်ဆိုရမည့် ဖလော်ရီဒါရေတပ်အခြေစိုက်စခန်းတစ်ခုတွင် သင်တန်းသားတစ်ဦး က အမေရိကန်သုံးဦးကို သေနတ်ဖြင့် ပစ်သတ်ပြီး နှစ်လကြာပြီးနောက် ပင်တဂွန်စစ်ဌာနချုပ်က ဆော်ဒီလေသူရဲများကို လေ့ကျင့်မှုများ ပြန်လည်လုပ်ဆောင်ပေးနေပြီဖြစ်ကြောင်း ယမန်နေ့က သတင်းထုတ်ပြန်လိုက်သည်။

အမေရိကန်ရေတပ်က ၎င်းတို့အနေဖြင့် ပန်ဆာကိုလာရှိ လေယာဉ်များ ဆင်းသက်နိုင်သည့် အမေရိကန်ရေတပ် အခြေစိုက်စခန်းတွင် ကြပ်ကြပ်မတ်မတ်ဖြင့် လေ့ကျင့်မှုများကို ပြန်လည်စတင်ပြုလုပ်နေပြီဖြစ်ကြောင်း၊ အဆိုပါ ဆောင်ရွက်ချက်များတွင် လေသူရဲ သင်တန်းသားများ အနေဖြင့် သေနတ်ပိုင်ဆိုင်ခွင့်မပြုသည့် တားမြစ်ချက်လည်း ပါဝင်ကြောင်း သိရသည်။

ဆော်ဒီတော်ဝင်လေတပ် ဒုဗိုလ် မိုဟာမက်ဆာအစ်အက်ရှန်ရာနီသည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၆ ရက်က ဥပဒေကို လက်တစ်လုံးခြားလုပ်ပြီး ပစ္စတိုသေနတ်ကိုရယူကာ သင်ကြားမှုပြုလုပ်ရာ စာသင်ခန်းတွင် သင်တန်းသားသုံးဦးကို ပစ်သတ်လိုက်ပြီး အခြားရှစ်ဦးကို ဒဏ်ရာရရှိစေခဲ့သည်။ စည်းကမ်းထိန်းသိမ်းရေးအရာရှိများက ၎င်းကို ချက်ချင်းပစ်သတ်လိုက်ကြောင်း သိရသည်။

နှစ်စဉ်နှစ်တိုင်း နိုင်ငံခြားသားရာပေါင်းများစွာကို အမေရိကန်တို့ ကမ်းလှမ်းသည့် လေ့ကျင့်ရေး သင်တန်းအတွက် အက်ရှန်ရာနီသည် သင်တန်းသားတစ်ဦး အဖြစ် ရွေးချယ်ခံခဲ့ရသည်။

အဆိုပါကိစ္စကြောင့် ပင်တဂွန် စစ်ဌာနချုပ်သည် ဆော်ဒီသင်တန်းသား ၈၅၀ ခန့်အား သင်တန်းပေးနေမှုကို ထိန်းချုပ်ကန့်သတ် ခဲ့ခြင်းဖြစ်သည်။ ထို့နောက် အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာတန်သော လက်နက်များကို ဆော်ဒီသို့ ရောင်းချရေးအပါအဝင် အမေရိကန်-ဆော်ဒီ နှစ်နိုင်ငံဆက်ဆံရေးတွင် အရေးပါသည့် ဆယ်စုနှစ်အတော်ကြာ သင်တန်းပေးနေသည့် ယင်း အစီအစဉ်ကိုလည်း ရပ်ဆိုင်းလျှင် ကောင်းမည်လော၊ ဆက်လုပ်လျှင်ကောင်းမည်လောဆိုပြီး မေးခွန်းထုတ်လျက်ရှိသည်။

စုံစမ်းစစ်ဆေးမှုများအရ အက်ရှန် ရာနီသည် အစွန်းရောက် အစ္စလာမ္မစ်အတွေးအခေါ်များ လွှမ်းမိုးလျက်ရှိ သော်လည်း ယခုကိစ္စကို တစ်ဦးတည်းလုပ်ဆောင်ခဲ့ကြောင်း သိရသည်။ သို့သော်လည်း ၎င်းနှင့်အတူ သင်တန်းတက်ခဲ့သည့် သင်တန်းသား ၂၄ ဦးကိုလည်း ဂျီဟာတ်များနှင့် ပတ်သက်ရုံတင်မက သက်ငယ်လိင်ပိုင်းဆိုင်ရာများနှင့်ပါ ဆက်နွယ်လျက်ရှိသောကြောင့် သင်တန်းမှ ထုတ်ပယ်ခဲ့ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

ကျောင်းများပိတ်သွားရန် ဂျပန်ဝန်ကြီးချုပ် တွန်းအားပေးလုပ်ဆောင်သွားမည်

တိုကျို ဖေဖော်ဝါရီ ၂၈
ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ၎င်းတို့၏အစိုးရသည် ကျောင်းများ ဇြေလအစောပိုင်းမတိုင်မီ အချိန်အထိ ယာယီပိတ်သွားရန် တွန်းအားပေးလုပ်ဆောင်သွားမည်ဟု ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှု မဖြစ်စေရေး လိုအပ်သည့် လုပ်ဆောင်မှုတိုင်းကိုဆောင်ရွက်သွားမည်ဟု ဆက်လက်ပြောကြားခဲ့သည်။

မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများ ဖေဖော်ဝါရီ ၂၄ ရက်မှ စတင်ကာ ပိတ်ထားရန် တောင်းဆိုမှုကို မစ္စတာအာဘေးအစိုးရအဖွဲ့က ဆုံးဖြတ်ပေးခဲ့သည်။

ယင်းအစီအစဉ်ကို နားလည်ပေးရန် မစ္စတာအာဘေးက တောင်းဆိုခဲ့ပြီး ကျောင်းများပိတ်ထားမှုနှင့်စပ်လျဉ်းပြီး ရလဒ်များကို အစိုးရက တာဝန်ယူသွားမည်ဖြစ်သည်။

လာမည့်သီတင်းပတ် သို့မဟုတ် နှစ်ပတ်အတွင်း ကိုရိုနာဗိုင်းရပ်စ်နှိမ်နင်းရေးအတွက် အရေးကြီးသည့်ကာလ ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဒေသအတွင်း အခြေအနေပေါ် မူတည်ပြီး ကျောင်းတိုင်း ကျောင်းတိုင်းသည် ၎င်းတို့၏ကိုယ်ပိုင်အစီအစဉ်အတိုင်း ဆောင်ရွက်နိုင်သည်ဟု ပညာရေးဝန်ကြီး ကိုချီဟာဂူဒါက ဖေဖော်ဝါရီ ၂၈ ရက်တွင် သတင်းထောက်များကို ပြောသည်။

လိုအပ်ပါက ကလေးရှိသည့် အလုပ်သမားများကို အားလပ်ခွင့်ပေးရန် အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များကို ၎င်းက ဆက်လက်တောင်းဆိုခဲ့သည်။ **အင်နန်အိတ်ချ်ကေ**

တိုကျိုမြို့ ရှင်ဘူရာ ရပ်ကွက်မှ မူလတန်းကလေးများကို တွေ့ရစဉ်။

ယာယီအပစ်အခတ်ရပ်စဲရေးမှ ငြိမ်းချမ်းရေးဆီသို့

ခြူးစန္ဒီနွေး

အမေရိကန်နှင့် တာလီဘန်တို့အကြား အကြမ်းဖက်တိုက်ခိုက်မှု လျှော့ချရေးအစီအစဉ် စတင်သည့် ပထမနေ့၌ ဟျော်ရှင်စွာ ကနေကြသည့် အာဖဂန်ဒေသခံများကို တွေ့ရစဉ်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုတွေ၊ အသေခံဗုံးခွဲတိုက်ခိုက်မှုတွေ တရစပ်ဆိုသလို ပြုလုပ်နေတဲ့ တာလီဘန်အဖွဲ့ဟာ တစ်ပတ်ကြာ အကြမ်းဖက်တိုက်ခိုက်မှုတွေကို လျှော့ချမယ်၊ ယာယီအပစ်အခတ်ရပ်စဲမယ်ဆိုပြီး အမေရိကန်နဲ့ သဘောတူထားပါတယ်။

ငြိမ်းချမ်းရေးဆီ ဦးတည်

ဒီခြေလှမ်းဟာ ငြိမ်းချမ်းရေးကိုဦးတည်တဲ့ ခြေလှမ်းပါ။ တကယ်လို့ တစ်ပတ်တာကာလအတွင်းမှာ တာလီဘန်တို့ရဲ့ လက်ချက်နဲ့ အကြမ်းဖက်တိုက်ခိုက်မှု ကြီးကြီးမားမား မဖြစ်ခဲ့ဘူး။ လူသေဆုံးဒဏ်ရာရစေတဲ့ တိုက်ခိုက်မှုမျိုး မရှိခဲ့ဘူးဆိုရင် အာဖဂန်နစ္စတန်မှာ ငြိမ်းချမ်းရေးရဖို့ အလားအလာ အလွန်ကောင်းသွားပါပြီ။ ဆယ်စုနှစ် နှစ်စုကျော်ကြာ စစ်ပွဲကို အဆုံးသတ်နိုင်ဖို့ အမေရိကန်နဲ့ တာလီဘန်တို့ ငြိမ်းချမ်းရေးစာချုပ်မှာ လက်မှတ်ရေးထိုးနိုင်တော့မှာပဲ ဖြစ်ပါတယ်။ အမေရိကန်နဲ့ တာလီဘန်တို့ဘက်က ကိုယ်စားလှယ်တွေ တစ်နှစ်ကြာ ဆွေးနွေးညှိနှိုင်းမှုတွေအပြီးမှာ အခုလို သဘောတူညီမှု ထွက်ပေါ်လာတာပဲ ဖြစ်ပါတယ်။

အိမ်ပြန်ရမယ့်အချိန်

ငြိမ်းချမ်းရေးစာချုပ်မှာ လက်မှတ်မရေးထိုးမီ သင့်တော်တဲ့ လုံခြုံရေးဆိုင်ရာ အစီအမံတွေကို ဖန်တီးရမှာဖြစ်ပြီး တစ်တိုင်းပြည်လုံး ငြိမ်းချမ်းရေးနဲ့ နိုင်ငံခြားတပ်တွေ ရုပ်သိမ်းပေးရေး တို့ကိုလည်း မျှော်လင့်ထားတယ်လို့ တာလီဘန်စေ့စပ်ညှိနှိုင်းသူတစ်ဦးက ပြောပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကလည်း ငြိမ်းချမ်းရေးစာချုပ်မှာ လက်မှတ်ရေးထိုးဖို့ အသင့်ပဲလို့ ပြောကြားခဲ့ပါတယ်။ ဒီအချိန်ဟာ အိမ်ပြန်ရမယ့်အချိန်ပဲ၊ ၁၉ နှစ်ဆိုတဲ့ကာလဟာ နည်းတဲ့အချိန်ကာလ မဟုတ်ပါဘူးလို့ ထရမ့်က ပြောခဲ့ပါတယ်။

တာလီဘန်အဖွဲ့အစည်းဆိုတာ ဘာလဲ

တာလီဘန်တွေဟာ ၁၉၉၄ ခုနှစ်ပြည်တွင်းစစ်ပွဲမှာ ပေါ်ပေါက်လာပါတယ်။ သူတို့ဟာ ၁၉၉၆ ခုနှစ်မှာ ကဘူးလ်မြို့ကို သိမ်းယူနိုင်ခဲ့ပါတယ်။ နှစ်နှစ်အတွင်းမှာ တစ်တိုင်းပြည်လုံးကို ချုပ်ကိုင်သွားနိုင်ခဲ့ပါတယ်။ ၁၉၉၆ခုနှစ်ကနေ ၂၀၀၁ခုနှစ်အထိ အာဖဂန်နစ္စတန်နိုင်ငံကို အုပ်ချုပ်ခဲ့ပါတယ်။ တာလီဘန်တွေ တိုင်းပြည်ကို အုပ်ချုပ်နေတဲ့ကာလအတွင်းမှာ တီဗွီကြည့်ခြင်း၊ သီချင်းနားထောင်ခြင်းနဲ့ ရုပ်ရှင်ကြည့်ခြင်းတို့ကို ပိတ်ပင်ထားခဲ့ပါတယ်။ ဝတ်စားဆင်ယင်မှုမှာလည်း တင်းကျပ်ထားပြီး အမျိုးသမီးတွေရဲ့ ပညာရေးကိုလည်း ပြင်းပြင်းထန်ထန် နှိပ်ကွပ်ထားပါတယ်။ နောက်ပြီးတော့ ရက်စက်ကြမ်းကြုတ်တဲ့ အပြစ်ပေးစီရင်မှုတွေ ချမှတ်ခဲ့ပါတယ်။

သတင်းကို ဖုံးကွယ်

တာလီဘန်တွေ အာဏာကနေ ဖြုတ်ချခံရပြီးတဲ့နောက် မူလာအိုမာက တာဘီဘန်ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ သူဟာ ၂၀၁၃ ခုနှစ်မှာ သေဆုံးခဲ့ပေမယ့် တာလီဘန်တို့ကတော့ နှစ်နှစ်ကြာတဲ့အထိ အဲဒီသတင်းကို ဖုံးထားခဲ့ပါတယ်။ အခုလက်ရှိ တာလီဘန်တွေကို ဦးဆောင်နေတဲ့သူကတော့ မော်လဝီ ဟီဘတ်တူလာ အက်ဟန်ဇာဒါပဲ ဖြစ်ပါတယ်။

တာလီဘန်တွေကိုဖြုတ်ချ

အမေရိကန်မှာ စက်တင်ဘာ ၁၁ ရက်က တိုက်ခိုက်မှုအပြီး ၂၀၀၁ ခုနှစ်မှာ အမေရိကန်ဟာ အပြည်ပြည်ဆိုင်ရာက တပ်ဖွဲ့တွေနဲ့ပူးပေါင်းပြီးနောက် တာလီဘန်အုပ်စိုးမှုကို ဖြုတ်ချခဲ့ပါတယ်။ ဒါပေမယ့်လည်း တာလီဘန်အဖွဲ့ဟာ သူပုန်အဖွဲ့အစည်းအဖြစ် ပြောင်းလဲသွားပြီး ကြောက်မက်ဖွယ်ရာ တိုက်ခိုက်မှုတွေပြုလုပ်ခဲ့ပါတယ်။ တာလီဘန်အဖွဲ့ရဲ့ တိုက်ခိုက်မှုတွေကြောင့် အာဖဂန်အစိုးရမှာ မငြိမ်မသက်ဖြစ်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ၂၀၁၄ ခုနှစ် ရောက်တဲ့အခါမှာတော့ အပြည်ပြည်ဆိုင်ရာ မဟာမိတ်အဖွဲ့ဟာ သူတို့ရဲ့လုပ်ငန်းကို အဆုံးသတ်ခဲ့ပါတယ်။ အမေရိကန်တစ်နိုင်ငံတည်းသာကျန်ရှိခဲ့ပြီး လေကြောင်းကနေ တိုက်ခိုက်မှုတွေပြုလုပ်ခဲ့ပါတယ်။ ဒါပေမယ့် တာလီဘန်တွေဘက်ကတော့ အရှိန်အဟုန်နဲ့ ပြန်ပြီးအားကောင်းလာပါတယ်။ ၂၀၁၈ ခုနှစ် ရောက်တဲ့အခါမှာ အာဖဂန်နစ္စတန်နိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်းခန့်မှာ တာလီဘန်တွေ ရှိနေတာကို တွေ့ရပါတယ်။

သေဆုံးမှုများ

၂၀၀၁ ခုနှစ် ကျူးကျော်မှုကစလို့ အပြည်ပြည်ဆိုင်ရာက တပ်ဖွဲ့ဝင်ပေါင်း ၃၅၀၀ ဟာ အာဖဂန်မြေပေါ်မှာ ကျဆုံးခဲ့ရပါတယ်။ အာဖဂန်နစ္စတန်နိုင်ငံမှာ အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၁၂၀၀၀ တာဝန်ထမ်းဆောင်နေကြပါတယ်။ ၂၀၁၁ ခုနှစ် အာဖဂန်နိုင်ငံကို ကျူးကျော်ခဲ့ချိန်မှစလို့ အမေရိကန်ပေါင်း ၂၄၄၈ ယောက် ကျဆုံးခဲ့ပြီးပြီလို့ Icasualties.org ဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။ စစ်ပွဲကြောင့် သေကျေပျက်စီးခဲ့ရတဲ့ အာဖဂန်အရပ်သားတွေ၊ အာဖဂန်အစိုးရတပ်တွေနဲ့ စစ်သွေးကြွအရေအတွက်ကိုတော့ အတိအကျသိရဖို့ ခက်ခဲပါတယ်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ အတွင်း ကုလအစီရင်ခံစာမှာတော့ အရပ်သား ၃၂၀၀၀ သေဆုံးခဲ့ရတယ်လို့ ဖော်ပြထားပါတယ်။ ဘရောင်ဘက္ကသိုလ်ရဲ့ ဖော်ပြချက်အရတော့ အာဖဂန်လုံခြုံရေး တပ်ဖွဲ့ဝင်ပေါင်း ၅၅၀၀၀ နဲ့ တာလီဘန်တို့ဘက်က လူပေါင်း ၄၂၀၀၀ သေဆုံးခဲ့ရတယ်လို့ ဖော်ပြထားပါတယ်။

ရွေးကောက်ပွဲကတိ

အာဖဂန်စစ်ပွဲကြောင့် ဆုံးရှုံးခဲ့ရတဲ့ အသက်ပေါင်းလည်း မနည်းပါဘူး။ အခုအချိန်ဟာ ငြိမ်းချမ်းရေးအတွက် အကောင်အထည်ဖော်ရတော့မယ့်အချိန်ပါပဲ။ ယာယီအပစ်အခတ်ရပ်စဲရေးကို အကောင်အထည်ဖော်နိုင်မယ်ဆိုရင် အဲဒီနောက်မှာ ငြိမ်းချမ်းရေးအတွက် လက်မှတ်ရေးထိုးပွဲဆိုတာပါ လိုက်ပါလာမှာပါ။ အာဖဂန်စစ်ပွဲဟာ အမေရိကန်ရဲ့ အရှည်ကြာဆုံး စစ်ပွဲဖြစ်ပြီး ဒီပဋ္ဌိပက္ခကို အဆုံးသတ်မယ်ဆိုတဲ့ သမ္မတ ထရမ့်ရဲ့ ရွေးကောက်ပွဲကတိကို တည်နိုင်တော့မှာလည်း ဖြစ်ပါတယ်။ တာလီဘန်တွေဘက်က ကြည့်မယ်ဆိုရင်လည်း ယာယီအပစ်အခတ်ရပ်စဲရေးကို ဖြတ်ကျော်နိုင်ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲကို အောင်အောင်မြင်မြင်နဲ့ အဆုံးသတ်နိုင်ခဲ့မယ်ဆိုရင် အပြည်ပြည်ဆိုင်ရာရဲ့ အသိအမှတ်ပြုခြင်းကို ခံရမှာပါ။ ဒီအရာဟာ အယ်ကိုင်ဒါနဲ့ အိုစမာဘင်လာဒင်တို့ကို တာလီဘန်တွေ နေရာပေးခဲ့ကတည်းက ဆုံးရှုံးသွားတဲ့အရာလည်း ဖြစ်ပါတယ်။

အနောင့်အယှက်တွေရှိနိုင်

အမေရိကန်ရော တာလီဘန်တို့ဘက်ကပါ ဒီလိုမျိုး သဘောတူထားပေမယ့် ကြားထဲမှာ ဖျက်လိုဖျက်ဆီးလုပ်မယ့် သူတွေလည်းရှိနိုင်တယ်။ အနောင့်အယှက်တွေလည်း ရှိနိုင်တယ်လို့ အမေရိကန်အရာရှိတွေက သတိပေးထားပါတယ်။ ဒါကြောင့် ဒီကာလအတွင်းမှာ အကြမ်းဖက်တိုက်ခိုက်မှုတွေ ပေါ်ပေါက်လာမယ်ဆိုရင် ဘယ်သူ့ရဲ့လက်ချက်လဲဆိုတာ သိရဖို့လည်း အရေးကြီးပါတယ်။ “အကြမ်းဖက်တိုက်ခိုက်မှုတွေ မဖြစ်ပွား အောင်လုပ်ဆောင်နေကြတယ်။ ပြည်သူတွေကလည်း ငြိမ်းချမ်းရေးစာချုပ်ကို လိုလားနေကြတယ်။ အလားတူပါပဲ၊ တာလီဘန်တွေဘက်ကလည်း ငြိမ်းချမ်းရေးစာချုပ်ကို လိုလားမှာပါပဲ။ ဘာလို့လဲဆိုတော့ သူတို့တိုက်ခိုက်နေရတာ မောပန်းနေပြီလေ”လို့ သမ္မတ ထရမ့်က ပြောကြားခဲ့ပါတယ်။

ငြိမ်းချမ်းရေးလက်မှတ်ထိုးဖို့ ပြင်ဆင်

တာလီဘန်တွေဘက်ကလည်း နိုင်ငံတစ်လွှားတိုက်ခိုက်မှုတွေကို သိသိသာသာလျှော့ချနိုင်ရေးအတွက် ပြုလုပ်နေတာကို တွေ့မြင်လာရတယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုကပြောပါတယ်။ ယာယီအပစ်အခတ်ရပ်စဲရေးကာလ တစ်ပတ်ပြည့်ပြီးနောက် ဖေဖော်ဝါရီ ၂၉ ရက်ကျရင် ငြိမ်းချမ်းရေးစာချုပ်မှာ လက်မှတ်ရေးထိုးဖို့ ပြင်ဆင်နေတယ်လို့လည်း မိုက်ပွန်ပီအိုက ပြောပါတယ်။ အာဖဂန်စစ်ပွဲကြောင့် အမေရိကန်တို့ဟာ ဒေါ်လာဘီလီယံနဲ့ချီပြီး သုံးဖြုန်းခဲ့ရပါတယ်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှာတော့ ငြိမ်းချမ်းရေးအတွက် လမ်းပြမြေပုံရှာချင်တယ်ဆိုပြီး တာလီဘန်တွေက အမေရိကန်အရာရှိတွေနဲ့ တွေ့ဆုံဖို့ ကြေညာခဲ့ပါတယ်။ ဒါပေမယ့်လည်း လက်ရှိအာဖဂန်အစိုးရနဲ့ တွေ့ဆုံညှိနှိုင်းဖို့တော့ စစ်သွေးကြွတွေက လက်မခံခဲ့ပါဘူး။ ဒီလိုနဲ့ ကာတာနိုင်ငံမှာ အမေရိကန်နဲ့ တာလီဘန်တို့ ဆွေးနွေးဖို့ အကြောင်းဖန်လာခဲ့ပါတယ်။ အဲဒီကနေတစ်ဆင့် အခုလိုအကြမ်းဖက်တိုက်ခိုက်မှု လျှော့ချရေးအစီအစဉ် ပေါ်ပေါက်လာရတာပါ။ ဒီအစီအစဉ်သာ အောင်မြင်ခဲ့မယ်ဆိုရင် ကာလရှည်ကြာ အမေရိကန်နဲ့ တာလီဘန်တို့ရဲ့ ပဋ္ဌိပက္ခကိုအဆုံးသတ်နိုင်မှာဖြစ်သလို သမ္မတထရမ့်ရဲ့ ရွေးကောက်ပွဲကတိကိုလည်း တည်နိုင်တော့မှာပါ။ ။

ကိုးကား – အေအက်ဖ်ပီ ၊ ဝီကီပီးဒီးယား

> **“၁၉၉၆ ခုနှစ်ကနေ ၂၀၀၁ ခုနှစ်အထိ အာဖဂန်နစ္စတန်နိုင်ငံကို အုပ်ချုပ်ခဲ့ပါတယ်။ တာလီဘန်တွေ တိုင်းပြည်ကို အုပ်ချုပ်နေတဲ့ကာလအတွင်းမှာ တီဗွီကြည့်ခြင်း၊ သီချင်းနားထောင်ခြင်းနဲ့ ရုပ်ရှင်ကြည့်ခြင်းတို့ကို ပိတ်ပင်ထားခဲ့ပါတယ်။ ဝတ်စားဆင်ယင်မှုမှာလည်း တင်းကျပ်ထားပြီး အမျိုးသမီးတွေရဲ့ ပညာရေးကိုလည်း ပြင်းပြင်းထန်ထန် နှိပ်ကွပ်ထားပါတယ်။ နောက်ပြီးတော့ ရက်စက်ကြမ်းကြုတ်တဲ့ အပြစ်ပေးစီရင်မှုတွေ ချမှတ်ခဲ့ပါတယ်”**

နိုင်ငံတကာ သတင်းတိုတွာ

အီရန်ချူကလီးယား သဘောတူညီချက်ကို ထိန်းသိမ်းရာတွင် ရှေ့မတိုးသာ နောက်မဆုတ်သာဖြစ်နေ

ဗီယင်နာ ဖေဖော်ဝါရီ ၂၈

၂၀၁၅ အီရန်ချူကလီးယား သဘောတူညီချက်ကို ထိန်းသိမ်းရန် ကတိပြုထားသည့် ကမ္ဘာ့ခေါင်းဆောင်များသည် အီရန်နှင့်ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်ရာတွင် ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေနှင့် ကြုံတွေ့နေကြောင်း သိရသည်။

ဗြိတိန်၊ ပြင်သစ်၊ ဂျာမန်၊ တရုတ်၊ ရုရှားနှင့် အီရန်နိုင်ငံတို့မှ ခေါင်းဆောင်များသည် လွန်ခဲ့သော နှစ်ရက်က ဗီယင်နာမြို့တွင် တွေ့ဆုံခဲ့ကြသည်။

အမေရိကန်သည် ၂၀၁၈ သဘောတူညီချက်မှ နုတ်ထွက်ပြီးနောက် အီရန်နိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ တိုးမြှင့်ခဲ့သည်။ ထို့ကြောင့် အီရန်နိုင်ငံ၏ စီးပွားရေးသည် ကျပ်တည်းလာခဲ့သည်။ အဆိုပါအရေးကို တုံ့ပြန်သည့်အနေဖြင့် အီရန်နိုင်ငံက ယင်းသဘောတူညီချက်ကို ချိုးဖောက်ပြီး ယူရေနီယံသန့်စင်မှုများကို တိုးမြှင့်လုပ်ဆောင်ခဲ့သည်။

အီရန်နှင့်သဘောတူညီချက်တွင် ပါဝင်သည့် အဖွဲ့ဝင်နိုင်ငံများသည် ယင်းသဘောတူညီချက်ကို ထိန်းသိမ်းရန် သဘောတူခဲ့ကြသော်လည်း အစည်းအဝေးပြီးနောက် အီရန်ဒုတိယ နိုင်ငံခြားရေးဝန်ကြီး အဲဘတ်စ်အာရာချီက ကျေနပ်မှုမရှိကြောင်း ပြောကြားခဲ့သည်။ **အင်နာ်အိတ်ချ်ကော**

တရုတ်က ဒယ်ဂူမြို့ကို ကျန်းမာရေး နှာခေါင်းစည်းများ ပေးလှူ

ဆိုးလ် ဖေဖော်ဝါရီ ၂၈

တောင်ကိုရီးယားနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးက ကိုရိုနာဗိုင်းရပ်စ်တိုက် ဖျက်နေသော တောင်ကိုရီးယားနိုင်ငံ တောင်ပိုင်းရှိ ဒယ်ဂူမြို့ကို ကူညီသည့် အနေဖြင့် ကျန်းမာရေးသုံး နှာခေါင်းစည်း ၂၅၀၀၀ ခန့်ပေးလှူခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ကိုဗစ်-၁၉ ကူးစက်ရောဂါတိုက်ဖျက်ရာတွင် အဆိုးနှင့် အကောင်းမျှဝေပြီး တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကူညီလျက်ရှိကြောင်း တောင်ကိုရီးယားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ရှင်းဟိုင်မင်က ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသားများ၏အခက်အခဲသည် မိမိ၏အခက်အခဲပင်ဖြစ်ကြောင်း၊ တောင်ကိုရီးယားပြည်သူများ၊ ဒယ်ဂူမှ ပြည်သူများကို ကူးစက်ရောဂါ တိုက်ဖျက်ရေးအတွက် ကူညီရန် တရုတ်သံရုံးက ဆန္ဒရှိကြောင်း ၎င်းက ပြောကြားသည်။ တောင်ကိုရီးယားနိုင်ငံတွင် ယနေ့အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၅၇၁ ဦးရှိခဲ့သည်။ စုစုပေါင်း ရောဂါကူးစက်ခံရသူပေါင်း ၂၃၃ ဦးရှိခဲ့ပြီး သေဆုံးသူပေါင်း ၁၃ ဦးအထိ ရှိခဲ့သည်။ **ဆင်ဟွာ**

လူမဲ့ခံယူခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

(၈) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မြှုပ်ရင်းများ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ ဆန္ဒများကို ဖြည့်ဆည်းရန် ရည်ရွယ်၍ အထွေထွေ အစည်းအဝေးများကို ဆင့်ခေါ်နိုင်သည်။ ထို့အပြင် မြှုပ်ရင်းများမှ ညွှန်ကြားလျှင်ဖြစ်စေ ကြွေးမြီတန်ဖိုး၏ ဆယ်ပုံတစ်ပုံ ထက်မနည်းကို ပိုင်ဆိုင်သော မြှုပ်ရင်းများက ထိုသို့ဆောင်ရွက်ရန် စာဖြင့် ရေးသားတောင်းဆိုလျှင်ဖြစ်စေ အစည်းအဝေးခေါ်ယူ ပေးရန် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတွင် တာဝန်ရှိသည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက စုံစမ်းစစ်ဆေးခြင်း

၁၇၈။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အောက်ပါတို့ကို စုံစမ်းစစ်ဆေးရန် တာဝန်ရှိပြီး ၎င်းက သင့်သည်ထင်မြင်လျှင် မှတ်ပုံတင်အရာရှိထံ အစီရင်ခံစာတင်ပြနိုင်သည်-

(၁) ကုမ္ပဏီက မအောင်မြင်လျှင် မအောင်မြင်သည့် အကြောင်းများ၊

(၂) ယေဘုယျအားဖြင့် ကုမ္ပဏီအား စတင်ဖွဲ့စည်းတည်ထောင်ခြင်း၊ စီးပွားရေးလုပ်ငန်းများ၊ စီးပွားရေးဆိုင်ရာ ဆက်ဆံဆောင်ရွက်သည့် ကိစ္စရပ်များနှင့် ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များ။

(ခ) စုံစမ်းစစ်ဆေးမှု၏အတိုင်းအတာသည်ထိုစုံစမ်းစစ်ဆေးမှုအတွက် ကုမ္ပဏီကငွေကြေးကုန်ကျခံနိုင်မှု၊ မြှုပ်ရင်းများ၏ငွေကြေးပြန်လည်ရရှိနိုင်မှုအပေါ် ထိုကုန်ကျစရိတ်၏ သက်ရောက်မှု အလားအလာနှင့် အကျင့်သိက္ခာပျက်ပြားမှုနှင့်သက်ဆိုင်သော သက်သေခံအထောက်အထားများအပေါ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏သိရှိနားလည်မှု သို့မဟုတ် ငွေကြေးပြန်လည်ရယူနိုင်ရန် လုပ်ငန်းစဉ်များ၏ ခိုင်လုံမှုပမာဏတို့အပေါ်တွင် မူတည်စေရမည်။

(ဂ) အစီရင်ခံစာတွင် ရေးသားဖော်ပြထားသည့် အချက်အလက်များသည် မည်သည့် စစ်ဆေးစီရင် ဆောင်ရွက်မှုလုပ်ငန်းစဉ်တွင်မဆို ဦးစွာအမြင်အားဖြင့် ခိုင်မာသည့် သက်သေခံချက်ဖြစ်သည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လုပ်ပိုင်ခွင့်နှင့်တာဝန်များ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အထွေထွေလုပ်ပိုင်ခွင့်များ

၁၇၉။ (က) ဤပုဒ်မနှင့်မဆန့်ကျင်စေဘဲ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(၁) ကုမ္ပဏီကိုအကျိုးရှိစွာစီမံခန့်ခွဲဆောင်ရွက်နိုင်ရေး သို့မဟုတ် အကျိုးရှိစွာ စာရင်းရှင်းလင်းဖျက်သိမ်းနိုင်ရေးအတွက် လိုအပ်သည်ဟုယူဆသည့် အတိုင်းအတာ အထိ ကုမ္ပဏီ၏ လုပ်ငန်းများကို ဆက်လက်လည်ပတ်စေခြင်း၊

(၂) အခန်း (၇) ပါ ပြဋ္ဌာန်းချက်နှင့် မဆန့်ကျင်စေဘဲ မည်သည့် မြှုပ်ရင်းအတန်းအစားကိုမဆို အပြည့်အဝငွေပြန်လည်ပေးဆပ်ခြင်း၊

(၃) မြှုပ်ရင် သို့မဟုတ် မြှုပ်ရင်းဖြစ်ကြောင်း အဆိုပြုသူ သို့မဟုတ် ကုမ္ပဏီထံမှ နစ်နာကြေးတောင်းဆိုသူ သို့မဟုတ် တောင်းဆိုခွင့်ရှိသူ (ယင်းစကားရပ်တွင် လက်ရှိ သို့မဟုတ် အနာဂတ်တွင် သို့မဟုတ် သေချာသော သို့မဟုတ် ဖြစ်နိုင်ခြေရှိသော သို့မဟုတ် ရရှိနိုင်သည်ဟု မျှော်မှန်းသော နစ်နာကြေးများလည်း ပါဝင်သည်) က ကုမ္ပဏီသို့ တောင်းခံခြင်း သို့မဟုတ် ကုမ္ပဏီမှ ပေးဆောင်ရန် တာဝန်ရှိလာနိုင်သော ကိစ္စရပ်များကို ညှိနှိုင်းဖျန်ဖြေခြင်း သို့မဟုတ် စီမံဆောင်ရွက်ပေးခြင်း၊

(၄) တောင်းဆိုမှုများ၊ ကြွေးမြီများ၊ တာဝန်ရှိမှုများနှင့် အခြားသော နစ်နာကြေးတောင်းဆိုမှုများ အားလုံး (ယင်းစကားရပ်တွင် လက်ရှိ သို့မဟုတ် အနာဂတ်တွင် သို့မဟုတ် သေချာသော သို့မဟုတ် ဖြစ်နိုင်ခြေရှိသော သို့မဟုတ် ရရှိနိုင်သည်ဟု မျှော်မှန်းသော နစ်နာကြေးများလည်း ပါဝင်သည်)အတွက် ကုမ္ပဏီနှင့် ကြွေးမြီဆပ်ရန် တာဝန်ရှိသူ သို့မဟုတ် အခြားမြှီစားအကြား ညှိနှိုင်းဖျန်ဖြေပေးခြင်း၊ ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ ပိုင်ဆိုင်သည့်ပစ္စည်းကို တစ်နည်းနည်းနှင့် ထိခိုက်မှုရှိစေသည့် သို့မဟုတ် ဆက်စပ်သည့် အငြင်းပွားမှုများအပေါ် ညှိနှိုင်းဖျန်ဖြေပေးခြင်းတို့အပြင် ထိုတောင်းဆိုမှုများ၊ ကြွေးမြီများ၊ တာဝန်ရှိမှုများနှင့် အခြားသော နစ်နာကြေးတောင်းဆိုမှုများနှင့်စပ်လျဉ်းပြီး အပြည့်အဝ ဆောင်ရွက်ပေးခြင်း။

(ခ) ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(၁) ကုမ္ပဏီကိုယ်စား တရားစွဲဆိုဆောင်ရွက်ခြင်း သို့မဟုတ် ကုမ္ပဏီကိုယ်စား တရားစွဲဆိုမှုအပေါ် ခုခံချေပခြင်း၊

(၂) ၎င်း၏ တာဝန်များကို ကူညီဆောင်ရွက်နိုင်ရန် ရှေ့နေ ငှားရမ်းခွင့်ရှိခြင်း၊

(၃) ကုမ္ပဏီ၏ပိုင်ဆိုင်မှုများအားလုံး သို့မဟုတ် မည်သည့် အစိတ်အပိုင်းကိုမဆို ရောင်းချခြင်း သို့မဟုတ် အခြားနည်းစီမံခန့်ခွဲခြင်း၊

(၄) ကုမ္ပဏီ၏ ကိုယ်စားနှင့် ကုမ္ပဏီ၏ အမည်ဖြင့် စာချုပ်စာတမ်းများ၊ ပြေစာများနှင့် အခြားစာရွက်စာတမ်းများကို လက်မှတ်ရေးထိုး ချုပ်ဆိုခြင်းနှင့် ဤကိစ္စအလို့ငှာ လိုအပ်ပါက ကုမ္ပဏီ၏ တံဆိပ်တုံးကို အသုံးပြုခြင်း၊

(၅) ကုမ္ပဏီပိုင်ပစ္စည်းကို အာမခံအပေါင်အနှံအဖြစ် ထားလျက်ဖြစ်စေ၊ မထားဘဲဖြစ်စေ လိုအပ်သည့် ချေးငွေများကို ရယူနိုင်ခြင်း၊

(၆) ကြွေးမြီဆပ်ရန် တာဝန်ရှိသူတစ်ဦးဦး သို့မဟုတ် အခြားမြှီစားထံမှ ၎င်းပေးဆပ်ရန် တာဝန်ရှိသည့် ကြွေးမြီကို ပေးဆပ်စေရန် လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(၇) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ ကိုယ်တိုင် မဆောင်ရွက်နိုင်သည့် စီးပွားရေးလုပ်ငန်းများ သို့မဟုတ် ကိုယ်တိုင် မဆောင်ရွက်သင့်သည့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်စေရန် အေးဂျင့်ခန့်အပ်ခြင်း၊

(၈) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ယင်း၏ ပိုင်ဆိုင်မှုများကို ပိုင်းခြားခွဲဝေပေးရန် အလို့ငှာ ဆောင်ရွက်ရန်လိုအပ်သည့် ကုမ္ပဏီကိစ္စရပ်များအားလုံးကို ဆောင်ရွက်ခြင်း။

(ဂ) တရားရုံး သို့မဟုတ် မြှုပ်ရင်းများကော်မတီ သို့မဟုတ် မြှုပ်ရင်းများ၏ အတည်ပြုချက်ရှိ သည်မှအပ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် နည်းဥပဒေများတွင် သတ်မှတ်ထားသော အနည်းဆုံးပမာဏထက် ကျော်လွန်တောင်းခံလာသည့် ကြွေးမြီ အတွက် စေ့စပ်ညှိနှိုင်း ဖျန်ဖြေပေးခြင်း မပြုရ။

(ဃ) ပဋ္ဌိညာဉ်တစ်ရပ်သည် ၆ လအတွင်း ရပ်စဲသွားနိုင်ခြင်း သို့မဟုတ် အတည်ပြုဆောင်ရွက်နိုင်ခြင်းရှိစေကာမူ တရားရုံး၏ သို့မဟုတ် မြှုပ်ရင်းများကော်မတီ၏ သို့မဟုတ် မြှုပ်ရင်းများ၏ အတည်ပြုချက်ရှိလျှင်မှတစ်ပါး ကုမ္ပဏီ၏စာရင်း ရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် ကုမ္ပဏီ၏ကိုယ်စား ပဋ္ဌိညာဉ်တစ်ရပ်အား ၆ လ ထက် ကျော်လွန်၍ ချုပ်ဆိုပေးခြင်းမပြုရ။

(င) ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကျိုးကြောင်းဆီလျော်သည့် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ စာအုပ်စာတမ်းများကို စစ်ဆေးပိုင်ခွင့်ရှိသည်။

(စ) ဤအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် ၎င်း၏ကိုယ်ပိုင်ဆင်ခြင်တုံတရားနှင့် အညီ ကုမ္ပဏီ၏လုပ်ငန်းကိစ္စရပ်များနှင့် ပိုင်ဆိုင်မှုများကို စီမံခန့်ခွဲခြင်းနှင့် ပိုင်းခြားခွဲဝေခြင်းပြုရမည်။

(ဆ) ဤဥပဒေအရ အာဏာများကို ကျင့်သုံးသောစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီနှင့် တွဲဖက်လုပ်ကိုင်နေသူထံသို့ ကုမ္ပဏီပိုင်ပစ္စည်းကို ခွဲဝေပေးအပ်ခြင်းပြုလုပ် ခဲ့လျှင် မြှုပ်ရင်းများကော်မတီ (ရှိလျှင်)သို့ ယင်းအကြောင်းအရာနှင့်စပ်လျဉ်း၍ အသိပေးအကြောင်းကြားစာ ပေးပို့ရမည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံတင်ပြရန် တာဝန်

၁၈၀။ (က) ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်ပြီးနောက် တစ်နှစ်အတွင်း ဆောင်ရွက်ပြီးစီးခြင်း မရှိသေးပါက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် ပုံစံအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း လုပ်ငန်းစဉ်နှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များ၊ ရောက်ရှိနေသည့် အခြေအနေတို့ပါဝင်သည့် အစီရင်ခံစာတစ်စောင် ရေးသားပြုစု၍ မှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်။

(ခ) ပုဒ်မခွဲ (က) အရ အစီရင်ခံစာကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းပြီးဆုံးသွားသည်အထိ နှစ်စဉ်တင်ပြရမည်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ဤပုဒ်မကို လိုက်နာရန်ပျက်ကွက်ပါက-

(၁) မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်တစ်သိန်းထက် မပိုသည့် ဒဏ်ကြေးငွေကို တပ်ရိုက်ရမည်၊

(၂) တရားရုံးသည် ၎င်းအား သတ်မှတ်ထားသည့်ကာလအတွင်း အစီရင်ခံစာ တင်သွင်းစေရန် အမိန့်ချမှတ်နိုင်သည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ရာထူးလစ်လပ်ခြင်း

၁၈၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည်-

(က) ၎င်း၏ ရာထူးတာဝန်မှ နုတ်ထွက်နိုင်သည်၊

(ခ) လူမဲ့ခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ရန် အရည်အချင်းရှိမှု ရပ်စဲသွားချိန်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဆောင်ရွက်ခြင်းမှ နုတ်ထွက်ရမည်၊

(ဂ) အပြီးသတ်အစည်းအဝေးကျင်းပပြီးနောက် ၎င်း၏ အစီရင်ခံစာ တင်ပြရန် တာဝန်အား ကျေနပ်လက်ခံသည်အထိ တတ်နိုင်သမျှ ဆောင်ရွက်၍ ပြီးစီးသွားချိန်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်မှ ဆောလျင်စွာ နုတ်ထွက်ရမည်၊

(ဃ) သေဆုံးလျှင် ရာထူးတာဝန်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ရာထူးမှထုတ်ပယ်ခြင်း

၁၈၂။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ရာထူးမှထုတ်ပယ်ပြီး အောက်ပါအခြေအနေ တစ်ရပ်ရပ်တွင် အခြားသူအား အစားထိုးခန့်အပ်နိုင်သည်-

(က) ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဖြစ်ပါက ဤကိစ္စအလို့ငှာ အထွေထွေအစည်းအဝေးကျင်းပပြီး ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်း၊

(ခ) မြှုပ်ရင်းများ၏ဆန္ဒအလျောက် သို့မဟုတ် တရားရုံး၏အမိန့်အရ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းဖြစ်ပါက နည်းလမ်းတကျကျင်းပသည့် မြှုပ်ရင်းများ အစည်းအဝေးတွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်း၊

(ဂ) မည်သည့်စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းတွင်မဆို ထိုသို့ထုတ်ပယ်ရန်အကြောင်း သက်သေထင်ရှားပြနိုင်၍ တရားရုံးက အမိန့်ချမှတ်ခဲ့ခြင်း။

လစ်လပ်နေသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ရာထူးဖြည့်စွက်ခန့်ထားခြင်း

၁၈၃။ လစ်လပ်နေသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရာထူးကို အောက်ပါနည်းလမ်း တစ်ရပ်ရပ်ဖြင့် ဖြည့်စွက်ခန့်ထားနိုင်သည်-

(က) ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဖြစ်ပါက ဤကိစ္စလို့ငှာ အထွေထွေအစည်းအဝေးကျင်းပပြီး ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်း၊

(ခ) မြှုပ်ရင်းများ၏ဆန္ဒအလျောက် သို့မဟုတ် တရားရုံး၏ အမိန့်အရ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းဖြစ်ပါက သတ်မှတ်ချက်များနှင့် အညီ ကျင်းပသော မြှုပ်ရင်းများ အစည်းအဝေးတွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်း၊

(ဂ) မည်သည့်စာရင်းရှင်းလင်းဖျက်သိမ်းခြင်းတွင်မဆို တရားရုံးက အမိန့်ချမှတ်ခဲ့ခြင်း၊

(ဃ) တစ်ဦးထက်ပိုသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ ရှိသည့်အနက် တစ်ဦးမှ နုတ်ထွက်ခြင်းဖြစ်ပါက ကျန်ရှိသူစာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများ၏ ဆန္ဒအရ အစားထိုးခန့်အပ်ခြင်း။

ကုမ္ပဏီက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်မှု မပြုခြင်း သို့မဟုတ် အမည်စာရင်း မတင်ပြခြင်း

၁၈၄။ (က) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းစဉ် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိကို ခန့်အပ်ခြင်း မပြုရသေးလျှင် သို့မဟုတ် မည်သူကမျှ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ဆောင်ရွက်နေခြင်း မရှိလျှင် ဒါရိုက်တာများသည် ၎င်းတို့၏ အခွင့်အာဏာကို တရားရုံး၏ ခွင့်ပြုချက်ဖြင့် ကျင့်သုံးနိုင်သည်။

(ခ) သို့ရာတွင် ဒါရိုက်တာများသည် အောက်ပါကန့်သတ်ထားသော ရည်ရွယ်ချက်များတွင် တရားရုံး၏ ခွင့်ပြုချက်မပါသော်လည်း ကျင့်သုံးနိုင်သည်-

(၁) မြှုပ်ရင်းများ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းသည့် အခါတွင် ပုဒ်မ ၁၅၆ (မြှုပ်ရင်းများအစည်းအဝေး)၊ ပုဒ်မ ၁၅၇ (ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ကြေညာချက်) တို့နှင့် ကိုက်ညီမှုရှိသည့် အတိုင်းအတာအထိ လိုက်နာဆောင်ရွက်ရန်၊

(၂) ပျက်စီးလွယ်သည့် ကုန်ပစ္စည်းများအား စီမံခန့်ခွဲဆောင်ရွက်ရန်၊

(၃) ကုမ္ပဏီပိုင်ပစ္စည်းများကို ကာကွယ်ရန်အတွက် လိုအပ်သည့် ကိစ္စရပ်များ ဆောင်ရွက်ရန်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ တာဝန်မှစွန့်လွှတ်ခြင်း

၁၈၅။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်း၏တာဝန်မှရပ်စဲသွားသည့်အခါဖြစ်စေ၊ နောက်ဆုံး အပြီးသတ်ခွဲဝေခြင်း (ရှိလျှင်) ပြီးစီး၍ အပြီးသတ် အစည်းအဝေးကို ကျင်းပပြီးစီးသွားလျှင်ဖြစ်စေ ကုမ္ပဏီနှင့်စပ်လျဉ်း၍ မိမိ၏ တာဝန်ရှိမှုများမှ စွန့်လွှတ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) တရားရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များကို စီမံခန့်ခွဲရာတွင် နည်းလမ်းတကျ ဆောင်ရွက်ခဲ့ခြင်း ရှိ မရှိ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ၏ ကျင့်ဝတ်ကို လိုက်နာခဲ့ခြင်း ရှိ မရှိ ကို ထည့်သွင်းစဉ်းစားရမည်။ သို့ရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်စဉ် ပြုမူဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍-

(၁) အရေးကြီးသည့် အချက်အလက်များကို လိမ်လည်လှည့်ဖြားခြင်းရှိခဲ့ကြောင်း သို့မဟုတ် ဖျောက်ဖျက်ခြင်း သို့မဟုတ် ဖုံးကွယ်ခြင်းရှိခဲ့ကြောင်း သက်သေထင်ရှားပါက ထိုခွင့်ပြုခဲ့သည့်အမိန့်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်၊

(၂) ပုဒ်မ ၂၁၇ အရ အရေးယူခြင်းကို မထိခိုက်စေရ။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဆုံးဖြတ်ချက်အား တရားရုံးသို့ လျှောက်ထားခြင်း

၁၈۶။ တစ်ဦးတစ်ယောက်သည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဆောင်ရွက်ချက် သို့မဟုတ် ဆုံးဖြတ်ချက်ကြောင့် ထိခိုက်နစ်နာခဲ့လျှင် ထိုသူသည် တရားရုံးသို့ လျှောက်ထားနိုင်ပြီး တရားရုံးမှ ကြားနာပြီးနောက် ထိုဆောင်ရွက်ချက် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

ဆက်လက်ဖော်ပြပါမည်

ဧရာဝတီတိုင်းဒေသကြီး တောင်သူလယ်သမားနေ့အခမ်းအနား ပြင်ဆင်ထားမှုများနှင့်ပတ်သက်၍ စကားသံများ

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်၊ နန်းထိုက်၊ လှမင်းထွဋ်(ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီးအဆင့် တောင်သူလယ်သမားနေ့ အခမ်းအနားကို ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ လက်ရှိအချိန်တွင် ၂၀၂၀ ပြည့်နှစ် တောင်သူလယ်သမားနေ့ အခမ်းအနား ကျင်းပရန် ဝါးဒူးကျေးရွာ၌ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဦးလှမိုးအောင်
(ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်)

ကျွန်တော်တို့တိုင်းက စိုက်ပျိုးရေးတိုင်းဖြစ်တယ်။ စိုက်ပျိုးရေးကိုစနစ်တကျ လုပ်ချင်တယ်။ စနစ်တကျလုပ်ရင် ငွေအများကြီး ရနိုင်တာကို တောင်သူတွေ အရင်ထက်ပိုပြီး စိတ်ဝင်စားအောင်၊ ထွက်တဲ့သီးနှံတွေ အရည်အသွေးနဲ့ အရေအတွက်ကောင်းအောင် ကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရအနေနဲ့ တောင်သူတွေနဲ့ ပူးပေါင်းပြီး ထဲထဲဝင်ဝင် ဆောင်ရွက်နေတာကို ကျွန်တဲ့တောင်သူတွေ သိအောင် တောင်သူလယ်သမားနေ့မှာ ခေါ်ပြီးတော့ ကျွန်တော်တို့ လုပ်ခဲ့တာတွေပြမယ်။ ပြီးတော့ တောင်သူတွေထဲက ထူးထူးချွန်ချွန်လုပ်တဲ့သူတွေကိုလည်း သူတို့အားကျလာအောင် ဆုပေးမယ်။ ဝန်ထမ်းတွေထဲက တကယ် ထူးထူးချွန်ချွန်လုပ်ခဲ့တဲ့သူတွေကိုလည်း ဆုပေးဖို့ ရည်ရွယ်ပါတယ်။ ၂၆ မြို့နယ် အားလုံးက ပါဝင်ကြအောင်လည်း ကြိုးစားထားပါတယ်။

ဒီပွဲ လုပ်ရခြင်း ရည်ရွယ်ချက်ကိုတော့ မီဒီယာတွေကနေ ကျယ်ကျယ်ပြန့်ပြန့်လေး တောင်သူတွေ၊ ပြည်သူတွေ သိစေချင်တယ်။ သိအောင်လည်း ကျွန်တော်တို့ လုပ်နေတယ်။ ကျွန်တော်တို့အစိုးရကို တောင်သူတွေ အားကိုးနိုင်အောင်၊ သီးနှံအထွက်နှုန်း တိုးလာအောင်၊ အရည်အသွေးကောင်းအောင် အပြောမဟုတ်ဘဲ ကျွန်တော်ကိုယ်တိုင် ၂၆ မြို့နယ်ကို လက်တွေ့ သွားလာပြီး ဆောင်ရွက်နေသလို ကိုယ့်မြေကြီးကို တကယ်တန်ဖိုးထားပြီး စနစ်တကျလုပ်မယ်ဆိုရင် မြေကြီးက ရွှေသီးနိုင်တယ်ဆိုတာ မေ့မနေပါနဲ့လို့ တောင်သူတွေကို ထပ်ပြီးတော့ ပြောချင်ပါတယ်။

ဦးတင်အောင်ဝင်း(တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး)

အခုနှစ် တောင်သူလယ်သမားနေ့ အခမ်းအနားမှာ ကျွန်တော်တို့က သူတို့ပိုပြီး ကြိုးစားချင်စိတ်၊ ဝင်ငွေတိုးသထက် တိုးအောင် လုပ်ကိုင်ချင်စိတ်တွေ ပေါ်လာအောင် ဘာတွေအကူအညီပေးနေတယ်၊ ဘယ်လို နည်းလမ်းတွေ နည်းပညာတွေကို လိုက်နာမယ်ဆိုရင် ထိုက်ထိုက်တန်တန် အကျိုးခံစားရမယ်ဆိုတာတွေကို သူတို့ကို ပညာပေးတာတွေ ဆွေးနွေးတာတွေ ဆောင်ရွက်မှာဖြစ်ပါတယ်။

အရည်အသွေးကောင်းတဲ့၊ စျေးကွက်မှာ စျေးကောင်းရမယ့်၊ မျက်နှာပန်းလှမယ့် သီးနှံတွေဖြစ်ဖို့ ဘယ်လို စိုက်ပျိုးနည်းစနစ်တွေ သုံးမယ်၊ ဘယ်လို မျိုးကောင်းမျိုးသန့်တွေ သုံးစွဲရမယ်၊ ရိတ်သိမ်းတဲ့အခါမှာလည်း ဘယ်လို စက်ကိရိယာတွေသုံးပြီး ဘယ်လို ရိတ်သိမ်းမယ်၊ သိုလှောင်သိမ်းဆည်းပြီး စျေးကွက်ကို တင်ပို့တဲ့အခါမှာ ဘယ်လို ဆောင်ရွက်ရမယ် စသည်ဖြင့် သူတို့ထုတ်လုပ်လိုက်တဲ့ သီးနှံတွေ အရည်အသွေးကောင်း ရရှိဖို့အတွက် စိုက်ပျိုးထုတ်လုပ်မှုအဆင့်ဆင့်မှာ ဆောင်ရွက်ရမယ့် နည်းလမ်းတွေကို ပညာပေး ပြသသွားမှာ ဖြစ်ပါတယ်။ နောက်ပြီး စိုက်ပျိုးရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များကလည်း လက်တွေ့ ဆောင်ရွက်ထားတဲ့ လုပ်ငန်းတွေနဲ့ ဆက်စပ်ပြီး ဆွေးနွေးသွားမှာ ဖြစ်တယ်။

ဦးမျိုးဇော်
(တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး)

တောင်သူလယ်သမားများရဲ့ လူမှုရေးစီးပွားရေးတွေ ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးဟာ အဓိက အခန်းကဏ္ဍမှ ပါဝင်နေတာကြောင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုနဲ့ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းတွေက တောင်သူ နည်းပညာပေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါတယ်။

တိုင်းဒေသကြီးအတွင်း အများဆုံးနေထိုင်တဲ့ တောင်သူလယ်သမားတွေကို ဂုဏ်ပြုတဲ့အနေနဲ့လည်းကောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာမှာ စိုက်ပျိုးရေးနည်းပညာတွေကို လိုက်နာကျင့်သုံးပြီး တောင်သူအချင်းချင်း နည်းပညာပြန့်ပွားအောင် ဆောင်ရွက်ပေးနိုင်တဲ့ ထူးချွန်တောင်သူများနဲ့ တောင်သူနည်းပညာပေးလုပ်ငန်းများမှာ တက်ကြွစွာ စည်းရုံး နည်းပညာပေး ဆောင်ရွက်ခဲ့ကြတဲ့ ထူးချွန်ဝန်ထမ်းတွေကို ဂုဏ်ပြုတဲ့အနေနဲ့ လည်းကောင်း တိုင်းဒေသကြီးအနှံ့မှ တက်ရောက်လာမယ့် တောင်သူလယ်သမား ကိုယ်စားလှယ်များရှေ့မှာ ထူးချွန်ဂုဏ်ပြုဆုတွေ ချီးမြှင့်မှာဖြစ်ပါတယ်။ ဒီလို ဂုဏ်ပြုချီးမြှင့်ခြင်းဖြင့် တိုင်းဒေသကြီးရဲ့ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းမှာ တောင်သူလယ်သမားများ ပိုပြီး ပူးပေါင်းပါဝင် ဆောင်ရွက်လာစေဖို့ ရည်ရွယ်ပါတယ်။

ဦးဝင်းမြင့်(တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး)

တောင်သူလယ်သမားနေ့ အခမ်းအနားမှာ ဧရာဝတီတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအနေနဲ့ ကုမ္ဂဏီ/အဖွဲ့အစည်းများက ပြန်လည် စွန့်လွှတ်လိုက်တဲ့ လယ်ယာမြေတွေကို တောင်သူလယ်သမားများအတွက် ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃)တွေ ပေးအပ်သွားမှာဖြစ်ပါတယ်။ ဧရာဝတီ တိုင်းဒေသကြီးအတွင်းက ဧနဖြူ၊ မအူပင်၊ ရေကြည်နဲ့ ကျောင်းကုန်းမြို့နယ်လေးခုထဲက ကျေးရွာအုပ်စု ခုနစ်စု၊ ရပ်ကွက် သုံးခုမှာ ကုမ္ဂဏီ/အဖွဲ့အစည်း ခြောက်ခုမှ ပြန်လည်စွန့်လွှတ်တဲ့ မြေဧရိယာ ၂၉၄၅ ဧကကို တောင်သူ ၆၃၉ ဦးထံ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃)များ ပေးအပ်သွားမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ် တောင်သူလယ်သမားနေ့ အခမ်းအနားမှာ လည်း အခုနှစ်လိုပဲ တပ်ရင်း၊ တပ်ဖွဲ့၊ ကုမ္ဂဏီ/အဖွဲ့အစည်းတွေက ပြန်လည်စွန့်လွှတ်တဲ့ မြေတွေအတွက် (ပုံစံ-၃)တွေကို နိုင်ငံတော် ဒုတိယသမ္မတကိုယ်တိုင် တက်ရောက်ချီးမြှင့် ပေးအပ်ခဲ့ပါတယ်။

ဦးနေစိုး(တောင်သူ၊ ဝါးဒူးကျေးရွာ)

ကျွန်တော်ရဲ့ လယ်မြေဧက ၇၀ မှာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား ဆောင်ရွက်နေပါတယ်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရဲ့ ကြီးကြပ်မှုနဲ့ လယ်ဧက ၃၀ ခန့်မှာ မျိုးသန့်ထုတ်လုပ်ခြင်းကိုလည်း နှစ်စဉ် ဆောင်ရွက်နေပါတယ်။

ကျွန်တော်တို့ရွာမှာ အခုလို တောင်သူလယ်သမားနေ့ အခမ်းအနားကို ကြီးကျယ်ခမ်းနားစွာ ဆောင်ရွက်ပေးတဲ့အတွက်လည်း ဝမ်းသာကြည်နူးမိပါတယ်။ တောင်သူတွေဘဝ တိုးတက်ကြီးပွားရေးအတွက် အလေးထားပြီး ဆောင်ရွက်ပေးတဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီပွဲမှာ နည်းပညာအဆက်အသွယ်ရမယ့် လယ်ယာသုံးစက်ကိရိယာ ပြခန်းတွေ၊ သီးနှံတွေ အရည်အသွေးကောင်းဖို့အတွက် စိုက်ပျိုးထုတ်လုပ်မှုအဆင့်ဆင့်မှာ ဆောင်ရွက်ရမယ့် နည်းစနစ်တွေကို ပညာပေး ဆွေးနွေးတာတွေ ပါဝင်မယ်လို့လည်း သိရပါတယ်။ လယ်ယာသုံးစက်ပစ္စည်းဆိုင်များနဲ့ ချိတ်ဆက်ပြီး လိုအပ်တဲ့ စက်ကိရိယာတွေကို လေ့လာဝယ်ယူနိုင်သလို သီးနှံအရည်အသွေးကောင်းဖို့အတွက် လိုအပ်တဲ့ နည်းစနစ်ပိုင်းဆိုင်ရာတွေကိုလည်း သိရှိလေ့လာခွင့်ရလာမှာဖြစ်တဲ့အတွက် အခမ်းအနားကို တက်ရောက်လာကြမယ့် တောင်သူတွေအတွက် အကျိုးရှိမှာဖြစ်ပါတယ်။ ။

ယနေ့စျေးကွက်ပေါက်စျေးများ

၂၈-၂-၂၀၂၀

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၂၃၃၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၁၆၀၅၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၂၃၃၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၁၆၀၅၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီစျေး(ရန်ကုန်)		လက်လီစျေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၇၇၀/၈၅၀	ကျပ်	၈၃၀/၈၅၀	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၇၈၀/၈၆၀	ကျပ်	၈၄၅/၈၆၅	ကျပ်
အောက်တိန်း ၉၂	၇၁၀/၇၇၀	ကျပ်	၇၈၅/၈၀၀	ကျပ်
အောက်တိန်း ၉၅	၈၃၀/၈၈၅	ကျပ်	၉၁၀/၉၃၀	ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၄၃၄	. ၃
ဥရောပ	တစ်ယူရို	ကျပ်	၁၅၈၂	. ၂
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၀၂၈	. ၄
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ်	၁၈၄၆	. ၁
ဂျပန်	၁၀၀ ယန်း	ကျပ်	၁၃၂၀	. ၀
သြစတြေးလျ	တစ်ဒေါ်လာ	ကျပ်	၉၃၇	. ၂၀
တရုတ်	တစ်ယွမ်	ကျပ်	၂၀၅	. ၂၈
အိန္ဒိယ	တစ်ရူပီး	ကျပ်	၁၉	. ၉၀၀
ကိုရီးယား	၁၀၀ ဝမ်	ကျပ်	၁၁၈	. ၅၉
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၄၀	. ၁၂
ထိုင်း	တစ်ဘတ်	ကျပ်	၄၅	. ၃၄၆

(ဗဟိုဘဏ်ပေါက်စျေးဖြစ်ပါသည်)

စတော့အိတ်ချိန်းစျေးကွက်

ကုမ္ဂဏီအမည်	အဖွင့်စျေး (ကျပ်)	အဝိတ်စျေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၁၅၀၀	၁၁၅၀၀	၅၀၈၄	၅၈၄၆၆၀၀၀
MTSH	၃၉၅၀	၄၀၀၀	၁၅၁၃	၆၀၀၂၀၀၀
MCB	၈၄၀၀	၈၂၀၀	၁၀	၈၃၈၀၀
FPB	၂၂၅၀၀	၂၂၅၀၀	၉၀	၂၀၂၅၀၀၀
TMH	၂၉၀၀	၀	၀	၀

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (ဝ၁ဝ၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (ဝ၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ဝ၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ဝ၆၇-၃၆၁၄၄၅၊ ဖက်စ် ဝ၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၄၊ ၀၁-၅၅ဖြ၂၁၊ ဝ၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE
www.mdn.gov.mm

၂၀၁၉ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုအတွက် ထုတ်ပြန်ကြေညာထားသော ဆန်ခါတင်စာရင်းဝင် ဇာတ်ကားများ

၂၀၁၉ ခုနှစ်အတွင်း ရုံတင်ခဲ့သော မြန်မာရုပ်ရှင်ဇာတ်ကား ၉၇ ကားအနက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုအတွက် ဆုရွေးချယ်ရေးအကဲဖြတ်အဖွဲ့ဝင်များက ပထမအကြိမ် အကဲဖြတ်စိစစ် ကြည့်ရှုခဲ့ပြီးနောက် ဆန်ခါတင်ဇာတ်ကား ၂၉ ကားကို ရွေးချယ်ထားပြီဖြစ်သည်။ ဆုရွေးချယ်ရေးအဖွဲ့အနေဖြင့် အဆိုပါဇာတ်ကား ၂၉ ကားကို ဒုတိယအကျော့ ကြည့်ရှုအကဲဖြတ်လျက်ရှိသလို ဇာတ်ကားများကို ထုတ်လုပ်သူ၊ ဒါရိုက်တာနှင့် သရုပ်ဆောင်များ၏ စာရင်းကိုလည်း တရားဝင် ထုတ်ပြန်ကြေညာထားပြီဖြစ်ရာ ပရိသတ်များ ခန့်မှန်းနိုင်ရန် အဆိုပါ ဆန်ခါတင် ရုပ်ရှင်များစာရင်းကို ဖော်ပြလိုက်ပါသည်။

၁။ သူစိမ်းအိမ်
ထုတ်လုပ်ရေး – Good Old Days
ဒါရိုက်တာ – ထူးပိုင်ဇော်ဦး
ဇာတ်ညွှန်း – ခမ်းမွန်
သရုပ်ဆောင် – လွင်မိုး၊ ရှိန်းတင်ထူး၊ ချာလီ၊ ဂျိုကာ၊ ထွန်းအိန္ဒြာဗိုလ်၊ ဖွေးဖွေး၊ လင်းဇာနည်ဇော်၊ ကူးကူးဇင်အောင်၊ မြတ်နိုးအေး။

၂။ ဟစ်တိုင်
ထုတ်လုပ်ရေး – နန်းဒေဝီ
ဒါရိုက်တာ – ဟိန်းစိုး
ဇာတ်ညွှန်း – ကကြိုးရှင်
သရုပ်ဆောင် – အိန္ဒြာကျော်ဇင်၊ မေသန်းနု၊ မုဏ်း၊ ပြည့်ပြည့်။

၃။ နိုင်ငံကြီးသား
ထုတ်လုပ်ရေး – အားမာန်
ဒါရိုက်တာ – စတီးလ်(ဌေးမေတ္တာ)
ဇာတ်ညွှန်း – မောင်မြတ်ဆွေ
သရုပ်ဆောင် – နေတိုး၊ မင်းမော်ကွန်း၊ ထွန်းထွန်း၊ ဇင်ဝိုင်း၊ နေထက်လင်း၊ နေမျိုးအောင်၊ မင်းသွေး၊ ရွှေသမီး၊ အွန်ဆိုင်း။

၄။ စရိုက်
ထုတ်လုပ်ရေး – အောင်ခေတ်မင်း
ဒါရိုက်တာ – သြရသ
ဇာတ်ညွှန်း – မိုးနီလွင်
သရုပ်ဆောင် – လူမင်း၊ ကျော်ထက်အောင်၊ ထွန်းအိန္ဒြာဗိုလ်၊ ခိုင်သင်းကြည်။

၅။ ရူးအောင်ချစ်မယ့်လူ
ထုတ်လုပ်ရေး – ရွှေစင်ဦး
ဒါရိုက်တာ – အောင်ဇော်လင်း
ဇာတ်ညွှန်း – မယ်ခိုင်၊ အင်ကြင်းဟန်
သရုပ်ဆောင် – နေတိုး၊ မင်းသာကီ၊ အိန္ဒြာကျော်ဇင်၊ မေတိုးခိုင်။

၆။ မဟူရာရုပ်ရှင်ရုံ
ထုတ်လုပ်ရေး – 7th Sense
ဒါရိုက်တာ – ပြည့်ဇော်ဖြိုး
ဇာတ်ညွှန်း – ပြည့်ဇော်ဖြိုး
သရုပ်ဆောင်–နေတိုး၊ ကျော်ကျော်ဗိုလ်၊ မင်းသွေး၊ နန်းဆုဦး၊ Riya Ray(အိန္ဒိယသရုပ်ဆောင်)။

၇။ ဒဏ္ဍာရီမိုး
ထုတ်လုပ်ရေး – 7th Sense
ဒါရိုက်တာ – ဝင်းလွင်ထက်
ဇာတ်ညွှန်း – မိုးနီလွင်
သရုပ်ဆောင် – ရဲတိုက်၊ဒေါင်း၊ ရွှေထူး၊ ဝတ်မှုံ ရွှေရည်။

၈။ အထက်တန်းစား
ထုတ်လုပ်ရေး – Lucky Smile
ဒါရိုက်တာ – နေပိုင်၊ ဇာတ်ညွှန်း – မိုးနီလွင်
သရုပ်ဆောင် – နေတိုး၊ သူရိယ၊ ဝေယံကျော်၊ ညီထွဋ်ခေါင်၊ မြတ်ကေသီအောင်၊ စိုးမိုးကြည်၊ ပိုးအိအိခန့်။

၉။ သစ္စာနန်းတော်
ထုတ်လုပ်ရေး – Red Radiance
ဒါရိုက်တာ – ဝင်းထွန်းထွန်း
ဇာတ်ညွှန်း – အင်ကြင်းဟန်
သရုပ်ဆောင် – မြင့်မြတ်၊ ရဲအောင်၊ စိုးမြတ်သူဇာ၊ ရွှေမှုံရတီ၊ ဆုမြတ်နိုးဦး။

၁၀။ ထာဝရထက်နှစ်ဆ
ထုတ်လုပ်ရေး – ဖိုးသူတော်
ဒါရိုက်တာ – ညွှန့်မြန်မာညီညီအောင်
ဇာတ်ညွှန်း – ထက်မြတ်နိုင်ဇင်
ရိုက်ကွင်းဇာတ်ညွှန်း – ဆဗင်နိုးဒေး
သရုပ်ဆောင်–မင်းမော်ကွန်း၊ မြင့်မြတ်၊ ရွှေမှုံရတီ၊ ငွေမှုံရတီ။

၁၁။ နွေဘီလူး
ထုတ်လုပ်ရေး – အောင်သီရိ
ဒါရိုက်တာ – လူမင်း
ဇာတ်ညွှန်း – ဇြိမ်းမင်း
သရုပ်ဆောင် – လူမင်း၊ဇေရဲထက်၊ ရွှေမှုံရတီ၊ ဒေါ်မြတ်မွန်။

၁၂။ ကျွန်မအချစ်ဆုံး ယောကျ်ားသုံးယောက်
ထုတ်လုပ်ရေး – စိန်ဌေး
ဒါရိုက်တာ – မောင်မျိုးမင်း(ရင်တွင်းဖြစ်)
ဇာတ်ညွှန်း – မောင်မျိုးမင်း(ရင်တွင်းဖြစ်)၊ နကျွတ်နီ
သရုပ်ဆောင် – ရန်အောင်၊ ပြေတီဦး၊ မင်းဦး၊ မင်းဘုန်းမြတ်၊မို့မို့မြင့်အောင်၊ အိန္ဒြာကျော်ဇင်။

၁၃။ ပြိုးရွှင်ရေ ပျော်ရဲ့လား
ထုတ်လုပ်ရေး–မျက်ခြယ်
ဒါရိုက်တာ – ဝင်းထွန်းထွန်း
ဇာတ်ညွှန်း – အင်ကြင်းဟန်
သရုပ်ဆောင် – နေတိုး၊ ကျော်ကျော်ဗို၊ ရွှေမှုံရတီ၊ အေးမြတ်သူ။

၁၄။ လှပ်၍... လွင့်သော
ထုတ်လုပ်ရေး – ခရေဖြူ
ဒါရိုက်တာ – ဝိုင်း(Own Creator)
ဇာတ်ညွှန်း – ဝိုင်း(Own Creator)
သရုပ်ဆောင် – ကျော်ရဲအောင်၊ မို့မို့မြင့်အောင်၊ ဖွေးဖွေး၊ ခင်ဝင့်ဝါ။

၁၅။ ကျောမှာဂဠုန် ရင်မှာနဂါး
ထုတ်လုပ်ရေး – ဆောင်းညဘာသို
ဒါရိုက်တာ – နေပိုင်
ဇာတ်ညွှန်း – နေခြည်အောင်သစ်
သရုပ်ဆောင် – ကျော်သူ၊မြင့်မြတ်၊ ဝင်းပအိန္ဒြာ။

၁۶။ ဧည့်သည်
ထုတ်လုပ်ရေး – 7th Sense
ဒါရိုက်တာ – ညွှန့်မြန်မာညီညီအောင်
ဇာတ်ညွှန်း – မိုးနီလွင်
သရုပ်ဆောင် – ရွှေထူး၊ ရွှေမှုံရတီ၊ နေခြည်ဦး၊ ဖြိုးဌေးဖိုး(ဧည့်သည်သရုပ်ဆောင်)။

၁၇။ ထာဝရနောင်ကြိုး
ထုတ်လုပ်ရေး – Central Base
ဒါရိုက်တာ–ခရစ္စတီးနားခီ
ဇာတ်ညွှန်း – ဇော်ခီ
သရုပ်ဆောင် – ဇော်ခီ၊ ပိုင်ဖြိုးသု။

၁၈။ အခမ်းနားဆုံးမေတ္တာ
ထုတ်လုပ်ရေး – 7th Sense
ဒါရိုက်တာ – ပွင့်သိင်္ဂီဇော်
ဇာတ်ညွှန်း – မိုးနီလွင်
သရုပ်ဆောင် – နေတိုး၊ နေခြည်ဦး၊ စိုးမြတ်သူဇာ၊ တိုင်ရွှန်၊ သူရိယ၊ မောဘရဏီသော်။

၁۹။ ခရေ
ထုတ်လုပ်ရေး – နဂါးမင်း
ဒါရိုက်တာ – ဝိုင်း(Own Creator)
ဇာတ်ညွှန်း – ဝိုင်း(Own Creator)
သရုပ်ဆောင် – မြင့်မြတ်၊ ဆန်းထွဋ်၊ ဝတ်မှုံ ရွှေရည်။

၂၀။ Box No.88
ထုတ်လုပ်ရေး – 7th Sense
ဒါရိုက်တာ – ဝင်းလွင်ထက်
ဇာတ်ညွှန်း – နေဟိန်း၊
ဇာတ်ညွှန်းမွမ်းမံ – ပြည့်ဇော်ဖြိုး၊
သရုပ်ဆောင် – နေတိုး၊ ထွန်းထွန်း၊ အိန္ဒြာကျော်ဇင်၊ ဇင်မျိုး၊ ဂျင်းနီ။

၂၁။ ပပဝတီစီရင်ခန်း
ထုတ်လုပ်ရေး – မီးမီးရွှေခြူး
ဒါရိုက်တာ – ဝိုင်း(Own Creator)
ဇာတ်ညွှန်း – ဝိုင်း(Own Creator)
သရုပ်ဆောင် – ထွန်းထွန်း၊ အလင်းရောင်၊ မိုးဟေကို၊ ဖွေးဖွေး။

၂၂။ ကြာတော့သည်လည်း မောင့်စကား
ထုတ်လုပ်ရေး – ရွှေစည်တော်
ဒါရိုက်တာ – မီးပွား၊ ဇာတ်ညွှန်း – မိုးနီလွင်
သရုပ်ဆောင် – စိုင်းစိုင်းခမ်းလှိုင်၊ ထွန်းထွန်း၊ ဖွေးဖွေး ။

၂၃။ ဗိုလ်နေတိုး
ထုတ်လုပ်ရေး – လူစွမ်းကောင်း
ဒါရိုက်တာ – စတီးလ်(ဌေးမေတ္တာ)
ဇာတ်ညွှန်း – မောင်မြတ်ဆွေ
သရုပ်ဆောင် – နေတိုး၊ ထွန်းကိုကို၊ မင်းဦး၊ နေမျိုးအောင်၊ သက်မွန်မြင့်၊ ပိုင်ဖြိုးသု၊ နန်းခင်ဧယျာ။

၂۶။ ရိုးမပေါ်ကျတဲ့မျက်ရည်
ထုတ်လုပ်ရေး – Bo Bo Entertainment
ဒါရိုက်တာ – ကိုပေါက်
ဇာတ်ညွှန်း – သက်ဦးမောင်၊ မင်းသခင်
သရုပ်ဆောင် – မြင့်မြတ်၊ ခိုင်သင်းကြည်၊ အိန္ဒြာကျော်ဇင်၊ မေမြင့်မိုရိ၊ ထူးအောင်၊ အောင်ရေချမ်း၊ ခင်လှိုင်။

၂၅။ လိပ်ပြာစံအိမ်
ထုတ်လုပ်ရေး– Brave Empire
ဒါရိုက်တာ – Chartchai Ketnust (ထိုင်း ဒါရိုက်တာ)
ဇာတ်ညွှန်း – Chartchai Ketnust ၊ နော်ခင်မြတ်မွန်၊ မေမျိုးဟန်
သရုပ်ဆောင် – နိုင်းနိုင်း၊ ဒေါင်း၊ ဝတ်မှုံရွှေရည်၊ ပြည့်ပြည့်၊ တုန်တုန်။

၂۶။ ညစ်တွန်း
ထုတ်လုပ်ရေး – ဇဝရတ်
ဒါရိုက်တာ – လူမင်း
ဇာတ်ညွှန်း – မင်းခိုက်စိုးစံ၊ ထက်မြတ်နိုင်ဇင်
သရုပ်ဆောင် – လူမင်း၊ ပြေတီဦး၊ ခိုင်သင်းကြည်၊ အိန္ဒြာကျော်ဇင်၊ ထက်ထက်ထွန်း၊ နေဆန်း၊ သန်းသန်းစိုး။ (ဧည့်သည်သရုပ်ဆောင် ချိုပြုံး၊ ထွန်းထွန်းဝင်း)

၂၇။ ၁၀၁၄
ထုတ်လုပ်ရေး– ဝရဒိန်
ဒါရိုက်တာ–ကျော်သူ၊
ဇာတ်ညွှန်း–မယ်ခိုင်
သရုပ်ဆောင်– ကျော်သူ၊ ဒေါင်း၊ ထွန်းကိုကို၊ မို့မို့မြင့်အောင်၊ မေမြင့်မိုရိ၊ ရတနာဗို၊ ပြေဇင်၊ ထူးအောင်။

၂၈။ တိမ်တွေပေါ်ကပန်း
ထုတ်လုပ်ရေး – Big 5
ဒါရိုက်တာ – စင်ရော်မောင်မောင်
ဇာတ်ညွှန်း – မိုးနီလွင်
သရုပ်ဆောင် – Ryu Sang Wook (ကိုရီးယားသရုပ်ဆောင်)၊ ဝတ်မှုံရွှေရည်၊ ကျော်ထက်အောင်၊ မေသန်းနု။

၂۹။ ချည်
ထုတ်လုပ်ရေး – အောင်တိုင်းကျော်
ဒါရိုက်တာ – ညွှန့်မြန်မာညီညီအောင်
ဇာတ်ညွှန်း – မင်းခိုက်စိုးစံ၊ ထက်မြတ်နိုင်ဇင်
သရုပ်ဆောင် – နေတိုး၊သက်မွန်မြင့်၊ ရွှေသမီး၊ ဟိန်းမင်း၊ ထူးမော်။

ကိုလင်း

ခွန်းဆင့်နေခြည်က စိတ်ခွန်အားဖြစ်စေမည့် သီချင်းများ သီဆိုသွားမည်

သရုပ်ဆောင် ခွန်းဆင့်နေခြည်အနေဖြင့် မိခင်ဖြစ်သူ၏ ကျန်းမာရေးကြောင့် လတ်တလောတွင် အနုပညာအလုပ်များကို ခေတ္တ ရပ်နားထားရကြောင်းနှင့် ဂီတပိုင်းတွင် ပရိသတ်ကို စိတ်ခွန်အားဖြစ်စေမည့် သီချင်းများ သီဆိုရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

"မေမေက ၂၀၁၇ ခုနှစ်လောက်ကတည်းက ညာဘက်တစ်ခြမ်း လေထိသွားခဲ့တယ်။ မိဘကျန်းမာရေးက ပိုပြီး အရေးကြီးတယ်ဆိုတော့ အလုပ်တွေနဲ့ နည်းနည်း အဆက်ပြတ်သွားသလို ဖြစ်သွားတယ်။ ခွန်းဆင့်အနေနဲ့ သီချင်းတွေ ပြန်လုပ်ဖို့လည်း စီစဉ်နေပါတယ်။ ခွန်းဆင့်က Motivate ဖြစ်တဲ့ သီချင်းတွေ ဆိုချင်တယ်။ အချစ်သီချင်းထက်စာရင် စိတ်ခံစားချက်အရ ပရိသတ်ကို ခွန်အားဖြစ်စေတဲ့ သီချင်းမျိုးတွေကို ဆိုဖို့ ပိုအားသန်တယ်။ အချစ်အကြောင်းတွေ လောလောဆယ် မဆိုချင်သေးပါဘူး။ ကိုယ့်အရွယ်နဲ့လည်း ဆိုင်မယ် ထင်ပါတယ်။ တစ်ကိုယ်တော်အခွေဆိုရင် ကြာမှာ စိုးလို့ သုံးပုဒ်၊လေးပုဒ်လောက်ကို Perfect ဖြစ်အောင်လုပ်ပြီး ပရိသတ်တွေဆီ ပို့ပေးဖို့ ပြင်ဆင်နေပါတယ်။ အနုပညာနဲ့ ပတ်သက်ပြီးတော့လည်း ဝမ်းစာတွေ ဖြည့်နေပါတယ်။ မသိမတတ်သေးတာတွေကို သင်ယူလေ့လာနေပါတယ်"ဟု ခွန်းဆင့်နေခြည်က ပြောသည်။

ခွန်းဆင့်နေခြည်အနေဖြင့် မိသားစုဘက်ကို အချိန်ပေးရခြင်းများလည်းရှိသောကြောင့် အနုပညာပိုင်းတွင် လစ်ဟာမှုများလည်းရှိနေပြီး လက်ရှိတွင် အမေရိကတွင် ခြောက်လနှင့် မြန်မာနိုင်ငံတွင် ခြောက်လ နေထိုင်လျက်ရှိကြောင်း သိရသည်။

ကိုလင်း

တရားဥပဒေစိုးမိုးရေးကို အထောက်အကူဖြစ်စေရန် ရည်ရွယ်သည့် "လျှာမဲ့ချိန်ခွင်"ကာတွန်းပြပွဲ သုံးရက်ကြာကျင်းပ

မြန်မာနိုင်ငံ ကာတွန်းဆရာများ အသင်းက ကြီးမှူးပြု၍ 'လျှာမဲ့ချိန်ခွင်' ဟု အမည်ပေးထားသော ကာတွန်းပြပွဲကို ရန်ကုန်မြို့လယ် မဟာဗန္ဓုလ ပန်းခြံရှေ့၌ ဖေဖော်ဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ သုံးရက်ကြာ ကျင်းပလျက်ရှိသည်။

'လျှာမဲ့ချိန်ခွင်' ကာတွန်းပြပွဲကို တရားဥပဒေစိုးမိုးရေးကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး တရားဥပဒေစိုးမိုးရေးအတွက် ရေးဆွဲထားသည့် ကာတွန်းများကို အဓိကထား၍ ဖော်ပြထားကြောင်း သိရသည်။

ပြပွဲတွင် ကာတွန်းဆရာကြီးများက အမှတ်တရ ကာတွန်းများ ရေးဆွဲပေးခြင်းကိုလည်း ပြုလုပ်ပေးလျက်ရှိသလို လျှာမဲ့ချိန်ခွင် ကာတွန်းစာအုပ်ကို ကျပ် နှစ်ထောင်ဖြင့် လည်းကောင်း၊ တီရှပ်အင်္ကျီကို ကျပ်ငါးထောင်ဖြင့် လည်းကောင်း ရောင်းချပေးနေကြောင်း၊ ထို့အပြင် တရားဥပဒေစိုးမိုးရေးဆိုင်ရာ အသိပညာပေး စကားဝိုင်းကိုလည်း ပြုလုပ်ပြီး တတ်သိပညာရှင်များက ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုလင်း

ခင်းကျင်းပြသထားသည့်ကာတွန်းများကို ကြည့်ရှုနေသည့် ပြည်သူတစ်ဦး

နိုင်ငံတကာအနုပညာ သတင်းပဒေသာ

Indiana Jones 5 ရုပ်ရှင်ကားကို ဒါရိုက်တာ စတီဗင်စပီးဘတ် ရိုက်ကူးမည်မဟုတ်

Indiana Jones 5 ရိုက်ကူးတဲ့အခါ စတီဗင်စပီးဘတ်က ဒါရိုက်တာလုပ်ဆောင်ပေးတော့မှာ မဟုတ်ဘူးလို့ စတီဗင်စပီးဘတ်ကိုယ်တိုင် ပြောကြားခဲ့ပါတယ်။ Indiana Jones ရုပ်ရှင်ကားလေးကားစလုံးကို ဒါရိုက်တာ စတီဗင်စပီးဘတ်ကိုယ်တိုင် ရိုက်ပေးခဲ့တာပါ။

အခုအချိန်မှာတော့ ဒီအခွင့်အရေးကို လူငယ်ဒါရိုက်တာတွေဆီ လက်ဆင့်ကမ်းပေးတော့မှာပါ။ ဒါရိုက်တာ ဂျိမ်းမန်ဂိုးကို စတီဗင်စပီးဘတ်ရဲ့ နေရာမှာ အစားထိုးသွားမယ်လို့လည်း variety မဂ္ဂဇင်းမှာ ဖော်ပြထားပါတယ်။ ယခုလ အစောပိုင်းကလည်း Indiana Jones အဖြစ်သရုပ်ဆောင်တဲ့ ရုပ်ရှင်မင်းသားဟာရီဆင်ဖို့ဒ် ကိုယ်တိုင် Indiana Jones 5 ကို အခုနှစ် နွေရာသီမှာ စတင်ရိုက်ကူးသွားမယ်လို့ အတည်ပြုပြောကြားခဲ့ပါတယ်။

ဟာရီဆင်ဖို့ဒ်ဟာ Indiana Jones ဇာတ်ကားလေးကားစလုံးမှာ အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ခဲ့ပြီး အခုကားကတော့ သူ့အတွက် ငါးကားမြောက်ပါပဲ။ Indiana Jones and the Kingdom of the Crystal Skull ဇာတ်ကားကို ၂၀၀၈ ခုနှစ်က ပြသခဲ့ပြီး ကမ္ဘာအနှံ့ ကြည့်ရှုသူများခဲ့ပါတယ်။ Indiana Jones 5 ကိုလည်း ၂၀၁၆ ခုနှစ်မှာ ရိုက်ကူးမယ်လို့ ဒဗ္ဗစနေးက ကြေညာခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာခဲ့ရပါတယ်။ **စကိုင်းနယူးစ်**

Indiana Jones 4 ရုပ်ရှင်ကားမှဇာတ်ဝင်ခန်း တစ်ခန်း

ဗစ်တိုးရီးယား ဗုန်းနံပါတ်ရေးပေးခဲ့သည့် ရထားလက်မှတ်ကို ဒေးဗစ်ဘက်ခမ်း ၂၃ နှစ်ကြာ သိမ်းဆည်းထား

စပိုက်ဂဲလ် အဖွဲ့ဝင်ဟောင်းဖြစ်တဲ့ ဗစ်တိုးရီးယားဘက်ခမ်းကိုယ်တိုင် သူ့ရဲ့ ဗုန်းနံပါတ်ကိုရေးပေးခဲ့တဲ့ ရထားလက်မှတ်ကို ဒေးဗစ်ဘက်ခမ်းဟာ အခုအချိန်ထိ သိမ်းဆည်းထားတယ်လို့ ဒေးဗစ်ဘက်ခမ်းက ပြောပါတယ်။ သူတို့နှစ်ဦးဟာ ၁၉၉၇ နှစ်မှာ မန်ချက်စတာမှာ တွေ့ဆုံခဲ့ကြပါတယ်။

၁၉၉၉ ခုနှစ်မှာတော့ အင်္ဂလန်အသင်းကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ ဒေးဗစ်ဘက်ခမ်းဟာ ဗစ်တိုးရီးယားကို လက်ထပ်ခဲ့ပါတယ်။ အခုဆိုရင်သူတို့မှာ သားသမီးလေးဦးတောင် ထွန်းကားနေပါပြီ။ ဒေးဗစ်ဘက်ခမ်းဟာ မန်ချက်စတာယူနိုက်တက်အသင်းမှာ လူငယ်ကစားသမားအဖြစ် စတင်တုန်းက အကြောင်းတွေ၊ ဗစ်တိုးရီးယားနဲ့ ပထမဆုံး စတွေ့တုန်းကအကြောင်းတွေကို တူနိုက်ရှိုးမှာ ပြောပြခဲ့ပါတယ်။

၁၉၉၇ ခုနှစ်မှာ ဗစ်တိုးရီးယားဟာ စပိုက်ဂဲလ်အဖွဲ့ဝင်တစ်ဦးနဲ့အတူ ဘောလုံးပွဲလာကြည့်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ဗစ်တိုးရီးယားဟာ နောက်တစ်ကြိမ် မန်ချက်စတာကိုလာခဲ့ပြီး ဒေးဗစ်ဘက်ခမ်းနဲ့ ပထမဆုံးအကြိမ် စကားပြောဆိုဖြစ်ခဲ့ပါတယ်။

အဲဒီမှာပဲ ဗစ်တိုးရီးယားရဲ့ဖုန်းနံပါတ်ကိုရအောင် ကြိုးပမ်းခဲ့ပါတယ်။ ဘောလုံးသမားတွေအတွက် သီးသန့်နားနေခန်းမှာ တစ်နာရီလောက် စကားပြောပြီးတဲ့နောက် ဗစ်တိုးရီးယားဟာ သူ့ရဲ့ဖုန်းနံပါတ်ကို ရထားလက်မှတ်မှာ ရေးပေးခဲ့ပါတယ်။ အဲဒီရထားလက်မှတ်ကို ဒေးဗစ်ဘက်ခမ်းက သိမ်းဆည်းထားခဲ့တာ အခုဆိုရင် ၂၃ နှစ်တောင် ရှိသွားခဲ့ပါပြီ။ **စကိုင်းနယူးစ်**

ဒေးဗစ်ဘက်ခမ်းနှင့်ဗစ်တိုးရီးယားဘက်ခမ်း

ခြူး

ဘာသာစာပေပေါင်းကူး(၄)

မောင်ခင်မင် (ဓနုဖြူ)

"ဘာကို တစ်ခုမေးချင်လို့ပါ"

"မေးလေ သမီး ဘာပါလိမ့်"

"စာပေဟောပြောပွဲတစ်ခုမှာဟောပြောတဲ့စာရေးဆရာကြီးက ပျဉ်းမင့်တိုတို ကဗျာအကြောင်းဟောပြောတာ သမီးနားထောင်ဖူးပါတယ် ဘဘ"

"ဟုတ်ပါပြီ၊ ဒီတော့"

"ဆရာကြီးမင်းသုဝဏ်ရေးဖွဲ့တဲ့ ပျဉ်းမင့်တိုတို ကဗျာအစချီပုံဟာ ကဗျာရဲ့ အကြောင်းအရာနဲ့ အလွန်လိုက်ဖက်တယ်ဆိုတဲ့အကြောင်း ဟောပြောတာပါ"

"ဘယ်လိုလိုက်ဖက်သတဲ့လဲကွယ်"

"ကဗျာစစချင်း 'ဖုထစ်ရွတ်တွ၊ ငှက်လင်းတသို့၊ ပျဉ်းမင့်တို' လို့အစချီပုံကိုပြောတယ်။ 'ဖု-ထစ်-ရွတ်-တွ' ဆိုတဲ့ စကားလုံးလေးလုံးဟာ နားဝင်မချိုတဲ့အသံတွေချည်းပဲ...တဲ့။ ပါးစပ်ကလဲ ရွတ်ပြတယ်။ အဲဒီအသံကြမ်းတွေနဲ့ ရေးဖွဲ့တဲ့ ပျဉ်းမင့်တိုတိုကြီးရဲ့ ပုံသဏ္ဌာန်ကလဲ လင်းတကြီး တစ်ကောင်ငှက်တုတ်ထိုင်နေသလို ကြမ်းတမ်းတဲ့ ပုံသဏ္ဌာန်မျိုးဖြစ်နေတဲ့ အကြောင်း စာဆိုတွေဟာ အကြောင်းအရာနဲ့ အရေးအဖွဲ့လိုက်ဖက်အောင် ဖွဲ့ကြတဲ့အကြောင်း ပြောပြတာပါ ဘဘ"

"ဟုတ်ပါပြီ။ ဒီတော့ အခုဘာဘာတို့ ပြောနေတဲ့ ဘာသာစကားနဲ့ စာပေဆက်သွယ်ပုံကို စဉ်းစားကြည့်ရအောင်။ 'ဖုထစ်ရွတ်တွ' ဆိုတဲ့အသံတွေကို ဆိုကြည့်လေ။ တစ်သံမှနားဝင်မချိုဘူးမဟုတ်လား။ အသံအားလုံး 'သံလတ်' လို့ခေါ်တဲ့ ပြတ်ပြတ်တောက်တောက်အသံတွေ ဖြစ်နေတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ။ 'ထစ်' က စသတ်သံ၊ 'ရွတ်' ကလဲ တသတ်သံဆိုတော့ ဒီအသံမျိုးကို ရပ်သံလို့လဲ ခေါ်ပါတယ် ဘဘ"

"ဟုတ်တယ်။ 'ဖု' နဲ့ 'တွ' ကလဲ အောက်မြစ်သံလို့ခေါ်တဲ့ အသံတွေလေ။ ဒီတော့ အသံလေးသံစလုံးဟာ ကြမ်းတဲ့အသံတွေပေါ့"

"ဘာသာစကားကိုသရုပ်ဖော်ရင် အဲဒီလိုတွေ့ရမှာပေါ့။ တစ်ခါက ဖွဲ့ထားတဲ့ကဗျာကို စာပေဘက်ကကြည့်ပြီး အကဲဖြတ်ရင် ဘယ်လိုတွေ့ရသလဲ"

"အမြင်ဆိုးပြီးကြမ်းတမ်းတဲ့ ပျဉ်းမင့်တိုကြီးကို မသတီစရာဖြစ်အောင် ဖွဲ့ထားတယ်လို့ ပြောနိုင်မယ်ထင်ပါတယ် ဘဘ"

"ဟုတ်ပါပြီ။ ဒီတော့ ဒီလိုရေးဖွဲ့တဲ့ ကဗျာအဖွဲ့မှာ အသုံးပြုတဲ့ ဘာသာစကားအရည်အသွေးနဲ့ ပုံဖော်ထားတဲ့ စာပေအရည်အသွေး၊ ဘာသာစကားအရည်အသွေးနဲ့ ပုံပေါ်လာတဲ့ စာပေအရည်အသွေး အင်မတန်လိုက်ဖက်တယ်ဆိုတာ တွေ့နိုင်တာပေါ့ကွယ်"

"နားလည်ပါပြီ ဘဘ"

"ပြောလက်စနဲ့ ပျဉ်းမင့်တိုကဗျာအကြောင်း ဆက်ပြောရအောင်။ ဘာသာ-စာပေပေါင်းကူးရှုထောင့်က ပြောကြတာပေါ့။ ပျဉ်းမင့်တိုကြီး ကုန်းပေါ်မှာ တစ်ပင်တည်းရှိနေပုံကို လင်းတအိုကြီးတစ်ကောင် ထိုင်နေပုံနဲ့ ဥပမာပေးထားတာ၊ ပျဉ်းမင့်တိုကြီးရဲ့ ခွဆုံနားမှာရှိတဲ့ သစ်ခေါင်းဆွေးကြီးကလဲ အနာဖေးတွေတက်နေတဲ့အိုင်းအနာကြီးကို ဟက်ပက်ကြီးကွဲနေပုံ၊ အဲဒီမှာ ခြအိမ်ပျက်ကြီးတစ်ခုကလဲ တွယ်နေပုံတွေကို သရုပ်ဖော်ထားတာလေ။ လင်းတအိုတို့၊ အိုင်းအမာတို့နဲ့ ဥပမာပေးပြီး အလင်္ကာမြောက်အောင်ဖွဲ့ထားလို့ သရုပ်ပေါ်တာပေါ့။ ခုနလိုပဲ ကာရန်ယူထားတဲ့ အသံတွေကိုကြည့်ပါအုံး။ 'ခွဆုံအကွေး၊ သစ်ခေါင်းဆွေးလည်း၊ အဖေးတက်လာ' တဲ့။ ကာရန်ယူထားတဲ့ စကားလုံးတွေကို ပြောပြပါ"

" 'ကွေး-ဆွေး-ဖေး' ပါဘဘ"

"အဲဒီအသံတွေကလဲ သံလေးလို့ခေါ်တဲ့ ဝစ္စပေါက်သံတွေလေ၊ ဘယ်မှာသာယာလို့လဲ။ ပျဉ်းမင့်တိုကြီးရဲ့ အခြေအနေနဲ့ လိုက်ဖက်တာပေါ့။ ကဲ...နောက်တစ်ပိုဒ်က"

"ကုန်းမိုကမ်းပါး၊ မြေပဝ်ကြားတွင်၊ စစ်သားခမောက်၊ ပိန်ခြောက်ခြောက်လည်း၊ စစ်ရောက်စခန်း လက်ပြည္ဆန်း"

"ဟုတ်ပြီ။ အဲဒီမှာလဲ ကြည့်လေ။ ကာရန်ယူတဲ့စကားလုံးတွေက ပါး-ကြားဆိုတဲ့ ဝစ္စပေါက်သံတွေရယ်၊ 'မောက်-ခြောက်-ရောက်' ဆိုတဲ့ ရပ်သံတွေရယ်ဆိုတော့ အကြောင်းအရာနဲ့ လိုက်ဖက်တဲ့ အသံတွေပေါ့။ မြေကြီးတွေက ပပ်ကြားအက်နေပြီး အဲဒီမှာစစ်သားတွေ စွန့်ပစ်သွားတဲ့ စစ်သားခမောက် ပိန်ခြောက်ခြောက်ကြီး တစ်လုံးပဲရှိနေတယ်လို့ ဖွဲ့ထားတာလေ"

"ဟုတ်ကဲ့ပါ"

"နောက်တစ်ပိုဒ်ကျတော့ ကာရန်ချိတ်ဆက်ဖွဲ့ပုံက ထူးခြားတယ်လေ။ သမီးရတယ်မဟုတ်လား"

"ရပါတယ် ဘဘ။ 'ထိုပင်ငှတ်တို၊ ပျဉ်းမအို သည်၊ စစ်ကိုလည်းကြံ၊ ခြအုံလည်းဖြစ်၊ ဓားထစ်လည်းခံ၊ နေလျှံလည်းတိုက်၊ လေပြင်းခိုက်လည်း၊ မငိုက်ဦးခေါင်း..."

"ရပြီ၊ ရပြီ။ လေးလုံးစပ်ကာရန်ယူရာမှာ 'စစ်ကိုလည်းကြံ၊ ခြအုံလည်းဖြစ်၊ ဓားထစ်လည်းခံ၊ နေလျှံလည်းတိုက်'ဆိုတဲ့ အဖွဲ့ကို အသံထွက်ပြီး ဆိုကြည့်စမ်း ဘယ်လိုနေသလဲ"

"အသံကမြန်ပြီး သွက်နေပါတယ် ဘဘ"

"ဟုတ်တာပေါ့။ ကာရန်ယူပုံက အပေါ်ပိုဒ်က လေးလုံးမြောက်ကာရန်နဲ့အောက်ပိုဒ်က နှစ်လုံးမြောက်ကာရန်ကို ဆက်ဆက်ယူထားတာလေ။ 'ကြံ-အုံ၊ ဖြစ်-ထစ်၊ ခံ-လျှံ'ဆိုတဲ့ ကာရန်တွေလေ။ ဟုတ်တယ်မဟုတ်လား"

"အဲဒီကာရန်ယူပုံကို ၄-၂ ကာရန်အဖွဲ့လို့ ခေါ်ကြတယ်။ပုံမှန်ကာရန်ယူရင် 'မဲဇာတောင်ခြေ စီးတွေတွေတည့်၊ မြစ်ရေဝန်းလည်'ဆိုတာကို ခြေ-တွေ-ရေ ဆိုပြီး သုံးသံတွဲယူတာလေ။ ၄-၃-၂ ကာရန်အဖွဲ့လို့ခေါ်တယ်။ ပုံမှန်ပေါ့။ အခု ၄-၂ ကာရန် ယူလိုက်တော့ဆိုရတာပိုမြန် ပိုသွက်သွားတာပေါ့။ သမီးနားလည်မယ်ထင်ပါတယ်"

"နားလည်ပါတယ် ဘဘ"

"ကာရန်က သိပ်သွက်ပြီး အကူးအပြောင်းမြန်တယ်လေ။ 'မဲဇာတောင်ခြေ'အပိုဒ်နဲ့၊ 'စစ်ကိုလည်းကြံ'အပိုဒ်ကို ယှဉ်ပြီးဆိုကြည့်ရင် အနေးအမြန်ကွာတာ သိသာပါတယ်"

လေးလုံးစပ်ကာရန်ယူရာမှာ 'စစ်ကိုလည်းကြံ၊ ခြအုံလည်းဖြစ်၊ ဓားထစ်လည်းခံ၊ နေလျှံလည်းတိုက်'ဆိုတဲ့ အဖွဲ့ကို အသံထွက်ပြီး ဆိုကြည့်စမ်း ဘယ်လိုနေသလဲ"

"အသံကမြန်ပြီး သွက်နေပါတယ် ဘဘ"

"ဟုတ်တာပေါ့။ ကာရန်ယူပုံက အပေါ်ပိုဒ်က လေးလုံးမြောက်ကာရန်နဲ့ အောက်ပိုဒ်က နှစ်လုံးမြောက်ကာရန်ကို ဆက်ဆက်ယူထားတာလေ။ 'ကြံ-အုံ၊ ဖြစ်-ထစ်၊ ခံ-လျှံ'ဆိုတဲ့ ကာရန်တွေလေ။ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ကဲ့ပါ"

"ရေးဖွဲ့တဲ့အကြောင်းအရာလဲကြည့်လေ။ ပျဉ်းမင့်တိုတိုကြီးဟာ စစ်ဘေးနဲ့ကြုံလိုက်ရ၊ ခြအုံဖြစ်လိုက်ရ၊ ဓားထစ်ခံလိုက်ရ၊ နေပူခံလိုက်ရနဲ့ လောကခံအမျိုးမျိုးကို တစ်ခုပြီးတစ်ခု ဆက်တိုက်ခံရပုံကို ဖွဲ့ထားတာမဟုတ်လား။ တစ်ခုပြီးတစ်ခု ပြောင်းလဲသွားတာကို ၄-၂ ကာရန်နဲ့ သွက်သွက်ဖွဲ့သွားတာ သိပ်လိုက်ဖက်တာပေါ့ကွယ်"

"ဘဘ ရှင်းပြတော့ သမီးမြင်လာပါပြီ ဘဘ"

"ကဲ... နောက်ဆုံးအပိုင်းရောက်ပြီနော်။ ဆက်ပါအုံး"

" မငိုက်ဦးခေါင်း၊ နွေသစ်လောင်းသော်၊ ရွက်ဟောင်းညှာကြွေ၊ ရွက်သစ်ဝေ၍ လေပြည်ထဲတွင်၊ ငယ်ရုပ်ဆင်သည်၊ အသင်ယောက်ျားကောင်းတကား' ပြီးပါပြီ ဘဘ"

" ဟုတ်ပြီ။ ဟုတ်ပြီ။ အဲဒီအပိုင်းဟာ ကဗျာရဲ့ ဆရာကြီး ဝီလျံဖော့ကနာ- William Faukner ရေးဆွဲတဲ့ ဟင်နရီ (Henry) ဆိုတဲ့ ပန်းချီကားပဲ။ လူငယ်တွေရဲ့ လေးစားစရာစိတ်ဓာတ်ကို ဖော်ပြတဲ့ပန်းချီလို့ဆိုတယ်။ အဲဒီပန်းချီကားကို ကြည့်ပြီး လိုက်ဖက်တဲ့ကဗျာ တစ်ပုဒ်ဖွဲ့ပေးဖို့လဲ ဆရာကြီးကို မေတ္တာရပ်ခံသတဲ့။ ဆရာကြီးက ပန်းချီကားကို ကြည့်ပြီးတော့ ကဗျာသစ်မဖွဲ့တော့ဘဲ ပျဉ်းမင့်တိုကဗျာကိုပဲ ပို့လိုက်ပြီး အကျိုးအကြောင်း ရှင်းပြတယ်။ ဆရာကြီးလုစ်ရဲ့ဘာသာပြန်ကိုလဲ ပို့လိုက်တယ်။ အဲဒီ ပုဂ္ဂိုလ်တွေက ပျဉ်းမင့်တိုကဗျာကို ဝမ်းမြောက်ဝမ်းသာလက်ခံပြီး မြန်မာကို ကိုယ်စားပြုတဲ့ ကဗျာအဖြစ် ၆၉ နိုင်ငံက ကဗျာတွေထဲမှာ ရွေးချယ်လိုက်တယ်တဲ့။ စာအုပ်နာမည်က The World's Great Living Poets (ကမ္ဘာ့သက်ရှိကဗျာဆရာကြီးများ)လို့ သိရတယ်။ မှတ်သားစရာ၊ ဂုဏ်ယူစရာပါကွယ်"

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာအေးဖေ ပါမောက္ခ (ဌာနမှူး) ရုက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဇီဝဗေဒဘာသာရပ် ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများ စာမေးပွဲလွယ်ကူစွာဖြေဆိုနိုင်စေဖို့ ရည်ရွယ်ပြီးပို့ချမှာဖြစ်တယ်။ ဒီပို့ချချက်မှာ ပြဋ္ဌာန်းထားတဲ့ သင်ခန်းစာကို လေ့လာသင့်တဲ့ပုံစံနဲ့ စာမေးပွဲအထောက်အကူပြု သိကောင်းစရာများကို ဖော်ပြပါမယ်။

ဇီဝဗေဒသင်ရိုးမှာပါတဲ့ သင်ခန်းစာကို လေ့လာကြည့်ရင် Chapter I to IV ကို ရှင်းလင်းထားခြင်းဟာ Chapter VI to X အတွင်း ပါဝင်တဲ့ ရုက္ခဗေဒ (Botany) ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများကို အခြေခံအားဖြင့် နားလည်စေရန် ဖြစ်တယ်။

Parts of a plant အပင်တစ်ပင်ရဲ့ အစိတ်အပိုင်းတွေကို သိရှိပြီးရင် အပင်အမျိုးအစား ခွဲခြားခြင်းနှင့် ပတ်သက်လို့ လေ့လာရမှာဖြစ်တယ်။ ပင်စည်ရဲ့သဘာဝ Nature of stem နှင့် ကြီးထွားမှု Growth habit ပေါ် မူတည်ပြီး အောက်ပါအတိုင်း ခွဲခြားနိုင်တယ်။

PLANTS TYPES BASED ON NATURE OF STEMS AND GROWTH HABIT

No.	Types	Prominent features	Examples
1	Trees	woody plant with one main trunk	mango, kokko, kyun
2	Shrubs	medium-sized, many branches arising from the ground level	*Hibiscus*, most grasses
3	Herbs	soft stems	tomato, most grasses
4	Climbers	weak stems which need support to grow upright	ratten
5	Creepers	weak stems which creep about without growing upright	grasses, strawberries

သက်တမ်း (Length of life) ပေါ် မူတည်ပြီးလည်း အောက်ပါအတိုင်းခွဲခြားနိုင်တယ်။

PLANTS DISTINGUISHED ACCORDING TO THE LENGTH OF LIFE

No.	Types	Length of life	Examples
1	Annuals	one growing season	peas, beans
2	Biennials	two growing season	carrot, cabbage
3	Perennials	many years	mango, gladiolus

အပင်များကို ပေါက်ရောက်ရာဒေသ (Habitat) ရဲ့ ရေရရှိမှုပေါ်မူတည်ပြီးတော့လည်း သက်ဆိုင်ရာ နေရာ၊ အခြေအနေနှင့် ဥပမာပြုအပင်တွေကို အောက်ပါအတိုင်း မှတ်သားစေချင်တယ်။

PLANTS DISTINGUISHED ACCORDING TO HABITATS

No.	Types	Habitats	Examples
1	Hydrophytes	live in water or in very wet soil	waterlilies
2	Xerophytes	live in dry places	cacti, *Acacia* species
3	Mesophytes	intermediate between the two extremes of very dry and very wet situations	peas, beans

အပင်တွေကို အစာအာဟာရရယူပုံနည်းလမ်း (Mode of nutrition) ပေါ် မူတည်၍လည်း အောက်ပါအတိုင်းခွဲခြားထားတာတွေကို ဥပမာများနှင့်တကွ လေ့လာမှတ်သားဖို့လိုတယ်။

PLANTS DISTINGUISHED ACCORDING TO MODE OF NUTRITION

No.	Types	Mode of nutrition	Examples
1	Autophytes	can manufacture their own food	all green plants
2	Parasites	cannot manufacture their own food, depend on other organisms for their nutrition	dodder
3	Saprophytes	live upon dead organic matter	fungi
4	Epiphytes	grow attached to other plants but do not obtain any food from them	orchids
5	Insectivorous	obtain their nourishment by feeding insects	pitcher plant, sundew

Root,stem, leaf ရဲ့ အခြေခံတည်ဆောက်ပုံနဲ့ အာဟာရပြုပုံတွေကို သိပြီးပြီဆိုရင် သူတို့ရဲ့ထူးကဲမှု Modification ကို ထပ်ပြီးနားလည်သဘောပေါက်ဖို့ လိုတယ်။

MODIFIED PLANTS

Modified Function	Modified Roots	Modified Stems	Modified Leaves
Storage	Modified tap roots (e.g., carrot, radish, sugar beet)	Underground stems Rhizome (e.g., ginger) Tuber (e.g., potato)	Food storage leaves e.g., onion bulb Water storage leaves e.g., *Sansevieria*
Support	Prop roots (e.g., banyan) Climbing roots (e.g., betel)	Twiner (e.g., *Ipomoea*) Tendril climber (e.g., cucurbit)	False trunk or supporting leaf sheaths (e.g., banana) Buoyancy by leaf floats (e.g., water hyacinth)
Respiration	Respiratory roots (e.g., *Jussiaea*)		
Absorption	Sucking roots or Haustoria (e.g., dodder, *Loranthus*)		Insectivorous plants (e.g., Pitcher plant, Sundew, Venus flytrap, Bladder-wort)
Food manufacture (Photosynthesis)		Phylloclade (e.g., cactus)	
Reproduction (Vegetative propagation)		Runner (e.g., strawberry) Rhizome (e.g., ginger) Tuber (e.g., potato)	*Bryophyllum*

အဲဒီ Modify ဖြစ်နေတဲ့ အမြစ်၊ ပင်စည်နဲ့ အရွက်တော်တော်များများကိုလည်း မိမိရဲ့ပတ်ဝန်းကျင်မှာ အလွယ်တကူမြင်တွေ့နိုင်တာကြောင့် ပိုမိုသဘောပေါက်အောင် လေ့လာနိုင်တယ်။ Modification အပင်အမျိုးအစားတွေကို ပုံတွေနဲ့ ဖော်ပြထားတာကြောင့် ပုံရဲ့အညွှန်း (Label)၊ ပုံခေါင်းစဉ် (Caption) တို့ကို မှတ်သားထားပြီး ပုံဆွဲတတ်အောင်လည်း လေ့ကျင့်ထားဖို့လိုတယ်။

အခုဆက်လက်ပြီး ပန်းပွင့်အကြောင်းကို ဖော်ပြမှာဖြစ်တယ်။

PARTS OF A FLOWER

Floral parts	Position	Consisting parts	Functions
Calyx	outermost whorl	sepals	- protection - assimilation - attraction - special function
Corolla	second whorl	petals	- protection - attraction
Androecium	third whorl	stamens	- reproduction
Gynoecium	fourth whorl	carpels	- reproduction

ပန်းခိုင် (Inflorescence) လို့ ဆိုတာနဲ့ ပန်းပွင့်များဟာ တစ်ခုတည်းသော ပွင့်ကိုင်း (Peduncle) ပေါ်မှာ တည်ရှိနေကြတယ်ဆိုတာ သိရမယ်။ အဲဒီပန်းခိုင်တွေရဲ့ ထိပ်မှာအဖူးနဲ့ဆုံးတဲ့ ပန်းခိုင်ဟာဆက်ပြီး တိုးရှည်နိုင်တဲ့အတွက် အဆုံးမရှိ ပန်းခိုင် (Racemose) လို့ ခေါ်တယ်။ ပန်းခိုင်ရဲ့ထိပ်မှာ ပန်းပွင့်နဲ့အဆုံးသတ်နေရင် အဆုံးရှိပန်းခိုင် (Cymose) လို့ ခေါ်တယ်။ Racemose အမျိုးအစားတစ်ခုဖြစ်တဲ့ Head or Capitulum ဦးခေါင်းငယ်ပန်းခိုင်ကို နေကြာပန်းနဲ့ ဥပမာထားပြီး လေ့လာနိုင်တယ်။

ဝတ်မှုန်ကူးခြင်း (Pollination) အကြောင်းကို အောက်ဖော်ပြပါအတိုင်းမှတ်သားစေချင်တယ်။

POLLINATION
transference of pollen grains from anther to stigma

Self-pollination → (same flower)
occur in {bisexual flowers}

1. **Homogamy**
   e.g., paddy, tobacco, wheat, and some legumes
2. **Cleistogamy**
   e.g., *Commelina* and *Impatiens*

Cross-pollination → (another flower)
{unisexual and self-sterile bisexual flowers}

1. **Entomophily → by insect**
   e.g., sunflower
2. **Anemophily → by wind**
   e.g., maize
3. **Hydrophily → by water**
   e.g., *Vallisneria*
4. **Zoophily → by animals**
   e.g., *Bombax,Colocasia*

သန္ဓေအောင်ခြင်း Fetrilization အကြောင်းကိုလေ့လာဖို့အတွက် Ovary အစေ့အိမ် နဲ့ Ovule အစေ့လောင်းကို သိထားရမှာဖြစ်သလို Anther ဝတ်မှုန်အိတ်နဲ့ Pollen ဝတ်မှုန်တို့ကိုလည်း သိထားရမှာ ဖြစ်တယ်။ ပန်းပွင့်ရဲ့ Ovaries ကနေ Fruits အသီးများ ဖွဲ့ဖြိုးလာတယ်။ အစေ့အိမ်နံရံ Fruit wall အပေါ်မူတည်ပြီး အသားထူခြင်းနှင့် အရည်ရွှမ်းခြင်း Fleshy fruits သို့မဟုတ် ခြောက်သွေ့ခြင်းနှင့် အသီးခွံမာခြင်း Dry fruits ရယ်လို့ နှစ်မျိုးခွဲနိုင်တယ်။

Ovule အစေ့လောင်းကနေ Seed အစေ့ဖြစ်လာတယ်။ အစေ့တစ်စေ့မှာ Embryo ပင်လောင်းတစ်ခု၊ Cotyledons စေ့ရွက်တစ်ခု သို့မဟုတ် နှစ်ခုနဲ့ Seed coat အစေ့ခွံတို့ပါဝင်တယ်။ အစေ့အများစုမှာ စေ့တွင်းစာ Endosperm လည်းရှိကြတယ်။ စေ့ရွက်ပါဝင်မှုပေါ် မူတည်ပြီး Monocotyledons စေ့ရွက်ထီးနှင့် Dicotyledons စေ့ရွက်စုံဆိုပြီး ခွဲခြားနိုင်တယ်။ အစေ့အညှောင့်ပေါက်ခြင်း Germination နှစ်မျိုးမှာ Epigeal Germination စေ့ရွက်မြေပေါ် ပေါက်ခြင်းနှင့် Hypogeal Germination စေ့ရွက်မြေအောက်ပေါက်ခြင်းတို့ ဖြစ်တယ်။ အသီး၊ အစေ့နှင့် အပင်ပေါက်ခြင်း အကြောင်းအရာများကို သက်ဆိုင်ရာ ဥပမာများနဲ့လေ့လာရင် ပိုပြီးနားလည်သဘောပေါက်မှာ ဖြစ်တယ်။

A Typical Mammal အခန်းမှာတော့ ကျောရိုးရှိဖြစ်တဲ့ နို့တိုက်သတ္တဝါများကို အုပ်စု (၃) စုခွဲခြားပုံကိုဖော်ပြပြီး ယင်းတို့ရဲ့ယေဘုယျလက္ခဏာ (၁၀) ချက်ကိုရှင်းလင်းထားခြင်းဟာ Chapter V to X အတွင်းပါဝင်တဲ့ သတ္တဗေဒ (Zoology) ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများကို အခြေခံအားဖြင့် နားလည်စေရန်ဖြစ်တယ်။

ပုံစံပြနို့တိုက်သတ္တဝါအနေနဲ့ The Rabbit *(Lepus cuniculus)* ရဲ့အလေ့အထ (Habits) ကို သိရှိပြီးတဲ့နောက် ပြင်ပလက္ခဏာ (External features) ကို ပုံနဲ့တကွ လေ့လာထားဖို့လိုတယ်။ ထို့နောက် ကိုယ်တွင်းခေါင်း (Body cavity) အတွင်း ခန္ဓာဗေဒဆိုင်ရာတည်ဆောက်မှုများဖြစ်တဲ့ အရိုးငြမ်းအဖွဲ့အစည်း (Skeletal system)၊ အစာခြေအဖွဲ့အစည်း (Digestive system)၊ အသက်ရှူအင်္ဂါအဖွဲ့အစည်း (Respiratory system)၊ သွေးလှည့်အဖွဲ့အစည်း (Circulatory system)၊ အညစ်အကြေးစွန့်အဖွဲ့အစည်း (Excretory system)၊ မျိုးပွားအင်္ဂါအဖွဲ့အစည်း (Reproductive system) နှင့်အာရုံကြောအဖွဲ့အစည်း (Nervous system) များကို သရုပ်ဖော်ပုံများနဲ့တကွ စိတ်ဝင်စားဖွယ်လေ့လာနိုင်တယ်။

Nutrition အပိုင်းရဲ့ အဓိကဖြစ်စဉ်ကတော့ Photosynthesis (အလင်းမှီစု အစာဖွဲ့စည်းခြင်း) ဖြစ်တယ်။ Chloroplast ဟာ အပင်ဆဲလ်တွင်းရှိ Organelle တစ်ခုဖြစ်ပြီး Chlorophyll များကို သယ်ဆောင်ထားတယ်။ အလင်းမှီစုအစာဖွဲ့စည်းရန်အတွက် Chlorophyll ရှိရန် လိုအပ်သလို ကာဗွန်ဒိုင်အောက်ဆိုဒ် (Carbon dioxide) နှင့် ရေတို့ ရရှိရန်လည်း လိုအပ်တယ်။ အပင်များဟာ အလင်းရောင်ရရှိချိန်မှာ ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် ရေမှအခြေခံသကြား Glucose ကို ဖွဲ့စည်းကာ Starch ကစီဓာတ်အသွင်ဖြင့် သိုလှောင်ထားလေ့ရှိတယ်။ ဒီလိုအစာဖွဲ့စည်းခြင်းဖြစ်စဉ်ဟာ အများအားဖြင့် အရွက်များမှာသာ ဖွဲ့စည်းတတ်လို့ Table မှာ ဖော်ပြထားတဲ့ Leaf Structure ရဲ့ Cell အလွှာတစ်ခုချင်းရဲ့ ဖွဲ့စည်းတည်ဆောက်ပုံနဲ့ လုပ်ငန်းတာဝန်တွေကိုပါ သိရှိနားလည်ဖို့ လိုအပ်သလို Conditions required for photosynthesis, Factors controlling photosynthesis, Intake of substances required for photosynthesis စတဲ့အကြောင်းအရာများကို Table နဲ့ ဖော်ပြထားတာကြောင့် Photosynthesis လုပ်ဖို့အတွက်လိုအပ်တဲ့ Condition, Controlled factors နှင့် ဘယ်လို Substances တွေကို ရယူရသလဲဆိုတာကို လွယ်ကူစွာနားလည်သဘောပေါက်နိုင်မှာ ဖြစ်တယ်။

အပင်တွေလို ကိုယ်တိုင်အစာမချက်နိုင်တဲ့ သတ္တဝါတွေရဲ့အစာစားပုံဟာ Heterotrophic nutrition ဖြစ်တယ်။ ဒါကိုဆဲလ်တစ်ခုတည်းနဲ့တည်ဆောက်ထားတဲ့ Protozoa တစ်ကောင်ဖြစ်တဲ့ *Paramecium* ရဲ့ ခန္ဓာကိုယ်အတွင်း အစာဖမ်းယူပုံ၊ အစာလှည့်လည်ပုံနဲ့ အညစ်အကြေးစွန့်ပုံတွေကို ပုံနဲ့တကွလေ့လာထားဖို့လိုတယ်။ အဲဒီနောက် လူတို့ရဲ့ နေ့စဉ်လိုအပ်တဲ့ Healthy diet နှင့် diet ညီမျှမှုမရှိရင်ဖြစ်နိုင်တဲ့ဆိုးကျိုး (Obesity and Constipation) ကိုသိရှိပြီးတဲ့နောက် Human alimentary canal တစ်လျှောက် လုပ်ဆောင်မှုအဆင့်ဆင့်ကို သိရှိထားဖို့လည်းလိုတယ်။ Dentition ရဲ့ အခန်းကဏ္ဍမှာ Teeth ရဲ့ Structures နှင့် Functions ကို Table နဲ့ ဖော်ပြထားလို့ ကျောင်းသား ကျောင်းသူများ ကောင်းစွာနားလည်သဘောပေါက်မှာ ဖြစ်တယ်။

သက်ရှိဆဲလ်ထဲမှာ Glucose ပြိုကွဲမှုကြောင့် Chemical energy ဓာတုစွမ်းအင် ထွက်ရှိခြင်းကို Respiration စွမ်းအင်ထုတ်ခြင်းလို့ခေါ်တယ်။ စွမ်းအင်ထုတ်ခြင်းမှာ Aerobic respiration လေရှိစွမ်းအင်ထုတ်ခြင်းနှင့် Anaerobic respiration လေမဲ့စွမ်းအင်ထုတ်ခြင်းဆိုပြီး နှစ်မျိုးရှိတယ်။ ထွက်ပေါ်လာတဲ့စွမ်းအင်ကို ATP (Adenosine triphosphate) အဖြစ် ဆဲလ်ရဲ့ Mitochondria ထဲမှာ သိုလှောင်ထားတယ်။ ATP က ထွက်လာတဲ့ စွမ်းအင်ကို သက်ရှိတို့ရဲ့ လှုပ်ရှားဆောင်ရွက်မှုများအတွက် နည်းလမ်းအမျိုးမျိုးနဲ့ အသုံးပြုကြတယ်။

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှ

လူအပါအဝင်သတ္တဝါတွေဟာ လေရှိစွမ်းအင် ထုတ်ပေးမယ့် ပြင်းပြင်းထန်ထန် လေ့ကျင့်ခန်းလုပ်နေရင် ကြွက်သားဆီကို အောက်ဆီဂျင် (O_2) မြန်မြန်နဲ့ လုံလောက်အောင် မရောက်နိုင်လို့ လေမဲ့စွမ်းအင် ထုတ်ကြရတယ်။ Gaseous exchange အပိုင်းမှာ အဆုတ်ရဲ့လုပ်ငန်းတာဝန်နှစ်ခုဖြစ်တဲ့ Inspiration နှင့် Expiration ကို နှိုင်းယှဉ်လေ့လာနိုင်တယ်။ ဒုံအပြင် Dead spaces အကြောင်းကိုလည်း ဆက်စပ်နားလည်ဖို့လိုတယ်။

သက်ဝင်လှုပ်ရှားလျက်ရှိတဲ့ ပရိုတိုပလာဇမ်ရဲ့ သုံးပုံနှစ်ပုံ ဒါမှမဟုတ် ဒီထက်ပိုတဲ့အပိုင်းတွေကို ရေနဲ့ဖွဲ့စည်းထားကြောင်း ဦးစွာသိရှိထားရမယ်။ ရေနှင့်သက်ရှိများရဲ့ နီးနွယ်ဆက်စပ်မှုသင်ခန်းစာမှာ ရေရဲ့အသုံးဝင် အရေးပါမှု အကြောင်းရင်း (၅) ခုဖြစ်တဲ့ (1)Solvent, (2)Reactant,(3)Coolant, (4) Support နှင့် (5) Lubricant စတဲ့ အကြောင်းအရာများကိုလည်း သိထားရမယ်။ အဲဒီနောက် Diffusion (ပျံ့ရောခြင်း) နှင့် Osmosis (တစ်ဖက်စိမ့်ခြင်း) အကြောင်းအရာများကို ကွဲပြားစွာနားလည်ထားဖို့လိုတယ်။ Transpiration pull (ရေဆွဲတင်အား)၊ Transport of salt (ဓာတ်ဆားများကိုသယ်ပို့ပေးခြင်း) နှင့် Cooling (အေးစေခြင်း) တို့သည် ပင်ငွေ့ပျံခြင်း (transpiration) ကြောင့်ရရှိတဲ့ အကျိုးကျေးဇူးများဖြစ်ကြောင်း နားလည်ရမှာဖြစ်တယ်။ ဆက်လက်ပြီး အပင်များအတွင်း ရေနှင့် ပျော်ဝင်ပစ္စည်းများဟာ အပင်တစ်လျှောက် Translocation (ရွှေ့ပြောင်းခြင်း) နည်းနဲ့ ရွှေ့လျားနိုင်ခြင်းရှိတာကိုပါ သိရှိရမှာဖြစ်တယ်။

Transport in animals မှာ သတ္တဝါများအသက်ရှင်ရန် ခန္ဓာကိုယ်အတွင်း လှည့်ပတ်စီးဆင်းနေတဲ့ Blood နှင့် Lymph အကြောင်းအရာများကိုလည်း သရုပ်ဖော်ပုံများနဲ့ လေ့လာရမှာဖြစ်တယ်။ အခုပြောပြခဲ့တဲ့ပုံစံနဲ့ Co–ordination, Reproduction, Inheritance နဲ့ Environmental Biology အကြောင်းအရာတွေကိုလည်း ကျောင်းသားကျောင်းသူများအနေနဲ့ အလွတ်ကျက်ခြင်းထက် အခြေခံအကြောင်းအရာဖြစ်စဉ်များကို သေချာစွာ နားလည်သဘောပေါက်အောင် ဖတ်ရှုပြီးမှ မေးခွန်းဟောင်းများကို လေ့ကျင့်ဖြေဆိုမယ်ဆိုရင် ပိုမိုထိရောက်မှုရှိမှာ ဖြစ်တယ်။

ဇီဝဗေဒဘာသာရပ်ရဲ့ မေးခွန်းပုံစံကို လေ့လာမယ်ဆိုရင် –

1.	TRUE or FALSE	[1 mark each]	(10 statements)	10 marks
2.	Multiple Choice	[1 mark each]	(10 statements)	10 marks
3.	Completion	[1 mark each]	(10 statements)	10 marks
4.	Short Questions	[2 marks each]	(5 questions)	10 marks
5.	Short Questions	[5 marks each]	(4 out of 5 questions)	20 marks
6.	Long Questions	[10 marks each]	(4 out of 6 questions)	40 marks

မေးခွန်းနံပါတ် (၁) (၂) နဲ့ (၃) ကတော့ လုံးဝရွေးချယ်ပိုင်ခွင့်မရှိဘူး။ မေးခွန်းနံပါတ် (၄) ကတော့ အားလုံးဖြေဆိုရမယ်ဆိုပေမယ့် သို့မဟုတ် (OR) ခံထားတဲ့ မေးခွန်းအမျိုးအစားတွေပါတော့ ရွေးဖို့အခွင့်အရေးရှိတယ်လို့ ပြောနိုင်သေးတယ်။ ရွေးချယ်ပိုင်ခွင့်ရှိတဲ့ မေးခွန်းနံပါတ် (၅) နဲ့ (၆) မှာလည်း (OR) ခံထားတဲ့မေးခွန်းမျိုးတွေပါသေးတာကြောင့် ရွေးချယ်နိုင်တဲ့ အခွင့်အရေးတွေ ပိုပြီးရှိတယ်။ သင်ရိုးကုန် ကြေညက်အောင် ကျက်မှတ်ထားတဲ့သူများ အဖို့တော့ အမှတ်ပြည့်လုနီးပါး ဖြေဆိုနိုင်ကြပါလိမ့်မယ်။ ရွေးချယ်ကျက်မှတ်တဲ့သူများအဖို့တော့ မေးခွန်းအားလုံးကို ဖြေနိုင်မှာ မဟုတ်ဘဲ ကျက်ထားတာတိုးမှ ဖြေနိုင်မှာပါ။ ဂုဏ်ထူးထွက်ပြီး အမှတ်ပြည့်လုနီးပါးရတဲ့ ကျောင်းသားကျောင်းသူများဟာ သင်ရိုးကုန်ကို သဘောပေါက်နားလည်အောင် ကြေညက်စွာကျက်မှတ်ထားသူများ ဖြစ်ကြတယ်။

မေးခွန်းနံပါတ် 1. TRUE or FALSE statements ကို ဖြေဆိုဖို့ Statement ဟာ မိမိသိရှိထားတဲ့ အကြောင်းအရာနဲ့ ကိုက်ညီရင် TRUE ဖြစ်ပြီး မိမိသိရှိထားတဲ့ အကြောင်းအရာနဲ့ကွဲလွဲမှုရှိရင် FALSE ဖြစ်တယ်။ ကောက်နုတ်ထားတဲ့ Statement များအနေနဲ့ ဖတ်စာအုပ်မှ တိုက်ရိုက်ကောက်နုတ်ထားတာရှိသလို Own construction နဲ့ ပေးထားတဲ့ Statement များလည်းရှိတာကို တွေ့ကြပါလိမ့်မယ်။ ပေးထားတဲ့ TRUE or FALSE statements များကို သေသေချာချာ နားလည်အောင်ဖတ်ပါ။ TRUE or FALSE statements ဖော်ပြချက်တွေဟာ နားလည်သဘောပေါက်မှုကို ဦးစားပေး မေးထားတာတွေ့ရလိမ့်မယ်။

မေးခွန်းနံပါတ် 2.Multiple Choice ဖြေဆိုရာမှာ အဖြေမှန် (Correct answer) ကို ရွေးချယ်ရန် စကားလုံး (၄) လုံး (A,B,C,D,) ထဲက တစ်လုံးကို ပုဒ်ခွဲငယ်နံပါတ်နဲ့အတူ ဖော်ပြဖြေဆိုရမှာဖြစ်တယ်။ အဖြေမှန်ကို ပြန်လည်ကူးယူပေးဖို့မလိုဘူး။ မေးခွန်းနံပါတ် 3.Completion statement များအတွက်ကတော့ ကွက်လပ်ချန်ထားတဲ့နေရာမှာ မှန်ကန်တဲ့ Word ကို Spelling မှန်မှန်နဲ့ ဖြေဆိုပေးရမှာဖြစ်တယ်။ ဖြည့်စွက်မယ့် စကားလုံးရဲ့ Tense ကို ဂရုစိုက်ဖို့လိုသလို Scientific name ဖြစ်ခဲ့ရင်လည်း မျဉ်းသားပေးဖို့လိုတယ်။ ဒါကြောင့် စာလုံးပေါင်းများကိုလည်း သတိထားပြီး ရေးသားကျက်မှတ်ရပါမယ်။ Objectives မေးခွန်းတွေကို ဖြေဆိုရာမှာ စာကြောင်း (Statements) များကို ပြန်ကူးရေးစရာမလိုဘူး။

Objectives statements (၃၀) ကို မှန်ကန်အောင်ဖြေဆိုနိုင်ဖို့ကတော့ ကျောင်းသား ကျောင်းသူများအနေနဲ့ သင်ရိုးပါအကြောင်းအရာတွေကို နှုတ်တိုက်ကျက်မှတ်မယ့်အစား အကြောင်းအရာရဲ့အနှစ်သာရကို အဓိပ္ပာယ်ရှိစွာနဲ့ဆက်စပ်တွေးခေါ်ပြီး သဘောပေါက်နားလည်အောင် မှတ်သားထားမှသာ လွယ်လင့်တကူဖြေဆိုနိုင်မှာဖြစ်တယ်။ Objectives မေးခွန်းတွေဟာ နားလည် သဘောပေါက်မှုနဲ့ Conceptual ကို အခြေခံတဲ့အတွက် Chapter တစ်ခုစီမှာပါတဲ့ သက်ဆိုင်ရာ ဝေါဟာရ (Terminology) များကို စာလုံးပေါင်းနဲ့တကွ သေချာစွာလေ့လာမှတ်သားဖို့ လိုတယ်။ အဓိကပါဝင်တတ်တဲ့ မေးခွန်းတွေက ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက် (Definition) များနှင့် statements များ ဖြစ်တယ်။ ရွေးချယ်ဖြေဆိုစရာမရှိတဲ့အတွက် အမှတ်ပြည့်ရလိုသူများအနေနဲ့ ပြဋ္ဌာန်းစာအုပ် တစ်အုပ်လုံးကို ခြုံငုံ့ လေ့လာဖတ်ရှုထားဖို့လိုမယ်။

မေးခွန်းနံပါတ် 4, 5 နှင့် 6 ကိုဖြေဆိုရာမှာ မေးခွန်းတွေကိုသေချာစွာ ဖတ်ရှုပြီး အမှတ်ပြည့်ရနိုင်မယ့် မေးခွန်းမျိုးကို ရွေးချယ်ဖြေဆိုဖို့လိုတယ်။ မေးခွန်းတိုမှာ တိုတိုနဲ့လိုရင်းကိုသာ ဖြေဆိုရမှာဖြစ်ပြီးတော့ မေးခွန်းရှည်မှာ ဘာသာရပ်ဆိုင်ရာ နားလည်တတ်ကျွမ်းမှုကို ဖြေဆိုရမှာဖြစ်တယ်။ မေးခွန်းတွေမှာ ပုံဆွဲခိုင်းခဲ့ရင် အချိုးကျသပ်ရပ်တဲ့ပုံကို ခဲတံနဲ့ဆွဲပြီး ပြည့်စုံမှန်ကန်တဲ့ Label and Caption တပ်ပေးဖို့လိုတယ်။ မေးခွန်းထဲမှာပုံပေးထားပြီး Label and Caption မေးခဲ့ရင် အဖြေလွှာ စာအုပ်ထဲမှာ ပုံဆွဲစရာမလိုဘဲ Label နံပါတ်စဉ်အတိုင်း အညွှန်း Label မှန်အောင်တပ်ဖို့နဲ့ ပုံရဲ့ခေါင်းစဉ် Caption ကို ရေးပေးဖို့လိုအပ်သလို ထပ်မံပြီးမေးထားတဲ့မေးခွန်းရှိခဲ့ရင်လည်း ဖြေဆိုဖို့လိုအပ်တယ်။ ဒါကြောင့် သင်ခန်းစာများကို လေ့လာတဲ့အခါ သရုပ်ဖော်ပုံနဲ့တွဲပြီး လေ့လာဖို့လိုသလို Word diagram နဲ့ Table များကိုပါ လေ့လာထားဖို့လိုတယ်။ သိပ္ပံအမည်များကို ရေးသားဖော်ပြခိုင်းရင်တော့ မျိုးစု (Genus) ဖြစ်ခဲ့လျှင် အစစာလုံးကို Capital နဲ့ စရေးပြီး မျဉ်းသားပေးဖို့လည်း လိုအပ်တယ်။

ယခုဆက်လက်ပြီး မေးခွန်းဖြေဆိုတဲ့အခါ ထိရောက်မှုရှိအောင် ဘယ်လိုဖြေဆိုသင့်တယ်ဆိုတာ အကြံပြုပါ့မယ်။ မေးခွန်းနံပါတ် 1, 2 နှင့် 3 Objectives မေးခွန်းမျိုးကို ဖြေတဲ့အခါ ပထမဆုံးဆင့်ပွားမေးခွန်းငယ် နံပါတ် (i မှ v) ကို ဘေးမျဉ်းအတွင်း အပေါ်မှအောက်သို့ လည်းကောင်း၊ (vi မှ x) ကို စာမျက်နှာအလယ် မျဉ်းနှစ်ကြောင်းကြား အပေါ်မှအောက်သို့ဆက်တိုက် အဖြေလွှာစာအုပ်ပေါ်တွင် ရေးသားခြင်းအားဖြင့် နံပါတ်တပ်မှားခြင်းနှင့် နံပါတ်ပိုခြင်း၊ လိုခြင်း မရှိတော့ဘဲ အမှားနည်းနိုင်ပါတယ်။ နံပါတ်ရေးချပြီးမှ Statements များကို သေချာစွာဖတ်ရှုပြီး မိမိအနေဖြင့် သေချာတဲ့အဖြေများကို သက်ဆိုင်ရာနံပါတ်ဘေးမှာဖြေဆိုပါ။ မေးခွန်းနံပါတ် 4, 5 နှင့် 6 မေးခွန်းမျိုး ဖြေဆိုတဲ့အခါ မိမိအဖြေနိုင်ဆုံးအပုဒ်ကိုစဖြေပါ။ ရွေးချယ်ပိုင်ခွင့်ရှိတဲ့ မေးခွန်းမျိုးဆိုရင် မိမိတကယ် တတ်ကျွမ်းတဲ့မေးခွန်းကို ရွေးချယ်ဖြေဆိုပါ။ မေးခွန်းအရွေးမမှားစေဖို့ အထူးသတိပြုကြပါ။

စာမေးပွဲဖြေတဲ့အခါ –

❖ မေးခွန်းကိုသေချာစွာဖတ်ပါ။ နားလည်သဘောပေါက်အောင် ဖတ်ပြီးမှဖြေဆိုပါ။
  မေးခွန်းမှာ
  - Mention/ Name/ List နဲ့စထားရင် အမည်များဖော်ပြဖြေဆိုရန်။
  - Enumerate နဲ့စရင် အမှတ်စဉ်ထိုးရ၍ဖြေဆိုရန်။
  - Define နဲ့စရင် အဓိပ္ပာယ်သတ်မှတ်ရန်။
  - What/ How/ Cite/ Give/ State/ Describe/ Discuss/ Explain/ Clarify/ Write နဲ့စထားရင် ရေးပါ၊ ရှင်းပြပါ၊ ဖြေရှင်းပါ၊ ဆွေးနွေးပါ၊ ဖော်ပြပါ၊ ဘယ်လိုနားလည်သလဲ အစရှိတဲ့ မေးခွန်းတွေကို စာသားအားဖြင့် အဖြေထုတ်ရန်။
  - Distinguish/ Classify/ Differentiate နဲ့စရင် အုပ်စုနှင့် အမျိုးအစားတို့ကို ခွဲခြားပြရန်။
  - Comparative/ Compare and contrast/ versus နဲ့မေးထားရင် နှိုင်းယှဉ်ဖြေဆိုရန်။
  - Give a table/ Tabulate နဲ့စရင် ဇယားဆွဲ၍ ဖြေဆိုရန်။
  - Give a word diagram နဲ့စရင် စကားလုံးများကို အညွှန်းမြားတန်းများဖြင့် ချိတ်ဆက်ဖော်ပြရန်။
  - Draw/ Illustrate/ illustration/ drawing/ diagram နဲ့မေးထားရင် သရုပ်ဖော်ပုံ ဆွဲပေးရန်။
  - Provide labels and caption နဲ့စရင် ပုံကိုပြန်ကူးဆွဲရန်မလိုဘဲ အညွှန်းမြားတို့က ညွှန်ပြသောနေရာကို အမည်ဖော်ပေးရန်နှင့် ပုံခေါင်းစဉ်တပ်ပေးရန်ဖြစ်ပြီး နောက်ဆက်တွဲမေးသည့် မေးခွန်းရှိခဲ့လျှင် မကျန်ရစ်အောင် ဖြေဆိုရန်သတိပြုပါ။
❖ အဖြေလွှာရဲ့ သတ်မှတ်ထားတဲ့နေရာမှာ ခုံနံပါတ်ကို မှန်အောင်တပ်ပါ။
❖ အဖြေလွှာပေါ်က ညွှန်ကြားချက်များကို သေချာစွာလိုက်နာပါ။
❖ ဖြေဆိုမည့်နံပါတ်ကို ဘေးမျဉ်းအတွင်း မှန်အောင်တပ်ပြီးမှ ဖြေဆိုပါ။
❖ ပုံဆွဲခိုင်းခဲ့လျှင် အချိုးကျသပ်ရပ်သောပုံကို ခဲတံဖြင့်ဆွဲပြီး အညွှန်းပြည့်စုံအောင်တပ်ပါ။
❖ ဖြေဆိုပြီးအဖြေများ မှန်ကန်မှုရှိ၊ မရှိ ပြန်လည်စစ်ဆေးပါ။

ယခုတင်ပြခဲ့တဲ့ အကြံပြုချက်များကို လိုက်နာပြီး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ ဂုဏ်ထူးမှတ်များနဲ့ ထူးထူးချွန်ချွန်အောင်မြင်အောင် ကြိုးစားကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

သီပေါမြို့၌ မြို့လယ်ချောင်း ပြန်လည်တူးဖော် ဒေသခံနှင့် လယ်မြေများ အကျိုးရှိစွာသုံးစွဲနိုင်မည်

သီပေါ ဖေဖော်ဝါရီ ၂၈

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ဖာဖိတ်ဆည်ကြီးမှ နမ့်ပေါ့ချောင်းနှင့် မြို့နယ်ချောင်းတို့ ဖြတ်သန်းစီးဆင်းလျက်ရှိသည့် မြို့၏ အသက်သွေးကြော မြို့လယ်ချောင်းကြီး ရေစီးရေလာ ကောင်းမွန်ရေးအတွက် လူအား၊ ယန္တရားအင်အားတို့ဖြင့် ဖေဖော်ဝါရီ ၂၅ ရက်က စတင်၍ မြို့နယ်စည်ပင်သာယာရေးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

မြို့လယ်ချောင်း တူးဖော်ရေးလုပ်ငန်းများကို မီးရထားရပ်ကွက် တုံဒင်ချောင်းမှ တိန်းချေ၊ တိန်းစံအုပ်စုနောက်ကတ် ကျေးရွာအထိ အကျယ်ခြောက်ပေ၊ အနက်သုံးပေနှင့် အရှည် ပေပေါင်း ၆၆၅၀ ကျော်ကို လူအား၊ ယန္တရားအင်အားတို့ဖြင့် မြို့နယ်စည်ပင်သာယာရေးဌာန အမှူဆောင် အရာရှိ ဦးအောင်စည် ကြီးကြပ်ကာ တာဝန်ခံအင်ဂျင်နီယာ ဒေါ်အေးသီတာနှင့်အဖွဲ့က နွေရာသီကာလ မတ်လအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြို့လယ်ချောင်းသည် တောင်မြို့ ပန်းတိမ်တောင်ရပ်ကွက်များနှင့် တိန်းချေ၊ တိန်းစံ၊ ထွန်ကျောင်း၊ မန့်မိုင်၊ နောက်ကတ် ကျေးရွာများမှ လယ်မြေများ ရေဖူလုံစွာ သောက်သုံးနိုင်မည်ဖြစ်သည့်အပြင် သီပေါမြို့မှ ဒေသခံပြည်သူများ အနေဖြင့်လည်း နှစ်စဉ်နွေရာသီ ရေတွင်း၊ ရေကန်များ ရေခန်းခြောက်ခြင်းမှ ကင်းဝေးပြီး မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက်ပါ အထောက်အကူပြုနိုင်ကြောင်း သိရသည်။

စိုင်း(သီပေါ)

ဗျာပုံမြို့နယ်တွင် ပင်လယ်ပြင်ဘေး လုံခြုံရေးနှင့် ငါးလုပ်ငန်းစီမံခန့်ခွဲမှု သင်တန်းဖွင့်

ဗျာပုံ ဖေဖော်ဝါရီ ၂၈

ဧရာဝတီတိုင်းဒေသကြီး ဗျာပုံမြို့နယ်တွင် ငါးလုပ်ငန်းဦးစီးဌာနမှ ကျင်းပသော ပင်လယ်ပြင်ဘေးလုံခြုံရေးနှင့် ငါးလုပ်ငန်းစီမံခန့်ခွဲမှု သင်တန်းဖွင့်ပွဲကို ယမန်နေ့က ဗျာပုံမြို့နယ် ငါးလုပ်ငန်းသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဗျာပုံမြို့နယ် အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုမင်းဇော်က အမှာစကားပြောကြားပြီး ဗျာပုံမြို့နယ် ငါးလုပ်ငန်းသင်တန်းကျောင်း တာဝန်ခံ ဒေါ်ခင်ခင်အေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များဖြစ်သော ကျားဖောင်ရေလုပ်ငန်းတွင် ရေလုပ်သားများ ဘေးအန္တရာယ်ကျရောက်မှု မရှိစေရန်၊ လုပ်ငန်းကျွမ်းကျင်မှု ရှိစေရန်၊ ငါးသားပေါက်ပွားမှုကို သိရှိပြီး ငါးသယံဇာတတိုးပွားလာရန်၊ ငါးမျိုးပြုန်းတီးမှုမရှိစေရန် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျော်ဖြိုးအောင် ကျားဖောင်လုပ်ငန်းရှင် ဦးမင်းဦးက "ကျွန်တော်တို့ဘာမှမသိဘဲနဲ့ လုပ်နေရတာထက်စာရင် အခုလို သင်တန်းတက်ရောက်ရတဲ့အတွက် ရေချို၊ ရေငန်ငါးဖမ်းလုပ်ငန်း အကြောင်းကို သိရှိပြီး ကျွန်တော့်အလုပ်သမားတွေကို ပြန်လည်ရှင်းပြခြင်းအားဖြင့် ဆောင်ရန်၊ ရှောင်ရန်များကို သိရှိနိုင်မှာဖြစ်ကာ အန္တရာယ်ကင်းကင်း စိတ်ချမ်းသာစွာနဲ့ အလုပ်လုပ်နိုင်တော့မှာဖြစ်ပါတယ်။ အခုနှစ်မှာ ရေချိုရေငန် ငါးဖမ်းဥပဒေ၊ နည်းဥပဒေတွေ ထွက်ပေါ်လာတော့ မှာဖြစ်တဲ့အတွက် စည်းစနစ်တကျ လုပ်ကိုင်ကြပြီး အလုပ်သမားမှားရင်လည်း အလုပ်သမားကို အရေးယူပါ၊ အလုပ်ရှင်မှားရင်လည်း အလုပ်ရှင်ကို တိတိကျကျမှန်မှန်ကန်ကန် ဖြစ်အောင် အမှန်ဆုံးလုပ်စေချင်ပါတယ်" ဟု ပြောသည်။

အဆိုပါ သင်တန်းကို ဖေဖော်ဝါရီ ၂၇ ရက် မှ ၂၈ ရက်အထိ နှစ်ရက်ကြာ သင်တန်းပို့ချပေးကြောင်း၊ သင်တန်းသို့ ဗျာပုံမြို့နယ် အတွင်းရှိ ကျားဖောင်လုပ်ငန်းရှင် စုစုပေါင်း ၃၀ တက်ရောက်ကြကြောင်း သိရသည်။

အောင်ဝင်းနိုင်

အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
နေပြည်တော်
၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂၆) ရက်
၂၀၁၉-၂၀၂၀ ပညာသင်နှစ်
အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာခြင်း

၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ အခြေခံပညာအဆင့် အဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါအတိုင်းကြေညာအပ်ပါသည်-

ယမန်နေ့မှအဆက်

အခြေခံပညာဦးစီးဌာန၊ ၂၀၂၀ ပြည့်နှစ်၊ အဌမတန်းလူရည်ချွန်စာရင်း

စဉ်	အမည်	ကျောင်း	မြို့နယ်	ခရိုင်
၆၆	မသက်မျှားဟေသီ	အထက-သဲကုန်း	သဲကုန်း	ပြည်
၆၇	မောင်အောင်ဉာဏ်လင်းသန့်	အထက(ခွဲ)ဆားစည့်	မကွေး	မကွေး
၆၈	မောင်မင်းခန့်ကို	အထက(၁)ရေနံချောင်း	ရေနံချောင်း	မကွေး
၆၉	မယွန်းပန်းရတီ	ဥယျာဉ်မှူး(ကပက)	မကွေး	မကွေး
၇၀	မသီရိဒေဝီဦး	အထက(၁)ရေနံချောင်း	ရေနံချောင်း	မကွေး
၇၁	မောင်စွမ်းရည်ထွန်း၀ါ	အထက-ရှောက်တော	ပွင့်ဖြူ	မင်းဘူး
၇၂	မသွန်းနဒီဦး	ပညာအလင်းရောင်(ကပက)	မင်းဘူး	မင်းဘူး
၇၃	မောင်လူမော်အောင်	အထက-ကံမ	ကံမ	သရက်
၇၄	မောင်ရာပြည့်ဟိန်း	အထက-မလွန်	မင်းလှ	သရက်
၇၅	မသိမ့်သီရိန္တယ်	အထက-ကျော်စွာ	အောင်လံ	သရက်
၇၆	မမေမွှေ	အထက-မင်းလှ	မင်းလှ	သရက်
၇၇	မောင်လှိုင်ဖြိုးအောင်	အထက-တွင်းမ	မြိုင်	ပခုက္ကူ
၇၈	မရတီချမ်းငြိမ်းဦး	အထက-ဆိပ်ဖြူ	ဆိပ်ဖြူ	ပခုက္ကူ
၇၉	မောင်လင်းသန့်နိုင်	အလက(ခွဲ)ဆီမီး	ဆော	ဂန့်ဂေါ
၈၀	မသန့်ထိပ်ထားဦး	အထက-လောင်းရှည်	ဆော	ဂန့်ဂေါ
၈၁	မောင်ထက်သူရနောင်	CAE (ကပက)	ချမ်းအေးသာစံ	မန္တလေး
၈၂	မောင်အိုဇီးလ်မာန်	KMC (ကပက)	မဟာအောင်မြေ	မန္တလေး
၈၃	မနန်းသန့်သဒ္ဓါထက်	နိုဘယ်လ်(ကပက)	ချမ်းမြသာစည်	မန္တလေး
၈၄	မအိမ့်မှူးမျိုးမြတ်	အ.ထ.က (၁၆)	ချမ်းအေးသာစံ	မန္တလေး
၈၅	မောင်ဟိန်းထက်နိုင်	အလက-ရှမ်းတော	မိုးကုတ်	ပြင်ဦးလွင်
၈၆	မမီကိုထိုက်	အထက-(၁)	မိုးကုတ်	ပြင်ဦးလွင်
၈၇	မောင်ရဲဝံ့လူ	ယူနတီ(ကပက)	ကျောက်ဆည်	ကျောက်ဆည်
၈၈	မအင်ကြင်းကို	ယူနတီ(ကပက)	ကျောက်ဆည်	ကျောက်ဆည်
၈၉	မောင်သစ်လွင်ထူး	သမာဓိ(ကပက)	မိတ္ထီလာ	မိတ္ထီလာ
၉၀	မမေချမ်းမြေ့ကိုကို	သမာဓိ(ကပက)	မိတ္ထီလာ	မိတ္ထီလာ
၉၁	မောင်သိန်းတိုးအောင်	WSEC(ကပက)	မြင်းခြံ	မြင်းခြံ
၉၂	မရတနာအေးငြိမ်းဝေ	အထက(၁)	မြင်းခြံ	မြင်းခြံ
၉၃	မောင်ဉာဏ်ဘုန်းနိုင်	ရင်သွေးငယ် (ကပက)	ကျောက်ပန်းတောင်း	ညောင်ဦး
၉၄	မချမ်းမြေ့ခေတ်	အထက-ညောင်ဦး	ညောင်ဦး	ညောင်ဦး
၉၅	မောင်ဘုန်းဆင့်ဟိန်း	အထက(ခွဲ) လကရ-၃	ရမည်းသင်း	ရမည်းသင်း
၉၆	မယွန်းအိကိုကို	အထက(၂)ပန်းစုံ	ပျော်ဘွယ်	ရမည်းသင်း
၉၇	မောင်ရဲလင်းအောင်	အထက-သိမ်ဇရပ်	ကျိုက်ထို	သထုံ
၉၈	မချမ်းမြေ့ကြည်	အထက(၂)သထုံ	သထုံ	သထုံ
၉၉	မင်းတလထော	သမာဓိ(ကပက)	မော်လမြိုင်	မော်လမြိုင်
၁၀၀	မောင်ရဲထက်	အထက(၁)မုဒုံ	မုဒုံ	မော်လမြိုင်

(ဆက်လက်ဖော်ပြပါမည်)

အခြေခံပညာဦးစီးဌာန၊ ၂၀၂၀ ပြည့်နှစ်၊ နဝမတန်းလူရည်ချွန်စာရင်း

စဉ်	အမည်	ကျောင်း	မြို့နယ်	ခရိုင်
၆၆	မယွန်းရွှေရည်လင်း	အထက-မင်းကွက်	ပေါင်းတည်	ပြည်
၆၇	မောင်ကောင်းထက်	အထက(၁)မကွေး	မကွေး	မကွေး
၆၈	မောင်သော်ထူးနိုင်	အထက-လည်ပေါ်	ရေနံချောင်း	မကွေး
၆၉	မထက်ထက်လှိုင်	အထက(၁)	တောင်တွင်းကြီး	မကွေး
၇၀	မမျိုးသန္တာ	အထက(၁)ရေနံချောင်း	ရေနံချောင်း	မကွေး
၇၁	မောင်နိုင်ထူးစံ	အထက-ဆင်ဖြူကျွန်း	စလင်း	မင်းဘူး
၇၂	မသွယ်ဇင်ဖြိုး	အထက-လယ်ကိုင်း	ပွင့်ဖြူ	မင်းဘူး
၇၃	မောင်ဟိုဏ်းထက်ထွန်း	အထက-မင်းလှ	မင်းလှ	သရက်
၇၄	မောင်ဟန်သူရထွန်း	အထက-ဆင်ပေါင်ဝဲ	ဆင်ပေါင်ဝဲ	သရက်
၇၅	မအိပွင့်ဖြူ	အထက(၁)အောင်လံ	အောင်လံ	သရက်
၇၆	မဖြိုးသီရိထက်	အထက(၂)သရက်	သရက်	သရက်
၇၇	မောင်ဟိန်းသူမောင်	အထက(၅) ပခုက္ကူ	ပခုက္ကူ	ပခုက္ကူ
၇၈	မမိုးမြင့်ကြည်သာ	ကောင်းချွန်(ကပက)	ဆိပ်ဖြူ	ပခုက္ကူ
၇၉	မောင်ဇော်မင်းခန့်	အထက-ကျော	ဂန့်ဂေါ	ဂန့်ဂေါ
၈၀	မယုဝတီနိုင်	အထက-ဂန့်ဂေါ	ဂန့်ဂေါ	ဂန့်ဂေါ
၈၁	မောင်ကောင်းမြတ်	စံဟိန်း(ကပက)	မဟာအောင်မြေ	မန္တလေး
၈၂	မောင်အောင်နိုင်သန့်	နန်းတော်ရှေ့ (ကပက)	အောင်မြေသာစံ	မန္တလေး
၈၃	မအိမ့်မှူးခင်	မျိုးညွှန့်(ကပက)	ချမ်းအေးသာစံ	မန္တလေး
၈၄	မစောယွန်းသီရိစံ	VEC(ကပက)	ချမ်းမြသာစည်	မန္တလေး
၈၅	မောင်ဇေလင်းထက်	စာပန်းအိမ် (ကပက)	ပြင်ဦးလွင်	ပြင်ဦးလွင်
၈၆	မထက်နန္ဒာလင်း	စာပန်းအိမ် (ကပက)	ပြင်ဦးလွင်	ပြင်ဦးလွင်
၈၇	မောင်ထူးဝေအောင်	အထက-စဉ်ကိုင်	စဉ်ကိုင်	ကျောက်ဆည်
၈၈	မထက်ထက်ထွန်း	ယူနတီ(ကပက)	ကျောက်ဆည်	ကျောက်ဆည်
၈၉	မောင်ရဲရင့်မင်းထက်	Scholar(ကပက)	မိတ္ထီလာ	မိတ္ထီလာ
၉၀	မမြတ်မိုးသူ	Scholar(ကပက)	မိတ္ထီလာ	မိတ္ထီလာ
၉၁	မောင်ပြည့်ဖြိုးမောင်	အထက(၁)	မြင်းခြံ	မြင်းခြံ
၉၂	မဖူးဝေသျှန်	အထက(၁)	မြင်းခြံ	မြင်းခြံ
၉၃	မောင်ဖြိုးမောင်မောင်	IDEA(ကပက)	ကျောက်ပန်းတောင်း	ညောင်ဦး
၉၄	မမြင့်မိုရ်ဖူး	IDEA(ကပက)	ကျောက်ပန်းတောင်း	ညောင်ဦး
၉၅	မောင်ရန်လင်းအောင်	ဟိန်း(ကပက)	ရမည်းသင်း	ရမည်းသင်း
၉၆	မဖူးပြည့်ကိုကို	အထက(၂)ပန်းစုံ	ပျော်ဘွယ်	ရမည်းသင်း
၉၇	မောင်ကောင်းမြတ်သူ	အထက(၂)သထုံ	သထုံ	သထုံ
၈၁	မောင်ချစ်စန်းမောင်	စံဟိန်း(ကပက)	မဟာအောင်မြေ	မန္တလေး
၈၂	မောင်ကောင်းထက်နိုင်	မျိုးညွှန့်(ကပက)	ချမ်းအေးသာစံ	မန္တလေး
၈၃	မဟန်နီလာဦး	မင်းမြန်မာ(ကပက)	အောင်မြေသာစံ	မန္တလေး
၈၄	မမြင့်မြင့်ကြည်	CAE(ကပက)	ချမ်းအေးသာစံ	မန္တလေး
၈၅	မောင်ကျော်မင်းသွေး	စာပန်းအိမ် (ကပက)	ပြင်ဦးလွင်	ပြင်ဦးလွင်
၈၆	မနန်းသီရိန္တယ်	စာပန်းအိမ် (ကပက)	ပြင်ဦးလွင်	ပြင်ဦးလွင်
၈၇	မောင်ထက်ယံ	ရွှေပညာသစ်(ကပက)	စဉ်ကိုင်	ကျောက်ဆည်
၈၈	မဇူလိုင်မိုး	ယူနတီ(ကပက)	ကျောက်ဆည်	ကျောက်ဆည်
၈၉	မောင်မင်းကောင်းသန့်	သမာဓိ (ကပက)	မိတ္ထီလာ	မိတ္ထီလာ
၉၀	မငြိမ်းရှင်းသန့်မင်းနိုင်	သမာဓိ (ကပက)	မိတ္ထီလာ	မိတ္ထီလာ
၉၁	မောင်ခန့်ဇင်ဟိန်း	အထက(၁)	မြင်းခြံ	မြင်းခြံ
၉၂	မဖွေးဖွေး	အထက(၄)	မြင်းခြံ	မြင်းခြံ
၉၃	မောင်ဇော်မျိုးသက်	IDEA(ကပက)	ကျောက်ပန်းတောင်း	ညောင်ဦး
၉၄	မရှင်ဘုန်းသန့်	IDEA(ကပက)	ကျောက်ပန်းတောင်း	ညောင်ဦး
၉၅	မောင်ကောင်းဆက်ထွန်းလင်း	အထက(၁)	ပျော်ဘွယ်	ရမည်းသင်း
၉၆	မရွှန်းလွဲနဒီဦး	အထက(၁)	ပျော်ဘွယ်	ရမည်းသင်း
၉၇	မောင်ကျော်ဘုန်းဆက်အောင်	အထက(၂)သထုံ	သထုံ	သထုံ

(ဆက်လက်ဖော်ပြပါမည်)

အခြေခံပညာဦးစီးဌာန၊ ၂၀၂၀ ပြည့်နှစ်၊ ဒသမတန်းလူရည်ချွန်စာရင်း

စဉ်	အမည်	ကျောင်း	မြို့နယ်	ခရိုင်
၆၆	မချိုကြည်သာသင်း	အထက-အောင်ဆန်း	ပြည်	ပြည်
၆၇	မောင်မောင်မောင်သွင်	အထက(၁)ရေနံချောင်း	ရေနံချောင်း	မကွေး
၆၈	မောင်ဉာဏ်လင်းထွန့်	ဒီဝေလျှံ(ကပက)	မကွေး	မကွေး
၆၉	မရွှန်းစန္ဒီပြည့်	ဒီဝေလျှံ(ကပက)	မကွေး	မကွေး
၇၀	မခင်ရတီသွင်	အထက(၁)ရေနံချောင်း	ရေနံချောင်း	မကွေး
၇၁	မောင်ရဲလွင်	ပညာအလင်းရောင်(ကပက)	မင်းဘူး	မင်းဘူး
၇၂	မခင်သံသာ	အထက(၂)မင်းဘူး	မင်းဘူး	မင်းဘူး
၇၃	မောင်မင်းခန့်သွေး	အထက-ရွာထောင်	အောင်လံ	သရက်
၇၄	မောင်သန့်ဇင်	အထက-ချောင်းကောက်	ဆင်ပေါင်ဝဲ	သရက်
၇၅	မခိုင်ရွှေရည်သင်း	အထက-မလွန်	မင်းလှ	သရက်
၇၆	မဂျူဇင်သက်	အထက-ကံမ	ကံမ	သရက်
၇၇	မောင်အောင်သက်ခိုင်	ကောင်းချွန်(ကပက)	ဆိပ်ဖြူ	ပခုက္ကူ
၇၈	မယမင်းခင်	ကောင်းချွန်(ကပက)	ဆိပ်ဖြူ	ပခုက္ကူ
၇၉	မောင်ဟိန်းထက်ကျော်	အထက-လောင်းရှည်	ဆော	ဂန့်ဂေါ
၈၀	မထက်ထက်ပိုင်	အထက-ဂန့်ဂေါ	ဂန့်ဂေါ	ဂန့်ဂေါ
၈၁	မဝေမဝေ	အထက-မင်းလှ	မင်းလှ	သရက်
၈၂	မောင်ကျော်ဇင်ထွန်း	အထက-ကျီတော	ပွင့်ဖြူ	မင်းဘူး
၈၃	မသီတာမြတ်ခိုင်	ပညာအလင်းရောင်(ကပက)	မင်းဘူး	မင်းဘူး
၈၄	မောင်ကိုကိုထွန်း	ကောင်းချွန်(ကပက)	ဆိပ်ဖြူ	ပခုက္ကူ
၈၅	မောင်ကိုကိုထွန်း	ကောင်းချွန်(ကပက)	ဆိပ်ဖြူ	ပခုက္ကူ
၈၆	မသီတာ	ကောင်းချွန်(ကပက)	ဆိပ်ဖြူ	ပခုက္ကူ
၈၇	မသီတာ	ကောင်းချွန်(ကပက)	ဆိပ်ဖြူ	ပခုက္ကူ
၈၈	မသီတာ	ကောင်းချွန်(ကပက)	ဆိပ်ဖြူ	ပခုက္ကူ
၈၉	မသီတာ	ကောင်းချွန်(ကပက)	ဆိပ်ဖြူ	ပခုက္ကူ
၉၀	မသီတာ	ကောင်းချွန်(ကပက)	ဆိပ်ဖြူ	ပခုက္ကူ
၉၁	မသီတာ	ကောင်းချွန်(ကပက)	ဆိပ်ဖြူ	ပခုက္ကူ
၉၂	မသီတာ	ကောင်းချွန်(ကပက)	ဆိပ်ဖြူ	ပခုက္ကူ
၉၃	မသီတာ	ကောင်းချွန်(ကပက)	ဆိပ်ဖြူ	ပခုက္ကူ
၉၄	မသီတာ	ကောင်းချွန်(ကပက)	ဆိပ်ဖြူ	ပခုက္ကူ
၉၅	မသီတာ	ကောင်းချွန်(ကပက)	ဆိပ်ဖြူ	ပခုက္ကူ
၉၆	မသီတာ	ကောင်းချွန်(ကပက)	ဆိပ်ဖြူ	ပခုက္ကူ
၉၇	မသီတာ	ကောင်းချွန်(ကပက)	ဆိပ်ဖြူ	ပခုက္ကူ

Ministry of Planning, Finance and Industry

Internal Revenue Department

Announcement on introduction of Self-Assessment System in Medium Taxpayers' Office (2)

1. Internal Revenue Department, with a vision to become a modern organization that acts with integrity and is internationally recognized as a highly effective tax administration, has been implementing its tax reforms that are strategically in line with Myanmar Sustainable Development Plan (MSDP). As part of our tax reform program, transforming to Self Assessment System (SAS) from Official Assessment System (OAS) is regarded as one of the most important reform projects.
2. As the first phase, Large Taxpayers' Office was established in 2014–2015 fiscal year and transformed to SAS system with around 500 taxpayers as a pilot project. Building on the achievements of LTO pilot project, SAS system was then extended to Medium Taxpayers' Office –1 (MTO–1) in 2017–2018 fiscal year while managing over 700 taxpayers. As of January 31, 2020, LTO and MTO–1 offices extend their SAS taxpayers to 946 and 1847 respectively. As the third phase comes, Internal Revenue Department would like to announce that the taxpayers currently managed by Medium Taxpayers' Office – 2 (MTO–2) will be introduced and switched to Self Assessment System from Official Assessment System starting from October 1, 2020.
3. Internal Revenue Department will duly communicate with the taxpayers to make sure that information on the benefits, obligations and requirements of Self Assessment System are delivered to the taxpayers in a timely manner.
4. If you have any question relating to SAS expansion reform project, please feel free to contact Director, Tax Reform Directorate, Internal Revenue Department, Office No. (46), Nay Pyi Taw through the phone number 067 3430533.

(Min Htut)
Director General
Internal Revenue Department

ကန့်ကွက်နိုင်ပါကြောင်း

ဦးအောင်ကြီး(ဒေါ်ခင်ညိုညို) ၁၂/တကန(နိုင်)၀၀၅၀၃ဖဒ ( ) ( ) ( )

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1I/2523 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)
အင်းစိန်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5G/6658 Honda Acty HA 6 P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူသက်လွင် ၁၂/မရက(နိုင်)၁၅၄၂၁၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7C/7871 NISSAN PRIMERA TP12 SALOON ယာဉ်လက်ဝယ်ရှိသူ ဦးဝိနယ ၁၂/ဥကမ(သ)၀၀၁၈၈၃၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)
ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4K/4177 Toyota Dyna XZ 4 410, Light Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းမြင့် ၁၂/လမန(နိုင်)၁၆၀၇၅၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန

တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7K/8608 Mitsubishi Canter FB 70AB Van (4x2) ယာဉ်လက်ဝယ်ရှိသူ LLUVIA Limited က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)
ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 7G/8663 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မြင့်ခိုင် ၉/မမန(နိုင်)၀၃၅၅၁၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ပြင်ဦးလွင်)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 4B/1479 ယာဉ်လက်ဝယ်ရှိသူ ဦးကြည်တိုးဦး(ခ) စံဝတီ ၉/မမန(နိုင်)၀၃၇၁၂၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ပြင်ဦးလွင်)

တိုက်ခန်းအရောင်းအဝယ်ကန့်ကွက်နိုင်ကြောင်းကြေညာလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ သပြေညီလမ်း၊ အမှတ်(၆)၊ (၅) လွှာ (4F) ရှိ ရေမီးအစုံ အခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ရှင်ဖြစ်သူ ဒေါ်စွဲလန်းဆိုင် ၁/ပတအ(နိုင်)၀၃၀၃၆၈ ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေကစရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စန်းစန်းမော် (LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၆၆)
အမှတ် (၄၅၈)၊ သုမာလာ(၁)လမ်း၊ (၂) ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၉၇၂၇၇၀၉၀၉၊ ၀၉-၂၅၄၄၉၂၄၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၅)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ မြေကွက်အမှတ် (၁၂၈၃)၊ အကျယ်အဝန်း (၄၀x၆၀) ပေရှိ ဦးကျင်ရွှေ (K/RGN.၀၂၅၅၀၃) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းဖြင့် ပြောဆိုဝန်ခံသူ ဦးကြည်လှိုင် ၁၂/သဃက(နိုင်)၀၃၇၄၉၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်သိန်း ၁၂/ဒဂတ(နိုင်)၀၇၀၀၄၄ ကအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ၅ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးအောင်ဧယျ (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၄၅)
အမှတ်-B ၆၊ အခန်း(၄၀၁)၊ မင်းခမူလမ်း၊ (၃) ရပ်ကွက်၊ ရွှေကမ္ဘာအိမ်ရာ၊ မရမ်းကုန်း
မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၇၇၈၃၅၁၆

လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားအတွက်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်း၊ ရွှေဂုံတိုင်လမ်း၊ အခန်း(၄၀၂)၊ တိုက်(စီ)၊ Delta Plaza တွင် ဖွင့်လှစ်တည်ထောင်ထားသော BUSINESS DOCTORS MYANMAR (The Business Gurus) ၏ လွှဲအပ်ညွှန်ကြားချက်အရ ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားနှင့် ပတ်သက်၍ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

BUSINESS® DOCTORS MYANMAR
The Business Gurus

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားအား BUSINESS DOCTORS MYANMAR (The Business Gurus) ၏တစ်ဦးတည်းမူပိုင်အဖြစ် တရားဝင်သုံးစွဲလိုသူများ ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးရှိ စာချုပ်အမှတ် (၄/၁ဂုဝဖ) ဖြင့် ၃-၂-၂၀၂၀ ရက်တွင် တရားဝင် မှတ်ပုံတင်ထားရှိပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေလုပ်ငန်း၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ အထက်ပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ တုပခြင်း၊ သုံးစွဲခြင်းမပြုလုပ်ကြရန်နှင့် အကယ်၍ လိုက်နာဆောင်ရွက်ခြင်း မရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဦးထက်မြက်ဦး ၁၂/ဒဂတ(နိုင်)၀၂၅၀၀၆ ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်ဦးဦး (LL.B,D.B.L,D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၃၁)
အမှတ်-၂အေ/ဂုဝ၆၃၊ မှဒီတာအိမ်ရာ (၂)၊
ပေါက်တောဝ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၄၈၀၀၆ဝ၆ဂ၅

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၅) ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် (၃၈၈)၊ ပထမထပ်၊ အကျယ်အဝန်းပေ (၂၀x၅၀) ရှိသော တိုက်ခန်းကို အစဉ်အဆက်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ ဒေါ်ခင်စန်းဝင်း ၁၂/ကတတ(နိုင်)၀၂၅၃၄၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးအောင် ၁၂/လသန(နိုင်)၀၂၀၆၈၀ သည်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့် တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သင်းယုနွယ် (LL.B)၊ အထက်တန်းရှေ့နေ (စဉ်-၂၄၃၈၅)
အမှတ်(၄၄၄)၊ F-3၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၄၃၂၀ဖ၂၄၄

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်နန်းဆွေဟန် ၂/လကန(နိုင်)၀၇၄၈၂ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၇၃၇၆၇၈၃

အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

လွှိုင်ကော်မြို့၊ နာနတ်တောရပ်ကွက်၊ တ/စဃုနေ ဦးဝင်းနိုင်၏သား မောင်ဟိန်းကို ၏အမည်မှန်မှာ မောင်ဟိန်းကိုကို ဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၂-၅-၁၉၃၆ ဖြစ်ပါကြောင်း။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး၃၂ပဒေအမိန့်-၅)၊ နည်း၃ပဒေ-၂၀)
တောင်ကြီးမြို့နယ်တရားရုံးတော်၌
၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၂

ဦးဝင်းမြင့် နှင့် ဦးကံညွှန့်
တရားလို **တရားပြိုင်**

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ နယ်မြေ(၃)၊ မြေကွက်အမှတ်(၂၈)နေ ဦးကံညွှန့်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဝင်းမြင့်က မှတ်ပုံတင်အိမ်မြေအရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်း မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် မတ် ၁၁ ရက် (၁၃၈၁ ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက်) နံနက် ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအဖိုပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခိုင်ခိုင်မိုး)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
တောင်ကြီးမြို့နယ်တရားရုံး

5J/3026 Pickup အမျိုးအစား Hi Jet မော်တော်ယာဉ် U T Family Co.,Ltd အမည်ပေါက်မော်တော်ယာဉ်နှင့် ပတ်သက်၍အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ကျော်အောင် ၁၄/အဂပ(နိုင်)၁၆၁၆၆၇ ရွှေပြည်သာမြို့နယ်၊ တိုက်(၁၁)၊ အခန်း(၀၀၅)၊ ပုလဲရိပ်မွန်အိမ်ရာ၏ လွှဲအပ်ညွှန်ကြားချက်အရ U T Family Co.,Ltd အမည်ပေါက် 5J/3026 Hi jet မော်တော်ယာဉ်ဒုံနှာဘုတ် ပိုင်ဆိုင်မှု စာရွက်စာတမ်းလက်ဝယ်ရှိသူနှင့်တကွ အများသိစေရန်ကြေညာအပ်သည်မှာ-

ကျွန်ုပ်မိတ်ဆွေသည်အဆိုပါ 5J/3026 Hi Jet မော်တော်ယာဉ်အား ယခင်ကဒေါ်အိအိဇင် ၁၂/အစန(နိုင်)၀၆၂၉၀၄ထံမှ ၄ားရမ်းအသုံးပြုနေစဉ်အဆိုပါ မော်တော်ယာဉ်အား ဒေါ်အိအိဇင်မှ အရစ်ကျဝယ်ယူရန်ကမ်းလှမ်းပြောဆိုမှုကြောင့် ၆-၄-၂၀၁၉ရက်တွင် ကားတန်ဖိုးငွေ(၈၅)သိန်းအနက်ကျပ်သိန်း(၃၀)အားလည်းကောင်း၊ ကျန်ငွေကိုလစဉ်ကျပ်(၅)သိန်းနှုန်းဖြင့် ၂၀၁၉ မေလမှ ၂၀၂၀ ဖေဖော်ဝါရီ ၁စရက်အထိ အပြီးအကျေပေးချေပြီး မော်တော်ယာဉ်အား လက်ရှိထားပိုင်ဆိုင်ခံစားလျက်ရှိပါသည်။

သို့သော်မော်တော်ယာဉ်အား အပြီးအကျေငွေချေပြီးသော်လည်း မော်တော်ယာဉ် ပိုင်ဆိုင်မှုစာရွက်စာတမ်းများကို ဒေါ်အိအိဇင်မှလက်ရောက်ပေးအပ်နိုင်ခြင်းမရှိပါ သောကြောင့် ကျွန်ုပ်ရှိသောကိစ္စရပ်များကိုဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါ သောကြောင့် အဆိုပါ 5J/3026 Hi Jet မော်တော်ယာဉ်ပိုင်ဆိုင်မှုစာရွက်စာတမ်းရှိသူ မည်သူမဆိုဤကြော်ငြာပါသည့်ရက်မှစ၍ ခိုင်လုံသောအထောက်အထားတစ်စုံတစ်ရာ ဖြင့် ခုနစ်ရက်အတွင်းအကြောင်းကြားဆောင်ရွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်ပါကဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရှေ့နေများနားနေခန်း
စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊
ဖုန်း-၀၉-၈၉၅၅၀၃၃၃၅

လွှဲအပ်ညွှန်ကြားချက်အရ-
စည်သူအုံ့ဘွယ်(LL.B)
တရားလွှတ်တော်ရှေ့နေ(Advocate)
(စဉ်-၈၄၅၃)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ ဦးဖီးလမ်း၊ အမှတ် (၁၇)ဟုခေါ်တွင်သော ကန်ထရိုက်တိုက်အဆောက်အအုံမှ ပထမထပ် (ခြေရင်းခန်း)တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့် ပူးတွဲဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စိမ်းဝါဆို ၁၂/စခန(နိုင်)၀၆၆ခ၁၂ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဒေါ်ခိုင်ခိုင်ထွန်း (LL.B,DIPL)
အထက်တန်းရှေ့နေ (စဉ်-၄၆၉၆၄)
အမှတ် (၂၇/၂၉)၊ ဒုတိယထပ်၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၆၉၇၃၃၃၅၅

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ (၁၁၈) ရပ်ကွက်၊ အမှတ် (၂၇၁)၇ရန်အမည်ပေါက် ဒေါ်စိုးစိုးဝင်း ၁၂/ကမရ(နိုင်)၀၃၂၀၅၅၉ ပေ (၄၀x၆၀) မြေကွက် အိမ်ပါ၊ အဆက်ဆက်စာချုပ်ဖြင့် ဝယ်ယူရန် ဦးစိုးဝင်း ၁၂/ဥကမ(နိုင်)၁၄၀၅၅၃ ထံမှ ဦးမင်းအုန်းမောင် ၁၀/ခဆန(နိုင်)၀၄၃၆၃၉၉သည် စရန်ချထားပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားစုံလင်စွာဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးမင်းအုန်းမောင်
၁၀/ခဆန(နိုင်)၀၄၃၆၃၉
အမှတ် ၁၀၈၊ သိပ္ပံမောင်ဝလမ်း၊ ၄၂ ရပ်ကွက်
ဖုန်း-၀၉-၄၀၂ဖြ၉၇၇၉၄၊ ၀၉-၂ဖ၃၁၁၈၅၅ဂ၇၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံ/တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၅)၊ မြေကွက်အမှတ် (၈၇၂)၊ မြေကွက်တည်နေရာအမှတ်-(၈၇၂)၊ ချမ်းမြသာစည်လမ်း၊ ၁၀၅-ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ဦးတင်ဖေ (W/RGN-၀၁၇၇၆၇) ၁၂/သဃက(နိုင်)၀၇၁၇၉၂ အမည်ပေါက်ပါမစ်မြေအား ပါမစ်အမည်ပေါက်ဦးတင်ဖေထံမှ အရောင်းစာချုပ် (အရပ်ကတိ) (၁၂-၁၀-၂၀၁၂)ဖြင့် ဝယ်ယူထားသူ ဒေါ်ဝေမာလှိုင် ၁၂/ဥကတ(နိုင်)၁၅ခစ၃၂မှ ပါမစ်မစုံ(အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့်မိခိုသူများစာရင်း ပါဝင်ခြင်းမရှိ၊ မှတ်ပုံတင်ထားခြင်းမရှိ)နှင့်အရပ်ကတိအရောင်းအဝယ်စာချုပ်တင်ပြ၍ ဂရန်သစ်လျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ၊ မြေပြင်တွင်သွပ်မိုးပျဉ်ကာအဆောက်အအုံ (၂)လုံးရှိပြီး အိမ်ဦးများနေထိုင်ကြောင်းတွေ့ရှိရပါသဖြင့် နှစ်(၆၀) မြေဦးစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

